# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၉၃)


# အရှေ့တောင်အာရှနှင့်ကမ္ဘာတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ထိန်းသိမ်းရေး၌ နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုရေးဆွေးနွေး




ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးတက်ရောက်စဉ်

**ဗီယင်ကျန်း ဇူလိုင် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲတို့သို့ တက်ရောက်သည်။

အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေးကို ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ယင်းအစည်းအဝေးတွင် SEANWFZ Treaty (အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာစာချုပ်) (၂၀၁၃-၂၀၁၇)ကို အကောင်အထည်ဖော်မည့် Plan of Action (POA)ကို အကောင်အထည်ဖော်ရာ၌ တိုးတက်မှုများအား ပြန်လည်သုံးသပ်ခြင်းနှင့် လက်နက်ဖျက်သိမ်းရေးနှင့် လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် လက်နက်များ မပြန့်ပွားရေးဆိုင်ရာ နိုင်ငံတကာသဘောတူချက်စာချုပ်များကို အတည်ပြုလက်မှတ်ထိုးရေးအပါအဝင် အဆိုပါ POA ကို ထိရောက်စွာ အကောင်အထည်ဖော်ရေး၏ အရေးပါမှု၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် ဒေသအတွင်းနှင့် နိုင်ငံတကာရှိ အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးဆိုင်ရာများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အရှေ့တောင်အာရှနှင့် ကမ္ဘာတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ထိန်းသိမ်းရေး၌ နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


## တရုတ်၌ မိုးသည်းထန်မှုကြောင့် လူပေါင်း ၁၆ သန်း နေအိမ်စွန့်ခွာ


စာမျက်နှာ - ၁၀


## ကုလအကြီးအကဲရာထူးနေရာ အသစ်အတွက် လုံခြုံရေးကောင်စီ ပထမအကြိမ် လျှို့ဝှက်စစ်တမ်းကောက်ယူခဲ့


စာမျက်နှာ - ၁၁





မြန်မာ့အလင်း

# ဟစ်ပီ၊ ကင်ချီ၊ တော့ပုကီနှင့် မြန်မာ့ယဉ်ကျေးမှုနှုန်းစံ တန်ဖိုးများ

၁၉၆၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်းမှ လူငယ်အချို့၏ လှုပ်ရှားမှုတစ်ခုက ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများဆီသို့ ပျံ့နှံ့သွားခဲ့သည်။ ၎င်းတို့၏ လှုပ်ရှားမှုကို "ဟစ်ပီ" ဟု အမည်ပေးထားပြီး ရှိရင်းစွဲယဉ်ကျေးမှုဆိုင်ရာ နှုန်းစံများကို ပြက်ရယ်ပြုကာ သရုပ်ပျက်ယဉ်ကျေးမှုကို ထူထောင်ကြသည်။ စိတ်တူကိုယ်တူ ၎င်းတို့အချင်းချင်း စုစည်းကာ ဟစ်ပီ လူမှုအသိုက်အဝန်းများကို ထူထောင်ကြသည်။ ဟစ်ပီတေးဂီတကို နားထောင်ကြပြီး လိင်မှုဆိုင်ရာ တော်လှန်ရေးကို ဆင်နွှဲကြသည်။ မူးယစ်ဆေးဝါးမျိုးစုံကိုလည်း သုံးစွဲကြသည်။

ဟစ်ပီတို့၏ အတွေးအခေါ်များထဲမှာ အရှေ့တိုင်းမှ ဒဿနများလည်း ရောထွေးနေသည်။ သူတို့သည် သက်သတ်လွတ်စားလေ့ရှိသူများ၊ နျူကလီးယားလက်နက်ဆန့်ကျင်သူများ၊ ထိုခေတ်က ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်သူများလည်း ဖြစ်ကြသည်။ သူတို့၏ဖက်ရှင်မှာ ဆံပင်၊ မုတ်ဆိတ်ရှည်များ၊ လည်ပင်းတွင်ဆွဲထားသော ပုတီးကုံးများ၊ အကျီဘောင်းဘီဖားလျားတို့က ဟိန္ဒူဆာဒူးကြီးများထံမှ ကူးယူထားသော ဝတ်စားဆင်ယင်မှုများဖြစ်ကြသည်။

ထိုခေတ်ဟစ်ပီယဉ်ကျေးမှုက မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲ အရှေ့တောင်အာရှနိုင်ငံဆီသို့လည်း ကူးစက်ခဲ့သည်။ ထိုခေတ် မြန်မာလူငယ်အချို့အတွင်း ကျောလယ်ခန့်ထိရှည်လျားသော ဆံပင်ကိုထား၍ ဆံရှည်ကိုယ်တော်ဟူသော ဘွဲ့ကိုခံကာ ဆေးခြောက်နှင့် ဘိန်း၊ ကုတ်ကင်း စသော မူးယစ်ဆေးဝါးများကိုသုံးကြပြီး ဂစ်တာတဒေါင်ဒေါင်တီးကာ ညဉ့်နက်နက်တွင် ရပ်ကွက်ကိုအိပ်ရေးပျက်စေခဲ့ဖူးသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံသို့ ရုပ်မြင်သံကြားမရောက်သေး။ ဆက်သွယ်ရေးနည်းပညာမှာလည်း တယ်လီဖုန်း(ကြိုးဖြင့်)၊ ကြေးနန်းတို့သာရှိပြီး လူတိုင်းမသုံးနိုင်သေး။ ရီကော်ဒါကဲ့သို့သော ဖျော်ဖြေရေးကိရိယာမျိုးမှာလည်း ငွေကြေးချမ်းသာသူများသာ သုံးစွဲနိုင်သည့် ဇိမ်ခံပစ္စည်းအဖြစ်သာ ရှိနေခဲ့ရာ ဟစ်ပီယဉ်ကျေးမှုမှာ ပိုက်ဆံရှိလူချမ်းသာအသိုင်းအဝိုင်းနှင့် ယင်းမှတစ်ဆင့် ကူးစက်ခဲ့သူ လူငယ်အချို့တွင်သာ ရှိခဲ့ခြင်းဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံသို့ ရုပ်မြင်သံကြားစက်များနှင့် ဗီဒီယိုပြစက်များ ဝင်ရောက်လာပြီး နိုင်ငံတကာမှယဉ်ကျေးမှုများကို ပို၍မြင်တွေ့ခွင့်ရလာခဲ့သည်။ အနောက်တိုင်းနှင့် အရှေ့တိုင်းတို့မှ ရုပ်သံဇာတ်လမ်းတွဲများသည် ညစာစားပြီးချိန် မြန်မာပရိသတ်တို့ စွဲစွဲလမ်းလမ်းကြည့်ရှုခံစားကြသည့် ဖျော်ဖြေရေးများဖြစ်လာသည်။ သည်အထဲမှာ ကိုရီးယားဇာတ်လမ်းတွဲများကို အစွဲဆုံးဖြစ်ကာ ကိုရီးယားလှိုင်း၏ ရိုက်ခတ်မှုကို အခံစားရဆုံးဖြစ်ခဲ့သည်။ ပဲခေါက်ဆွဲ၊ ကင်ချီ၊ တော့ပုကီ စသော ကိုရီးယားရိုးရာအစားအစာမျိုးကိုပင် မြန်မာတို့ စားသောက်လာကြသည်။ အဆိုးဆုံးက ဇာတ်လမ်းတွဲများထဲတွင် ပါတတ်သည့် လူမှုရေးအပြုအမူများပါ မြန်မာလူမှုအသိုင်းအဝိုင်း၌ ရောင်ပြန်ဟပ်နေပြီလားဟု ယူဆစရာများ ရှိလာခြင်းပင်ဖြစ်သည်။

လက်ရှိအခြေအနေတွင်မူ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲမှု၊ အင်တာနက်နှင့် လူမှုကွန်ရက်အသုံးပြုမှုများ သန်းနှင့်ချီ၍ တိုးပွားလာနေပြီး ယင်းတို့ထဲတွင် လူငယ်လူရွယ်အများစု ပါဝင်လျက်ရှိသည်။ လူထုဆက်သွယ်ရေးနည်းပညာ တိုးတက်လာမှုက ကောင်းကျိုးနှင့်အတူ ခြိမ်းခြောက်မှုအန္တရာယ်များလည်း ပါလာခဲ့ရာ မြန်မာ့လူမှုအသိုင်းအဝိုင်းမှ လူငယ်လူရွယ်များ၊ မိန်းကလေးများအတွင်း ယဉ်ကျေးမှု၊ အကျင့်စာရိတ္တ၊ ကိုယ်ကျင့်တရား စသည်တို့မပျက်စီးစေရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်လာပြီဖြစ်သည့်အလျောက် အနယ်နယ်အရပ်ရပ်၊ အထူးသဖြင့် ကျောင်းများတွင် ကွင်းဆင်းအသိပညာပေးမှုများ ဆောင်ရွက်နေရပြီဖြစ်သည်။

လူငယ်တို့၏သဘာဝမှာ အသစ်အဆန်းကိုရှာဖွေကာ လက်ခံကျင့်သုံးတတ်သည်။ သူ့ထက်ငါဦးအောင် ထူးချွင်တတ်ကြသည့်အလျောက် ထိုယဉ်ကျေးမှုအသစ်တို့ကို ခံယူကူးစက်တတ်ကြသည်။ တိုင်းတစ်ပါးမှ မလိုလားအပ်သော ယဉ်ကျေးမှုနှုန်းစံများကို လူငယ်တို့အတွင်း ပျံ့နှံ့မှုမရှိစေရန် တားဆီးဖို့လိုအပ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို လူငယ်များပိုမိုနားလည် သိမြင်လာရေး၊ မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု နှုန်းစံများကို ခေတ်နှင့်အညီ မြှင့်တင်ရေးတို့ကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။



လှကြွယ်

# စိုင်ဒီကျေးရွာ၌ ပညာအလင်းစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုင်ဒီကျေးရွာ ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ တတိယပတ်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ခင်ရီက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လွင်က စာကြည့်တိုက် ဆောက်လုပ်မှုနှင့်ပတ်သက်၍လည်းကောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ရပ်မိရပ်ဖ ဦးစိန်မောင်က ရွာတွင် ကရင်တိုင်းရင်းသားအများစု နေထိုင်ကြကြောင်း၊ စာပေဖတ်ရှုရန် အခက်အခဲများရှိခဲ့သော်လည်း ယခုကဲ့သို့ စာကြည့်တိုက်လေးရှိလာ၍ ဝမ်းသာပီတိဖြစ်ရကြောင်း ပြောကြားသည်။

လှကြွယ်

ထင်သာမြင်သာပြုပြင်စရာ

# ဆွေးမြည့်နေသည့် တယ်လီဖုန်းကြိုး သံတိုင်ကြောင့် လမ်းပေါ်ကျမည်ကို ခရီးသွားများစိုးရိမ်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ တယ်လီဖုန်းကြိုးသံတိုင်သည် လမ်းမဘက်သို့ ယိမ်းယိုင်နေပြီး ထိန်းကြိုးနှစ်ချောင်းမှာလည်း လျော့ရဲမှုဖြစ်လျက်ရှိသည့်အပြင် သံချေးများစား၍ အပေါ်ပိုင်းပါးလွှာနေသဖြင့် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် လမ်းမပေါ်ကျမည်ကို စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ဒီသံတိုင်က အရင်ကတယ်လီဖုန်းကြိုးအတွက်သွယ်တန်းထားတာပါ။ အခုဘာမှမသုံးတော့ဘူး။ လေတိုက်ရင် ယိမ်းနေတော့ ခရီးသွားတွေအတွက် အန္တရာယ်ရှိတယ်"ဟု အနီးရှိ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးကပြောသည်။

အဆိုပါ အန္တရာယ်ရှိသံတိုင်သည် အမြင့်ပေ ၄၀ နီးပါးရှိကာ ဒလ-တွံတေးကားလမ်းဘေးတွင်ရှိပြီး စာသင်ကျောင်းနှင့်လည်းနီးသဖြင့် ခရီးသွားများနှင့်ကျောင်းသား ကျောင်းသူများအတွက် အချိန်မရွေးအန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်းလည်း သိရသည်။



မောင်ယဉ်ဦး(ဒလ)

# မြစိမ်းရောင်စီမံကိန်းကွင်းဆင်းဆောင်ရွက်

ရမ်းဗြဲ ဇူလိုင် ၂၃

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကျေးရွာများဖြစ်သော အဝတောင်၊ တိန်ပြင်၊ သင်းပေါင်းချောင်း၊ သပြေကျွန်း၊ သလူဖြိန်၊ မော်ရုံနှင့် င/--- ညိုကိုင်းကျေးရွာများသို့ ကျေးလက်မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းနှင့်ဝန်ထမ်းများ ဇူလိုင်လတတိယပတ်ကသွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွာသူရွာသားများ၏မေးမြန်းချက်များကို မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို အဆင့်ဆင့်ရွေးချယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၅၇)

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

စစ်ကွင်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း သာယာဝတီခရိုင် စစ်ကွင်းမြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများလျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် စာနီစုအုပ်စု တာကလေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က မြို့နယ်လျှပ်စစ်မှူး ဦးဝင်းဗိုလ် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မီးလင်းရေးကော်မတီအဖွဲ့ဝင်များနှင့် ရွာသူရွာသား စုစုပေါင်း ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား ပြည်သူများလျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၀၅၅)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၃-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၀.၄ |
| စင်္ကာပူ | တစ်ဒေါ်လာ | ၈၆၉.၆၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၇ |
| တရုတ် | တစ်ယွမ် | ၁၇၆.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၄၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❑ ရှေ့စာမျက်နှာမှ

ထို့ပြင် SEANWFZ Treaty အတည်ပြု လက်မှတ်ထိုးရေးနှင့် သက်ဆိုင်သည့် ပြဿနာအားလုံးကို ဖြေရှင်းရန်၊ SEANWFZ Treaty နှင့် နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် အဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိကြိုးပမ်းအားထုတ်မှုများနှင့်အညီ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် SEANWFZ EXCOM (အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ဇုန်ဆိုင်ရာ စာချုပ်၏ အလုပ်အမှုဆောင်ကော်မတီ) နှင့် ၎င်း၏အထူးလုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်ရန် သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ တက်ရောက်စဉ်

ယင်းအစည်းအဝေးတွင် တက်ရောက်လာသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက မသန်မစွမ်းသူများ၏ အခွင့်အရေးနှင့် လူကုန်ကူးမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများနှင့် ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ အာဆီယံအဖွဲ့အစည်းများနှင့် ကဏ္ဍစုံအသင်းအဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO)အပါအဝင် အခြားသော ပြင်ပအဖွဲ့အစည်းများအကြား အပြန်အလှန် သွားရောက်လည်ပတ်မှုနှင့် အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း (AHRD)အား အကောင်အထည်ဖော်မှု အပါအဝင် ယမန်နှစ်က လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ရာတွင် တိုးတက်အောင်မြင်မှုများနှင့် ပတ်သက်၍ အဆိုပါကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သော မစ္စတာ ဖူခေါင်ဆီဆူလတ်သ် တင်သွင်းသည့် အစီရင်ခံစာအပေါ် မှတ်ချက်ပြုခဲ့ကြသည်။

တက်ရောက်လာသည့် ဝန်ကြီးများက ယမန်နှစ်က AICHR (လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင်)၏ လုပ်ငန်းဆောင်ရွက်ချက်များမှာ အာဆီယံဒေသအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ခြင်းအပါအဝင် လူ့အခွင့်အရေးများ ကာကွယ်မြှင့်တင်ခြင်းမှသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး လုပ်ငန်းစဉ်အား အထောက်အကူပြုခဲ့သဖြင့် တိုးတက်မှုများစွာရှိကြောင်း ချီးကျူးထောပနာပြုခဲ့ကြသည်။

ထို့အပြင် AICHR ၏ လက်ရှိလုပ်ငန်းများနှင့်အညီ AICHR ၏ ဦးစားပေးလုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်သွားရန် ဝန်ကြီးများက အားပေးလှုံ့ဆော်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Kommasith က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းနှင့် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံ


**ဗီယင်ကျန်း ဇူလိုင် ၂၃**

လာအိုနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး Dato Seri Setia Lim Jock Seng တို့သည် ယနေ့ ဒေသ စံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh တို့သည် Lao Plaza Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး **Mr. Pham Binh Minh** တို့ တွေ့ဆုံဆွေးနွေးစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး **Dato Seri Setia Lim Jock Seng** တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

# ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပရဟိတအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေကို ဇူလိုင် ၁၉ ရက်က မန္တလေးမှာ ပြုလုပ်ခဲ့ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာ လူ့စွမ်းအားအရင်းအမြစ်ဟာလည်း အဓိကကျနေတယ်။ ဒါကြောင့် တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ပရဟိတအဖွဲ့အစည်းတွေနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေ၊ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခြေအနေတွေကို ဆွေးနွေးခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုက နှစ်နှစ်တာကာလ သတ်မှတ်ထားပါတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကနဦးအဖြစ် ပုဂံနှင့် မန္တလေးဒေသတို့၌ နှစ်နှစ်တာကာလအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်၍ အဖွဲ့အစည်းအသီးသီးမှ လူငယ်များအား ဟိုတယ်/ခရီးက သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီသူများကို လုပ်ငန်းဆိုင်ရာများတွင် ထည့်သွင်းသွားမည်ဖြစ်သည်။

ယခုလတ်တလောတွင် မန္တလေးမြို့ပေါ်ရှိ ဖောင်တော်ဦးကျောင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အဓိကထားဆောင်ရွက်နေသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အခြေအနေများကို တွေ့ဆုံရှင်းလင်းမှုများ လုပ်ဆောင်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး အသက်မွေးပညာ၊ လေ့ကျင့်သင်ကြားရေးကဏ္ဍနှင့် အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပြီး စီးပွားရေးစွန့်ဦးတီထွင်သူများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ - အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တသြဘာသ ဟောကြားတော်မူအပ်သော "အနတ္တလက္ခဏသုတ် တရားတော်"
- ၈း၃၅ - **၂၀၁၆ ခုနှစ် မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း**
- ၉း၃၅ - **ပြည်သူတို့ရဲ့စကားသံများ**
- ၁၂း၅၀ - ဖြူ မည်းရုပ်ရှင် **နွေး** ဇော်လင်း၊ လင်းထင်၊ ချိုပြုံး (ဒါရိုက်တာ - အောင်မြင့်မြတ်)

**ညပိုင်း**

- ၁၅း၁၅ - **Ooredoo MNL -1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ ယူနိုက်တက် FC နှင့် ရှမ်းယူနိုက်တက် FC)**
- ၁၈း၃၅ - ဆိုကြမယ်၊ ပျော်ကြမယ်
- ၂၀း၀၀ - ပြည်တွင်းသတင်း
- ၂၀း၃၅ - **ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ**
- **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်တဲ့လား** (အပိုင်း-၂၁)
- ရာမာယဏဇာတ်တော်ကြီး (ရန်ကုန်တိုင်း -၁) (ပထမပိုင်း)

**မှတ်ချက်။** ။**နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



# စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) အား ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုခဲ့ရာ ညွှန်ကြားရေးမှူး ဒေါက်တာကေသီထွေးက အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအား တင်ပြခဲ့သည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတော်အဆင့်စာကြည့်တိုက်ဖြစ်သည်နှင့်အညီ နိုင်ငံအတွင်း စာကြည့်တိုက်ပညာပြန့်ပွားရေးကို နိုင်ငံ၏ဗဟိုဌာနအဖြစ်ဆောင်ရွက်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်း၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်၊ အမျိုးသားစာကြည့်တိုက်ကို e-library အဖြစ်မှ Digital Library အဖြစ် အကောင်အထည်ဖော်နိုင်အောင် ဆက်လက်ဆောင်ရွက်ရန်နှင့် ပြည်ပနိုင်ငံများနှင့် ယခုထက်ပိုမိုချိတ်ဆက်၍ စာကြည့်တိုက်လုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်တိုးတက်အောင် ဆောင်ရွက်ရန် မှာကြားကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးရေးနှင့် ကူညီစောင့်ရှောက်ရေးဆိုင်ရာအရည်အသွေးမြှင့်အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၃**

မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးရေးနှင့် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ ကူညီစောင့်ရှောက်ရေးဆိုင်ရာ အရည်အသွေးမြှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA ခန်းမ၌ ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်ဆယ်ပြုစုစောင့်ရှောက်ရေးအတွက် ပိုမိုပံ့ပိုးပေးမည့်အစီအစဉ်များ၊ နိုင်ငံတကာတွင် မိုင်းအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ သဘောတူညီချက်များအနက်မှ အချက်အလက်တချို့ကို အသိပေးခြင်းဆိုင်ရာများအပါအဝင် မိုင်းဒဏ်ခံစားခဲ့ရသည့် ကလေးငယ်များအား ထောက်ပံ့ပေးသွားမည့် အစီအစဉ်များကို နိုင်ငံတစ်ဝန်းရှိ မိုင်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်သည့် အဖွဲ့အစည်း ၃၀ ကျော်ကို ဖိတ်ကြားကာ ပြည်ပနိုင်ငံများမှပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ဇူလိုင် ၂၃ ရက်နှင့်၂၄ ရက်အထိ နှစ်ရက်တာ ပို့ချမည်ဖြစ်သည်။

ငြိမ်းချမ်းမြန်မာကူညီထောက်ပံ့ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသန့်ဇင်က “မိုင်းလှုပ်ရှားမှုဆောင်ရွက်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေကို ဖိတ်ကြားခဲ့ပါတယ်။ ပြည်ပ နိုင်ငံတွေဖြစ်တဲ့ ယူဂန္ဒာ၊ ဗီယက်နမ်နဲ့ တရုတ်(တိုင်ပေ) တို့က ပညာရှင်ရှစ်ဦး လာရောက်ဆွေးနွေးပို့ချပါမယ်။ ပြည်တွင်းက ကျွမ်းကျင်သူပညာရှင်တွေလည်း ပို့ချသွားမှာပါ။ တက်ရောက်သူတွေအနေနဲ့ မိုင်းနဲ့ပတ်သက်ပြီး ပိုမိုသိရှိလာပြီး အရည်အသွေး တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့က ဒီကမိုင်းနဲ့ပတ်သက်တဲ့ လက်ရှိအနေအထားနဲ့အခြေအနေတွေကိုတာဝန်ယူဆွေးနွေးသွားမှာဖြစ်ပါတယ်”ဟုပြောသည်။

တရုတ်(တိုင်ပေ)အခြေစိုက် Eden Social Welfare Foundation မှ Senior Specialist ဖြစ်သူ Mr. Kuo Jeng, Yang က “မြန်မာပြည်ကို ပထမအကြိမ် လာရောက်ပို့ချတာဖြစ်ပါတယ်။ မိုင်းဒဏ်ခံစားရတဲ့ပြည်သူတွေကို ဘယ်လို ကူညီထောက်ပံ့ပေးမယ်ဆိုတာကို ပို့ချမှာပါ။ မိုင်းဒဏ်ကြောင့် ကိုယ်အင်္ဂါချို့ယွင်းနေတဲ့ ကလေးတွေကို ဒီနှစ်ကနေစပြီး ထောက်ပံ့ပေးသွားဖို့အစီအစဉ်ကိုလည်း ပြောကြားသွားဖို့ရှိပါတယ်”ဟုပြောသည်။

မြန်မာနိုင်ငံရှိ ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုစောင့်ရှောက်ရေးရိပ်မြုံမှ မန်နေးဂျင်းဒါရိုက်တာ ဦးထာအုပ်က “ ဒီ အလုပ်ရုံဆွေးနွေးပွဲမှာ မသန်စွမ်းသူတွေရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး ပြောမှာဖြစ်ပါတယ်။ မသန်စွမ်းသူတွေအဖြစ်ကို ဘယ်အကြောင်းကြောင့်ပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘဝဆုံးသွားတာ၊ မျှော်လင့်ချက်မဲ့သွားတာ မဟုတ်ဘဲ သူတို့အတွက် အခွင့်အရေးအပြည့်အဝရှိနေတယ်။ လူသားဖြစ်ခြင်း တန်ဖိုးဆိုတာရှိနေတယ်၊ သိက္ခာနဲ့အခွင့်အရေးဆိုတာ အမြဲတမ်းအပြည့်အဝရှိနေတယ်၊ နိုင်ငံတော်အတွက်လည်း မှန်ကန်တဲ့အရည်အချင်းရှိရှိ ကြိုးစားနေတဲ့ နိုင်ငံသားတစ်ဦးဖြစ်ရမယ်ဆိုတဲ့အကြောင်းတွေ ပြောကြားသွားမှာပါ”ဟု ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ခုနှစ်မှ စတင်ကာ မိုင်းနှင့်ပတ်သက်သော အသိပညာပေးရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြသည့် UNFCEF, INGO နှင့် NGO တို့ဖြင့် မိုင်းအန္တရာယ်နှင့်ပတ်သက်သော အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) မှ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူ ခွန်ထိုင်းက “ကျွန်တော်တို့ဒေသမှာ မိုင်းအန္တရာယ်က လုံးဝကင်းစင်တဲ့ အနေအထားတော့ မရှိသေးဘူး။ အဖွဲ့အစည်းအနေနဲ့ ခြေတုတပ်ဆင်ရေးလုပ်ငန်းကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ နိုင်ငံတကာ ပံ့ပိုးမှုတွေနဲ့ ပူးပေါင်းပြီး ခြေတုတပ်ဆင်ရေးလုပ်နေတယ်။ နဂိုမူလအတိုင်းမဖြစ်ရင်တောင် သူတို့အတွက် အဆင်ပြေစေဖို့ပါ။ ဒီမှာသိရှိထားတဲ့အချက်တွေကိုလည်း သိရှိထားတာတွေနဲ့ ပေါင်းစပ်ပြီး ကိုယ့်ဒေသမှာ ပြန်ပြီးပို့ချသွားမှာပါ”ဟုပြောသည်။

ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် တအာင်း (ပလောင်) လူငယ်အဖွဲ့အစည်း (TSYU)မှ မိုင်သန်းအောင်ကလည်း “တောင်ပေါ်သားတွေအနေနဲ့ အသိပညာနည်းပါးတယ်၊ နောက်ပြီးတစ်နေရာက တစ်နေရာသွားလာတဲ့အခါ လမ်းတွေကလည်း ချောင်းတွေ၊ ချောက်တွေ၊ တောင်တွေနဲ့ မို့လို့ ပိုအန္တရာယ်ရှိပါတယ်၊ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ သိရှိသမျှကို ပြန်လည်ဖြန့်ဝေသွားပါမယ်။ ကျေးလက်မြို့နယ်အသီးသီးက ယဉ်ကျေးမှုအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်”ဟု ပြောသည်။

လက်ရှိတွင် မိုင်းအန္တရာယ်သည် ယခင်ကထက်စာပါက လျော့ကျမှုများရှိသည်ကို တွေ့ရသော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မိုင်းအန္တရာယ်ကြောင့် ထိခိုက်မှုများ ပိုမိုကြုံတွေ့ရသည်ကို တွေ့ရကြောင်း၊ မြန်မာပြည်တွင်မိုင်းကြောင့် ထိခိုက်သည့်အရေအတွက်မှာ ငါးသောင်းနှင့် ခြောက်သောင်းဝန်းကျင်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ထိခိုက်သည့်အမျိုးအစားများကို ကြည့်ပါက တပ်မတော်သားများ၊ တိုင်းရင်းသား အဖွဲ့အစည်းမှလူများအပြင် ဒေသခံအရပ်သားများဖြစ်ကြောင်း၊ နိုင်ငံတကာမြေမြှုပ်မိုင်း အစီရင်ခံစာအရ မြန်မာနိုင်ငံသည် မိုင်းအန္တရာယ်အရှိဆုံးနိုင်ငံများစာရင်းတွင် တတိယအဆင့်၌ရှိနေကြောင်း အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲမှ သိရသည်။

**သတင်း -မြတ်စန္ဒီ၊ ဓာတ်ပုံ - ရဲထွဋ်**




## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားရေးမိသားစု၏ (၆) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရေးဌာနဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့က သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုလတ်**

## အခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**မိုးညို ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် လဖျော်ပင်ကျေးရွာ မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင်လ တတိယပတ်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆောင်ရွက်ရမည့် အစီအစဉ်များအား ဆွေးနွေးကာ မြို့နယ်ပညာရေးမှူး ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က ကျောင်းနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးရွာသွန်း၍ တောင်စွယ်ပြိုကျမှုဖြစ်ပွား

**ဖောင်းပြင် ဇူလိုင် ၂၃**

ဖောင်းပြင်မြို့ အင်ကြင်းမြိုင်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းတွင် ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီခွဲက မိုးရွာသွန်း၍တောင်စွယ်ပြိုကျမှုကြောင့် လူနေအိမ်တစ်လုံးအန္တရာယ်ရှိနိုင်ကြောင်း သိရှိရ၍ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေထွန်း၊ ရဲမှူးအောင်မြင့်အေးတို့ ဦးစီး၍ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

တာဝန်ရှိသူတစ်ဦးက “အဲဒီနေအိမ်က တစ်ထပ်သွပ်မိုးအဆောက်အအုံဖြစ်ပြီး အိမ်ထောင်ဦးစီး ဦးစန်းလှိုင်နဲ့ ၁၈ နှစ်အထက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ငါးဦးရှိပါတယ်။ နေအိမ်မှာ ဆက်လက်နေထိုင်ပါက အန္တရာယ်ရှိနိုင်တာမို့ လူနဲ့ အသုံးအဆောင်ပစ္စည်းတွေကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းတွေနဲ့ ဒေသခံတွေက ဖောင်းပြင်မြို့ အင်ကြင်းမြိုင်ရပ်ကွက် လောကနန္ဒာဘုရားအနီးရှိ ဇရပ်သို့ ဝိုင်းဝန်းပြီး ယာယီရွှေ့ပြောင်းပေးခဲ့ပါတယ်” ဟုပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဝဝန်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့်၊ ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့်၊ ဖောင်းပြင်မြို့နှင့်မော်လိုက်မြို့တို့တွင် နှစ်ပေခန့်စီ၊ ကလေးဝမြို့တွင် တစ်လက်မခန့်၊ မင်းကင်းမြို့တွင် ပေဝက်ခန့်နှင့် ကနီမြို့တွင် တစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေများသည် နောက်တစ်ရက်အတွင်း ခန္တီးမြို့တွင် တစ်ပေခွဲခန့်၊ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့်ကနီမြို့တို့တွင် ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝဝန်မြစ်တစ်လျှောက်နှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သန်လျင်တပ်နယ် မိသားစု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၃**

သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ အိမ်ထောင်စုဝင် မိသားစုများ စုစုပေါင်း ၅၀၀ ခန့်သည် ဇူလိုင် ၂၃ ရက် နံနက်က သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ပရိဝုဏ်အတွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်၍ လုပ်အားဒါနပေးလှူခဲ့ကြသည်။ အဆိုပါလုပ်အားဒါနပေးလှူပွဲသို့ သန်လျင်တပ်နယ်မှူးဗိုလ်မှူးချုပ် အောင်ဇော်လှိုင်နှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# အနာဂတ်တွင်ပို့ဆောင်ရေးနည်းလမ်းအားလုံးပေါင်းစည်း၍ ဘေးကင်းလုံခြုံသောပို့ဆောင်ရေးစနစ်ပေါ်ပေါက်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၃**

အမျိုးသား ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) နေပြည်တော်၌ ကျင်းပသည်။



အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားရာတွင် ပို့ဆောင်ရေးကဏ္ဍရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်သွားနိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များကို ကဏ္ဍအသီးသီးမှ တစ်ဆက်တစ်စပ်တည်း ညှိနှိုင်းအကောင်အထည်ဖော်နိုင်ရန် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပို့ဆောင်ရေး နည်းလမ်းအားလုံးပေါင်းစည်း၍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ပင်မစီမံကိန်းပါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့ပြနှင့်ကျေးလက် သယ်ယူပို့ဆောင်ရေး စီမံကိန်းများ စနစ်တကျ ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း သယ်ယူပို့ဆောင်ရေး စင်္ကြံ ၁၀ ခု သတ်မှတ်၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ စီမံကိန်းများကို JICA ၏ ကျွမ်းကျင်သူများက လူဦးရေတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ဘဏ္ဍာငွေ၊ သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှု၊ နယ်မြေဒေသ ဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်မှုလိုအပ်ချက်၊ ဒေသတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ ရေးဆွဲထားကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပို့ဆောင်ရေးနည်းလမ်းအားလုံး ပေါင်းစည်း၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ထိရောက်ခေတ်မီ ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ပို့ဆောင်ရေးစနစ်ပေါ်ပေါက်စေရေးကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ADB မှလည်း မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် GDP ၏ ၁ ရာခိုင်နှုန်း မှ ၁ ဒသမ ၅ ရာခိုင်နှုန်းကြားမှာသာ ရင်းနှီးမြှုပ်နှံလျက်ရှိသဖြင့် အခြားဖွံ့ဖြိုးမှုတန်းတူရှိသည့် နိုင်ငံများနည်းတူ ၃ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းထားကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များကိုလည်း ကြိုးပမ်းရှာဖွေ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အနာဂတ် ၁၅ နှစ်တာကာလအတွင်း သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး၊ မြန်မာနိုင်ငံ၏ GDP ကို အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံအထိ စုဆောင်းနိုင်ရေး၊ အခြေခံမော်တော်ကားလမ်းကို ပြည်သူ ၁၀ သန်းထံသို့ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် မလုပ်ဖြစ်ခဲ့လျှင် ဆုံးရှုံးမည်ဖြစ်သော မော်တော်ကားလမ်းပေါ်မှ ပြည်သူအများ ထိခိုက်သေဆုံးမှုမှ ကယ်တင်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က မိမိဌာနအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများ၏ အမြဲတမ်းအတွင်းဝန်များက ၂၀၁၆-၂၀၂၀ ငါးနှစ်စီမံကိန်း ရေးဆွဲမှုများနှင့် ဘဏ္ဍာငွေလိုအပ်ချက်များအား လည်းကောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူများက မြို့ပြပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် ငါးနှစ်အတွင်း ဆောင်ရွက်သွားမည့် လျာထားစီမံကိန်းများနှင့် ဘဏ္ဍာငွေလိုအပ်ချက်များအား လည်းကောင်း အစည်းအဝေးတွင် ဆွေးနွေးတင်ပြသည်။

ထို့ပြင် ပို့ဆောင်ရေးကဏ္ဍတစ်ရပ်လုံး၏ ဖွံ့ဖြိုးရေးကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားနိုင်ရန်အတွက် ဖွဲ့စည်းဆောင်ရွက်သင့်သည့် ကော်မတီများနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးကို စုပေါင်းလုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မိတ္ထီလာမြို့ အုတ်နဲ့ဘုတ်ကျေးရွာတွင် ပေ ၂၀၀ ပတ်လည် မြေသားရေကန် တူးဖော်ပြီးစီး

**မိတ္ထီလာ ဇူလိုင် ၂၃**

မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာအုပ်စု အုတ်နဲ့ဘုတ်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတူးဖော်သည့် ပေ ၂၀၀ ပတ်လည် မြေသားသောက်သုံးရေကန်မှာ တူးဖော်ပြီးစီးသွားပြီ၍ ကျေးရွာဒေသခံများအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။ အုတ်နဲ့ဘုတ်ကျေးရွာတွင်တူးဖော် ပြီးစီးသွားသည့် အနက် ၁၂ပေရှိ ပေ ၂၀၀ပတ်လည် မြေသားသောက်သုံးရေကန်အား ရက် ၁၀၀စီမံချက်အတွင်းပါဝင်သည့် ကျေးရွာများ သောက်သုံးရေရရှိရေး အစီအစဉ်ဖြင့်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့် မြန်မာအိမ်ရှင်အဖြစ် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် လေးနိုင်ငံ ခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့်ကို ဇူလိုင်လကုန်ပိုင်းတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV)၊ Hoang Anh Gialia (HAGL)ကော်ပိုရေးရှင်း၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံတို့ရှိ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်းတို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ လေးနိုင်ငံခရီးစဉ်ဒေသတစ်ခု ကွန်ဖရင့်ကို လေးနိုင်ငံခရီးသွားလုပ်ငန်း ချိတ်ဆက်ဆောင်ရွက်ခြင်းနဲ့ ဘဏ်လုပ်ငန်းတွေ ပိုမိုကျယ်ပြန့်စွာပေါင်းစည်းဆောင်ရွက်ခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ရန်ကုန်မြို့ Melia ဟိုတယ်၊ HAGL Complex မှာ ၂၀၁၆ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က Melia ဟိုတယ်၌ ပြုလုပ်သော အကြိုရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားသည်။




အဆိုပါကွန်ဖရင့်နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) လေးနိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ CLMVလေးနိုင်ငံမှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဘဏ်လုပ်ငန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း ၈၀၀ တက်ရောက်လိမ့်မည်ဟု ခန့်မှန်းထားသည်။

ကွန်ဖရင့်ကာလအတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် CLMV လေးနိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် CLMV လေးနိုင်ငံမှ ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ကျင်းပသွားမည်ဖြစ်ပြီး ယင်းအစည်းအဝေးများတွင် လေးနိုင်ငံခရီးသွားဒေသများအကြား ချိတ်ဆက်ကာ အတူတကွ ဈေးကွက်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ဖရင့်၏အစိတ်အပိုင်းအဖြစ် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် လေးနိုင်ငံ ကွန်ဖရင့်ကျင်းပခြင်းအထိမ်းအမှတ် ဂေါက်သီးရိုက်ခြင်း၊ လေးနိုင်ငံရိုးရာအစားအသောက်ပွဲတော်ကျင်းပခြင်း၊ လေးနိုင်ငံဒေသများ ဓာတ်ပုံပြိုင်ပွဲကျင်းပခြင်း၊ ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းတွင် လေးနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်ကျင်းပခြင်းနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းတို့လည်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် အများပြည်သူနှင့်ဆိုင်သော နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်များ၊ မြက်များရှင်းလင်းခြင်းလုပ်ငန်းနှင့် ရေမြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း ဦးစီး၍ အမှတ် (၅) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး ဗညားဦး၊ အမှတ် (၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ဇော်မင်းထွန်း၊ အမှတ် (၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး အောင်နိုင်ထွန်းတို့နှင့် ရဲတပ်ဖွဲ့ဝင် ၃၀၀ ၊ မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ဝင် ၅၀ ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**မောင်တောခရိုင် မောင်တောမြို့အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး တင့်ဇော်ဦး ဦးဆောင်မှုဖြင့် အရာရှိ ခုနစ်ဦး၊ အခြားအဆင့် ၁၀၀ တို့သည် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သစ်ပင်၊ ချုံနွယ်၊ ပေါင်းမြက်များအား ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၃ ရက်က ဆောင်ရွက်ကြစဉ်**

(ခရိုင်ပြန်/ဆက်)

## မိုးအား လျော့နည်းနိုင်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးအားလျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

# ပြည်သူ့စာကြည့်တိုက်များ

**မြတ်စန်းငြိမ်း**

ပြည်သူ့စာကြည့်တိုက်များဟာ ပြည်သူတွေရဲ့ ပညာရေးနဲ့ အသိပညာ တိုးတက်ဖွံ့ဖြိုးစေတဲ့နေရာ၊ အစိုးရရဲ့လုပ်ဆောင်ချက်၊ စီမံကိန်းတွေကို ပြည်သူလူထုသိအောင် ပြန်ကြားဖြန့်ဖြူးတဲ့နေရာ၊ သတင်းအချက်အလက်များ လက်လှမ်းမီ၊ အချိန်နဲ့တစ်ပြေးညီရရှိနိုင်တဲ့နေရာ (Access to Knowledge and Information)တစ်ခုဖြစ်ပါတယ်။

ယခုအခါမှာ ပြည်သူ့စာကြည့်တိုက်တွေကို စာဖတ်သူတိုင်းအတွက် တန်ဖိုးရှိတဲ့နေရာဖြစ်အောင် အားလုံးကဖန်တီးနေကြတယ်၊ ကြိုးစားနေကြတယ်၊ အဆင့်မြှင့်တင်နေကြပါတယ်။

ပြည်သူ့စာကြည့်တိုက်တွေဟာ အစိုးရရဲ့ရရှိလာခဲ့သော အခွန်ငွေများမှ ရန်ပုံငွေ၊ ဘဏ္ဍာငွေလုံလောက်စွာရရှိခြင်း၊ စာကြည့်တိုက်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က စီမံကွပ်ကဲပြီး စာဖတ်သူပြည်သူတွေကို ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူတွေအတွက် အမြဲတမ်းတံခါးဖွင့်၊ နွေးထွေးစွာ ကြိုဆိုခြင်း၊ ပြည်သူအားလုံးကလည်း နည်းပညာ၊ သတင်းအချက်အလက်တွေကို ရရှိ အသုံးပြုနိုင်ခြင်း၊ အခကြေးငွေမလိုဘဲ ဝန်ဆောင်မှုအားလုံးကို ရယူနိုင်ခြင်းတို့ဟာ အခြေခံအချက်များဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ပြည်သူ့စာကြည့်တိုက်တွေဟာ တကယ့်ဘဝနဲ့နီးစပ်တဲ့နေရာတွေမှာ ရှိနေကြပါတယ်။ စံပြစာကြည့်တိုက်တွေဖြစ်အောင်လည်း ကြိုးစားနေကြပါတယ်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့စာကြည့်တိုက်တွေဟာ ၂၀၁၁ ခုနှစ်မှာ ပြည်သူ့စာကြည့်တိုက်အမည်နဲ့ ခရိုင်၊ မြို့နယ်များမှာ စာကြည့်တိုက်လုပ်ငန်းတွေ၊ စာကြည့်တိုက်လုပ်ရှားမှုတွေကို (Service for everyone) လူတိုင်းလူတိုင်းအတွက် ဝန်ဆောင်မှုအသစ်တွေပေးနေကြတာ ဒီနေ့ဒီအချိန်ထိပါပဲ၊ ဆက်လက် တိုးတက်အောင်လည်း ဆောင်ရွက်နေကြပါတယ်။

နိုင်ငံတကာမှာ ပြည်သူ့စာကြည့်တိုက်တွေကတစ်ဆင့် ဆေးရုံ၊ ထောင်၊ မီးပြတိုက်တွေကို စာအုပ်စာတမ်းရောက်ရှိအောင် ပေးပို့လှူဒါန်းနေကြပါတယ်။ (၂၁) ရာစု ပြည်သူ့စာကြည့်တိုက်တွေဟာ အိပ်ရာကမထနိုင်တဲ့ သက်ကြီးရွယ်အိုတွေအတွက် စာအုပ်တွေ၊ မျက်မမြင်အတွက် အသံထွက်စာအုပ်တွေ၊ Braille ဟုခေါ်တဲ့ လက်နဲ့ စမ်းဖတ်ရတဲ့ လက်ဖတ်စာတွေ၊ မျက်စိအမြင် အားနည်းသူတွေအတွက် စာလုံးကြီးကြီးနဲ့ စာအုပ်တွေကို ပြည်သူ့စာကြည့်တိုက်တွေမှာ စီစဉ်ထားရှိပေးနေကြပါပြီ။

MBAPF (Myanmar Book Aid and Preservation Foundation) အဖွဲ့နဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ IREX (International Research and Exchanges)အဖွဲ့တို့ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နေတဲ့ Beyond Access Myanmar Project က မြန်မာနိုင်ငံရှိ စာကြည့်တိုက်ပေါင်း ၉၀ ကျော်နဲ့ လက်တွဲပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ Tablet များပံ့ပိုးကာ နည်းပညာအခြေခံပြီး စာကြည့်တိုက်များ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ ဝန်ဆောင်မှုအသစ်တွေ တိုးချဲ့လုပ်ဆောင်နိုင်ခြင်းတို့အတွက် စာကြည့်တိုက်သင်တန်းတွေဖွင့်လှစ်ပြီး စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း ပြည်သူ့စာကြည့်တိုက်နဲ့ ရပ်ရွာအခြေပြုစာကြည့်တိုက်ပေါင်း ၁၅၀အထိ တိုးချဲ့ပူးပေါင်းဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ အခုလက်ရှိ ပူးပေါင်းဆောင်ရွက်နေတဲ့ စာကြည့်တိုက်အမျိုးအစားတွေကတော့ ပြန်/ဆက်ပြည်သူ့စာကြည့်တိုက်တွေ၊ လူမှုအခြေပြု/ ရပ်ရွာအခြေပြုစာကြည့်တိုက်များ၊ ကျေးရွာစာကြည့်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစာကြည့်တိုက်၊ အသင်းအဖွဲ့စာကြည့် တိုက်တို့ဖြစ်ပါတယ်။

စာကြည့်တိုက်တွေဟာ အရင်ကထက်ပိုလို့အလုပ်များလာကြတာဟာ နိုင်ငံအတွက်ကောင်းသော လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။

**ပြည်သူ့စာကြည့်တိုက်များကို မည်သူပိုင်သလဲ**

စာကြည့်တိုက်တွေကို စာကြည့်တိုက်မှူးတွေ မပိုင်ပါဘူး၊ စာကြည့်တိုက်မှူးတွေက စာကြည့်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင် ရွက်နေသူတွေဖြစ်ပါတယ်။ စာကြည့်တိုက်ကို စာဖတ်သူ ကလေးလူငယ်လူကြီးအားလုံးက ပိုင်ပါတယ်။ အထူးသဖြင့် ပြည်သူ့စာကြည့်တိုက်ကို ပြည်သူသာပိုင်ပြီး စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူတွေ ပါဝင်ကူညီဖို့လိုတယ်ဆိုတာ သိအောင်လုပ်ဖို့လည်း စာကြည့်တိုက်မှူးမှာ တာဝန်ရှိလာပြန်ပါတယ်။ ဒီနေရာမှာ စာကြည့်တိုက်ရဲ့ တည်နေရာ၊ ဝန်ဆောင်မှု၊ ရရှိနိုင်တဲ့ စာအုပ်၊ စာနယ်ဇင်းတွေကို လူသိ အောင်လုပ်ရမယ့် Library Marketing ပညာရပ်ကို စာကြည့်တိုက်မှူးတွေ စတင်လေ့လာနေကြရပြီဖြစ်ပါတယ်။



**ဖျာပုံမြို့နယ်ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို တွေ့ရစဉ်** ဓာတ်ပုံ-သူဇာနွယ်(ဖျာပုံ)

ပြည်သူ့စာကြည့်တိုက်တစ်ခုမှာ တိတ်ဆိတ်စွာ စာဖတ်နိုင်တဲ့ စာဖတ်ခန်းရှိဖို့လိုသလို အခုခေတ်မှာ ဆွေးနွေးနိုင်တဲ့ ဘက်စုံသုံး လို့ရတဲ့ စာဖတ်ခန်း၊ စာသင်ခန်း၊ အစည်းအဝေးခန်း၊ အခမ်းအနားများအတွက် လုံလောက်တဲ့ အကျယ်အဝန်းရှိတဲ့ အခန်း စသဖြင့် တစ်နေ့တည်းမှာ ရည်ရွယ်ချက် အမျိုးမျိုးနဲ့သုံးလို့ရတဲ့ စာကြည့်တိုက်အခန်းတစ်ခုလည်း လိုအပ်လာပါပြီ။ စာဖတ်သူတို့ အကျိုးရှိစေမယ့် ဆန်းသစ်တီထွင်ထားသော အစီအစဉ်တွေ၊ စာကြည့်တိုက်အသုံးပြုပုံပြုနည်း၊ စာအုပ်ပြပွဲ၊ ကလေးများအတွက် ပုံပြောအစီအစဉ်၊ စာအုပ်ခေါက်နည်း၊ ဆေးရောင်ခြယ် နည်း၊ ကဗျာရွတ်ဆိုခြင်း၊ ကဗျာရေးစပ်ခြင်း စတဲ့အစီအစဉ်တွေ လုပ်နိုင်သလို၊ လူကြီးလူငယ်များအတွက် Book Club စာဖတ်အသင်း၊ Youth Forum၊ စာအုပ်လှူဒါန်းပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အကောင်းဆုံးစာကြည့်တိုက် ဓာတ်ပုံနေ့၊ လျှပ်တစ်ပြက်နေ့ (Snapshot Day: A day in the library) စသဖြင့် လစဉ် အပတ်စဉ်လုပ်နိုင်တဲ့ အစီအစဉ်တွေကို ပုံမှန်လုပ်နိုင်တဲ့ နေရာတစ်ခု ဖန်တီး ပေးဖို့လိုပါတယ်။

> **စာကြည့်တိုက်ဆိုင်ရာ ဝန်ဆောင်မှုအသစ်တွေ၊ နည်းပညာအသစ်တွေကို စာဖတ်သူများအား မိတ်ဆက် အသုံးပြုစေခြင်း၊ စာကြည့်တိုက်ကို စာဖတ်သူတွေအတွက် ဖွင့်ချိန်တိုးမြှင့်ပေးခြင်းနဲ့ ပြည်တွင်းပြည်ပ NGO အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် စာကြည့်တိုက်များ တိုးတက်ကာ ရေရှည်တည်တံ့ခိုင်မြဲစေမှာဖြစ်**

ပြည်သူ့စာကြည့်တိုက်တစ်ခုရဲ့ အဓိကလက္ခဏာဖြစ်တဲ့ (Welcoming Environment) နွေးထွေးပျူငှာသော ပတ်ဝန်းကျင်ဖြစ်စေရမယ်ဆိုတဲ့ အချက်နဲ့အညီ စာကြည့်တိုက်ကို လာချင်စိတ်ရှိအောင် ဖန်တီးထားမယ်၊ လာပြီးရင်လည်း သက်သောင့်သက်သာနဲ့ စာဖတ်သူတွေ စိတ်အေးချမ်းသာစွာ ဖတ်ရှုနိုင်ဖို့ခေတ်မီ စာအုပ်စာတမ်းတွေ၊ ပရိဘောဂအသစ်တွေနဲ့ ဆွဲဆောင်မှုရှိတဲ့ အခင်းအကျင်းကို ဖန်တီးထားဖို့ လိုအပ်ပါတယ်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွေရဲ့အားသာချက်က ၎င်းတို့ရဲ့တည်နေရာဟာ လူထုကြားထဲမှာ ရှိနေပါတယ်။ မြို့နယ်၊ ခရိုင်တွေရဲ့စာကြည့်တိုက် အဆောက်အုံအချို့ဟာ ဆင်တူဖြစ်ပြီး အခြေခံအဆောက်အအုံ ခိုင်မာပြီးသားဖြစ်လို့ ပြန်လည်မွမ်းမံပြီး ခေတ်မီတဲ့ ပြည်သူ့စာကြည့်တိုက်များအသွင်သို့ ပြောင်းလဲဖို့လိုအပ်ပါတယ်။

ခေတ်နဲ့အညီလုပတဲ့ ပြည်သူ့စာကြည့်တိုက်တွေဖြစ်ရင် နိုင်ငံသားတိုင်းအတွက် ပညာဗဟုသုတတွေ ဖြန့်ဖြူးနိုင်တဲ့နေရာ၊ ဘဝတစ်သက်တာလေ့လာသင်ကြားနိုင်တဲ့နေရာ၊ စာဖတ်သူတွေ လိုအပ်တဲ့ပညာအရင်းအမြစ်တွေ၊ သတင်းအချက်အလက်တွေ အချိန်နဲ့တစ်ပြေးညီ ဖြန့်ဖြူးနိုင်တဲ့နေရာ၊ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေနိုင်တဲ့နေရာတစ်ခုဖြစ်တယ်ဆိုတာ လူသိအောင် လုပ်ဖို့ (Library Marketing )ဟာ အရေးကြီးလာပါတယ်။ ဒါ့အပြင် ပြည်သူ့စာကြည့်တိုက်တွေဟာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ဖို့လည်း အလွန်အရေးကြီးပါတယ်။ စာကြည့်တိုက်မှူးဝန်ထမ်းတွေဟာ မိမိတို့စာကြည့်တိုက်အတွင်း ဝန်ဆောင်မှု၊ လှုပ်ရှားမှုများ ဆောင်ရွက်သလို စာကြည့်တိုက်ပြင်ပမှာလည်း ကျေးရွာ၊ ရပ်ရွာ၊ မြို့နယ်၊ ခရိုင်များရှိ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရပ်ရွာအခြေပြု အစီအစဉ်၊ လှုပ်ရှားမှုတွေမှာ စိတ်ပါဝင်စားစွာ လက်တွဲဆောင်ရွက်ခြင်းဖြင့် စာကြည့်တိုက်များအတွက်၊ စာဖတ်သူများအတွက် အခွင့်အလမ်းကောင်းတွေ ပိုမိုဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် အင်းစိန်မြို့နယ် ပြန်/ဆက်စာကြည့်တိုက်ဟာ Beyond Access Myanmar Project အထောက်အပံ့နဲ့ စာကြည့်တိုက်လုပ်ငန်းတွေ၊ အစီအစဉ်တွေ၊ လှုပ်ရှားမှုတွေကို Tablet တွေ၊ လှူဒါန်းရရှိတဲ့ စာအုပ်တွေနဲ့ အင်းစိန်မြို့နယ်သူ မြို့နယ်သားများအတွက် တက်ကြွစွာဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်တည်းမှာ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ရွာအခြေပြု စာကြည့်တိုက်များ (Community Libraries)၊ ကျောင်းစာကြည့်တိုက်တွေနဲ့လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေခြင်းဟာ အလွန်ထိရောက် အကျိုးရှိသော စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (effectively collaborating with partners and other Libraries) ဖြစ်ပါတယ်။ ဒီနေရာမှာ (Finding Partnership) မိတ်ဖက်အဖွဲ့အစည်းများရှာဖွေပြီး စာကြည့်တိုက်တိုးတက် အောင် ဆောင်ရွက်ခြင်းဆိုတဲ့ကဏ္ဍကိုလည်း လေ့လာအသုံးချဖို့လိုအပ်လာပါတယ်။ အဲဒီလိုစာကြည့်တိုက်အချင်းချင်းပူးပေါင်းလုပ်ဆောင်ခြင်း၊ မိတ်ဖက် အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာမှာ ဖြစ်ပါတယ်။

၁။ မိမိတို့စာကြည့်တိုက်ရဲ့ အရင်းအမြစ်များနှင့် အားသာချက်များကို မျှဝေခြင်း၊

၂။ အရည်အသွေး ပြည့်မီသော ဝန်ဆောင်မှုများပေးနိုင်ခြင်း၊

၃။ စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် ရန်ပုံငွေရနိုင်သော အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ခြင်း၊

၄။ စာကြည့်တိုက်ပြင်ပလှုပ်ရှားမှုများ၊ စာကြည့်တိုက်နှင့်ဆက်စပ်လုပ်ငန်းများ၊ အစီအစဉ်အသစ်များဖြင့် စာဖတ်သူအသစ်များကို ဆွဲဆောင်ခြင်း၊ စာဖတ်သူ ပိုမိုများပြားလာခြင်း၊

၅။ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုသိရှိလာပြီး စာကြည့်တိုက်တွင် ဖြည့်ဆည်းပေးထားနိုင်ခြင်း၊

၆။ မိမိတို့၏ စာကြည့်တိုက်ကို ပြည်သူများ ပိုမိုသိရှိလာခြင်း၊

၇။ ပြည်သူ့စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးတို့တွင် များစွာအထောက်အကူပြုစေမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူ ၊ ဆရာ ဆရာမများကလည်း စာကြည့်တိုက်လုပ်ငန်းကို ပိုမိုနားလည်လာစေပြီး ကျောင်းစာကြည့်တိုက်ဟာ အဓိကအရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိကြောင်းသိရှိစေရန် တွန်းအားလည်းဖြစ်ပါတယ်။

၈။ စာပေဒါန၊ ပညာဒါနပြုချင်သူများထံသို့ စာကြည့်တိုက်ရဲ့လိုအပ်ချက် စာရင်းများအား ဖြန့်ဝေပေးထားခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ စာအုပ်စာတမ်းများ စုဆောင်းရရှိနိုင်ခြင်း။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းမှာ ပြည်သူ့စာကြည့်တိုက်ဥပဒေပြဋ္ဌာန်းကာ ယင်းဥပဒေအရ ဒေသန္တရအဖွဲ့များက အခွန်ကောက်ပြီး စာကြည့်တိုက်များ အထူးတိုးတက်ဖွံ့ဖြိုးစေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန်၊ အသိဉာဏ်အဆင့်အတန်းမြင့်မားစေရန်အတွက် ရန်ပုံငွေများတိုးမြှင့်ဆောင်ရွက်လျက်ရှိကြပါတယ်။

မြန်မာနိုင်ငံမှာလည်း ပြည်သူ့စာကြည့်တိုက်ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြည်သူ့စာကြည့်တိုက် ကွန်ရက်ကို ဖွဲ့စည်းတည်ထောင်နိုင်ဖို့ အထောက်အကူဖြစ်စေခြင်း၊ ခိုင်မာသော အုပ်ချုပ်မှုစနစ်ချမှတ်နိုင်ခြင်း၊ ပြည်သူ့စာကြည့်တိုက်များအတွက် လုံလောက်တဲ့ဘဏ္ဍာငွေ အထောက်အပံ့ စဉ်ဆက်မပြတ်ရရှိနိုင်ခြင်း၊ စာကြည့်တိုက်အချင်းချင်းပူးပေါင်းကာ စာအုပ်၊ အင်တာနက်နှင့် နည်းပညာဆက်စပ်ပစ္စည်းများ စုဆောင်းဝယ်ယူခြင်း၊ စုပေါင်းစာစုစာရင်းနှင့် အခြားဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်း စသည်ဖြင့် ခေတ်မီပြည်သူ့စာကြည့်တိုက်တစ်ခုရဲ့ လက္ခဏာသွင်ပြင်တွေကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ထို့အပြင် စာကြည့်တိုက်ဆိုင်ရာ ဝန်ဆောင်မှုအသစ်တွေ၊ နည်းပညာအသစ်တွေကို စာဖတ်သူများအား မိတ်ဆက်အသုံးပြုစေခြင်း၊ စာကြည့်တိုက်ကို စာဖတ်သူတွေအတွက် ဖွင့်ချိန်တိုးမြှင့်ပေးခြင်းနဲ့ ပြည်တွင်းပြည်ပ NGOအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် စာကြည့်တိုက်များတိုးတက်ကာ ရေရှည်တည်တံ့ခိုင်မြဲစေမှာ ဖြစ်ပါတယ်။

အဆင့်မြင့်စာကြည့်တိုက်ဝန်ဆောင်မှုတွေကို အရည်အချင်းပြည့် စာကြည့်တိုက်မှူးတွေက အခမဲ့ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူ့စာကြည့်တိုက် အက်ဥပဒေများချမှတ်ကာ စာကြည့်တိုက်ဖွဲ့စည်းပုံနှင့် ဝန်ဆောင်မှုများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အလိုက် ရေးဆွဲချမှတ်နိုင်ခြင်း၊ ပြည်သူ့စာကြည့်တိုက်တစ်ခုရဲ့ ခေတ်မီတဲ့ စီမံချက်ရေးဆွဲခြင်းဖြင့် ပြည်သူ့စာကြည့်တိုက်မှူးတွေနဲ့အတူ ပြည်သူ့ကိုယ်စားလှယ်တွေ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေရရှိလာမှာ ဖြစ်ပါတယ်။

ပြည်သူ့စာကြည့်တိုက်တွေဟာ လူကြီးလူငယ်တိုင်း လွတ်လပ်စွာ တွေးခေါ်ဖန်တီးတီထွင်နိုင်တဲ့နေရာ၊ လွတ်လပ်စွာ ဆွေးနွေးပြောဆိုနိုင်တဲ့နေရာ၊ ဘဝတစ်သက်တာအတွက် လေ့လာသင်ယူနိုင်တဲ့နေရာ၊ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်နိုင်တဲ့နေရာ ဖြစ်တယ်ဆိုတာကို စာကြည့်တိုက်မှူး၊ စာဖတ်သူတိုင်း၊ စာကြည့်တိုက် မိတ်ဆွေတိုင်း သိရှိနားလည်ပြီး အစိုးရရဲ့ဘဏ္ဍာငွေ အလုံအလောက်ဖြင့် ဝိုင်းဝန်းကြိုးစားဖန်တီးမယ်ဆိုရင် ခေတ်မီသော၊ တိုးတက်သော၊ လှုပ်ရှားနေသော ပြည်သူ့စာကြည့်တိုက်များအဖြစ် မကြာခင်တွေ့မြင်လာရတော့မယ်လို့ ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# တူရကီနိုင်ငံ၌ ဇူလိုင် ၁၅ ရက်က အာဏာသိမ်းရန်ကြိုးပမ်းခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်း

**ရန်ကုန် ဇူလိုင် ၂၃**

တူရကီနိုင်ငံ၌ ဇူလိုင် ၁၅ ရက်က အာဏာသိမ်းရန် ကြိုးပမ်းခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တူရကီသံရုံး၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးက ဇူလိုင် ၁၅ ရက်တွင် တူရကီတပ်မတော်အတွင်းရှိ အုပ်စုတစ်စုမှ တူရကီနိုင်ငံ၏ မြို့အချို့တွင် အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပါကြောင်း၊ ၎င်းတို့သည် နိုင်ငံသားအချင်းချင်းကိုပင် သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ အထက်အရာရှိများ၏ အမိန့်ကို မနာခံခြင်း၊ ပါလီမန်နှင့် သမ္မတရုံး စသည်တို့အား ဖောက်ခွဲခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း။

အကြမ်းဖက်မှုစတင်ဖြစ်ပွားခဲ့စဉ်ကပင် တူရကီတပ်မတော်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်အများစုက အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဆန့်ကျင်ခဲ့ပါကြောင်း၊ တပ်မတော်၏ အလွန်သေးငယ်သောအစိတ်အပိုင်းအချို့ကသာ ဤသွေးထွက်သံယိုဖြစ်ရပ်တွင် ပူးပေါင်းပါဝင်ခဲ့ပါကြောင်း၊ ရဲနှင့် ပြည်သူများက အာဏာသိမ်းရန် ကြိုးပမ်းမှုကို မအောင်မြင်စေရန် ခုခံတုံ့ပြန်မှုများ လုပ်ခဲ့ပါကြောင်း။

အာဏာသိမ်းရန်ကြိုးပမ်းမှုကို အထမမြောက်စေရန် တူရကီတစ်နိုင်ငံလုံးရှိ




ပြည်သူများအားလုံးက ပါဝင်ကြိုးပမ်းခဲ့ပါကြောင်း၊ တူရကီတစ်နိုင်ငံလုံးသည် သမိုင်းအစဉ်အလာအရ စည်းလုံးညီညွတ်မှုရှိသည့်အလျောက် ယခုအဖြစ်အပျက်တွင် ပြည်သူများက လမ်းမပေါ်သို့ထွက်၍ အန်တုတော်လှန်ခဲ့ပါကြောင်း၊ ပြည်သူများသည် သံချပ်ကာကားများရှေ့တွင် ရဲရင့်စွာ ရပ်နေခဲ့ပြီး ၎င်းတို့၏ ဒီမိုကရေစီအခွင့်အရေးများကို ပြန်လည်တောင်းဆိုခဲ့ပါကြောင်း။

အာဏာသိမ်းရန်ကြိုးပမ်းသူများက နိုင်ငံပိုင်ရုပ်သံလိုင်း၏ စတူဒီယိုခန်းများနှင့် ပုဂ္ဂလိက မီဒီယာများကို သိမ်းပိုက်ရယူပြီး သတင်းထုတ်လွှင့်ရန် ကြိုးပမ်းခဲ့ပါကြောင်း၊ သို့သော်လည်း အာဏာသိမ်းရန် ကြံစည်သူများ၏ လုပ်ရပ်မှာ တာရှည်မခံပါကြောင်း၊ တူရကီမီဒီယာများသည် အာဏာသိမ်းရန် ကြိုးပမ်းမှုများကို အန်တုတော်လှန်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း။

အကျည်းတန်လှသော အဖြစ်အပျက်ကြောင့် မိမိတို့နိုင်ငံသား ၂၀၀ ကျော် သေဆုံးပြီး ၁၄၀၀ ကျော် ဒဏ်ရာရရှိခဲ့ပါကြောင်း။

ယခုအခါ ထိုသူများအား ဖမ်းဆီးလျက်ရှိပြီး ဥပဒေအရ ထိရောက်စွာ အပြစ်ပေးမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

ဇူလိုင် ၂၀ ရက်တွင် တူရကီနိုင်ငံ၌ အရေးပေါ်အခြေအနေကြေညာခဲ့ပါကြောင်း၊ တူရကီအစိုးရအနေဖြင့် တစ်နိုင်ငံလုံး အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရရှိစေရေးအတွက် ဒီမိုကရေစီဖွဲ့စည်းပုံအား ဆက်လက်ထိန်းသိမ်းကာကွယ်ပြီး ခိုင်မာစွာ ရပ်တည်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

---

❒ *ကျောဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ရန်ရှိကြောင်း သိရှိရပါသည်။

၂။ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မိုင်ဂျာယန်သို့ သွားလာရေးအစီအစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနထံတင်ပြ၍ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ မကြာမီ ကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးကို မျှော်ရည်၍ ငြိမ်းချမ်းရေးကော်မရှင်သည် အကြိုပြင်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်၌ (Nationwide Ceasefire Agreement -NCA) လက်မှတ်ရေးထိုးထားပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်နိုင်ရေးအတွက်လည်း ဖိတ်ကြားထားပြီးဖြစ်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA တွင် အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်နေသေးသည့်အချက်များကိုလည်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ မိုင်ဂျာယန်မျက်နှာစုံညီအစည်းအဝေးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးလုပ်ငန်းများတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထပ်တိုးပါဝင်နိုင်ရေးကို အောင်မြင်စွာဆွေးနွေးညှိနှိုင်းနိုင်ပြီး NCA ကို အခြေခံ၍ ပေါ်ပေါက်လာသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး စုံညီစွာတက်ရောက်နိုင်စေမည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။”

**(သတင်းစဉ်)**

---

❊ *ကျောဖုံးမှ*

တိုးတက်ရေး(ရန်ကုန်)၌ ကျင်းပသော ဆွေးနွေးဟောပြောပွဲတွင် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဓာတုဗေဒစက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းထင်က “The Current Status of Chemical Industries for SMEs in Myanmar” ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ “မြန်မာနိုင်ငံမှာ စက်မှုလုပ်ငန်းတွေ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်မှုမရှိအောင် ဓာတုဗေဒပစ္စည်းတွေကိုလည်း စနစ်တကျ သိုလှောင်သုံးစွဲကြရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ဒေသအဆင့်၊ အမျိုးသားအဆင့်နဲ့ နိုင်ငံတကာအဆင့်ဆိုပြီး စံချိန်စံညွှန်း သတ်မှတ်ချက်တွေနဲ့အညီ လုပ်ဆောင်သွားဖို့လိုပါတယ်။ ဒေသအဆင့်မှာကိုပဲ ရန်ကုန်နဲ့ မန္တလေးမတူပါဘူး။ ဒေသအဆင့် ဘေးကင်းလုံခြုံတဲ့ စံသတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ အမျိုးသားအဆင့်ကို တက်လှမ်းလို့ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒေသအဆင့်ကနေ စံသတ်မှတ်ချက်တွေနဲ့အညီ လိုအပ်မှာဖြစ်ပါတယ်” ဟု ဦးဝင်းထင်က ပြောသည်။ မြန်မာနိုင်ငံတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၂၈ ဖြင့် အတည်ပြုပြဋ္ဌာန်းထားကြောင်း၊ ယင်းဥပဒေတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်းများ ကိုင်တွယ်သုံးစွဲရာတွင် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း ဖော်ပြထားကြောင်း သိရသည်။

---

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၃** - ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

---

# မြန်မာနိုင်ငံ၌ အနောက်ဥရောပအင်ဂျင်နီယာပညာရပ်များ ပေါ်ထွန်းလာရေး မြန်မာ - ပြင်သစ် MoU လက်မှတ်ရေးထိုး

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံ မျိုးဆက်သစ်လူငယ်များအတွက် အနောက်ပိုင်းဥရောပ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များ လေ့လာသင်ကြားနိုင်ရန် ပြင်သစ်နိုင်ငံ စက်မှုသိပ္ပံကျောင်းများဖြစ်သော HEI ISA ISEN Group နှင့် မြန်မာနိုင်ငံ ပညာရေးနယ်ပယ်တွင် ကြီးမားကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးနေသည့် MCC Group တို့ ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။




**မြန်မာနိုင်ငံ MCC နှင့် ပြင်သစ်နိုင်ငံ HEI ISA ISEN Group တို့ MoU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်**

“ကျွန်တော်တို့ အခုပြင်သစ်နိုင်ငံ စက်မှုသိပ္ပံကျောင်းတွေနဲ့ ပထမဦးဆုံး အကောင်အထည်ဖော်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ကမ္ဘာမှာအဆင့်မြင့် အင်ဂျင်နီယာပညာတွေ ထွန်းကားတဲ့ ပြင်သစ်နိုင်ငံရဲ့အဆင့်မြင့်အင်ဂျင်နီယာ နည်းပညာတွေကို မြန်မာလူငယ်တွေ အနေနဲ့ လက်ဆင့်ကမ်းသယ်ဆောင်နိုင်ဖို့ ဖြစ်ပါတယ်။ အခုဆိုရင် အနောက်ဥရောပနိုင်ငံတွေဖြစ်တဲ့ ပြင်သစ်နဲ့ ဂျာမနီဟာ ကမ္ဘာမှာ အဆင့်မြင့်အင်ဂျင်နီယာ အထွန်းကားဆုံးဖြစ်ပါတယ်”ဟု MCC ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။

အဆိုပါ မဟာသိပ္ပံ(အင်ဂျင်နီယာ) သင်တန်းကို မြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်များဖြစ်သော တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် အခြား အင်တာနေရှင်နယ်ကျောင်းများမှ တက်ရောက်အောင်မြင်သူများ ယခုနှစ် စက်တင်ဘာလတွင် စတင်တက်ရောက်နိုင်ပြီဖြစ်ပြီး အဆိုပါ မဟာသိပ္ပံ (အင်ဂျင်နီယာ) သင်တန်းကို မြန်မာနိုင်ငံတွင် နှစ်နှစ်၊ ပြင်သစ်အင်ဂျင်နီယာ တက္ကသိုလ်တွင် သုံးနှစ် တက်ရောက်ရမည်ဖြစ်ကာ စုစုပေါင်း ငါးနှစ် တက်ရောက်အောင်မြင်ပြီးပါက M.Sc(Engineering) ဘွဲ့ရရှိမည်ဖြစ်သည်။

“သင်တန်းတက်ရောက်မယ့် မြန်မာနိုင်ငံက ကလေးတွေအနေနဲ့ ဒီမှာ ပထမနှစ်နဲ့ ဒုတိယနှစ်ကို သင်ကြားရမှာဖြစ်ပြီး တော့ တတိယနှစ်၊ စတုတ္ထနှစ်နဲ့ နောက်ဆုံး ပဉ္စမနှစ်ကိုတော့ ပြင်သစ်နိုင်ငံ Lille မြို့မှာရှိတဲ့ HEI ISA ISEN မှာ တက်ရမှာပါ။ သင်တန်းကာလအနေနဲ့ စုစုပေါင်း ငါးနှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးရင်တော့ ဥရောပနိုင်ငံတွေနဲ့ ကမ္ဘာ့အသိအမှတ်ပြု မဟာသိပ္ပံ(အင်ဂျင်နီယာ) M.Sc (Engineering) ဘွဲ့ကို တိုက်ရိုက်ရရှိမှာဖြစ်တယ်။ ပြင်သစ်မှာ တက်တဲ့အခါ အင်္ဂလိပ်ဘာသာအပြင် ပြင်သစ်လိုပါ တွဲဖက်သင်ကြားရမှာ ဖြစ်တာကြောင့် ပထမနှစ်နဲ့ ဒုတိယနှစ်ကတည်းက ဒီမြန်မာနိုင်ငံရဲ့ ပြင်သစ်သံရုံးမှာ တွဲဖက်ဖွင့်လှစ်ထားတဲ့ ပြင်သစ်ဘာသာသင်တန်းကျောင်းမှာ သီးသန့်သင်ကြားပေးဖို့ စီစဉ်ထားတယ်” ဟု ဦးတင်ဝင်းအောင်က ထပ်မံရှင်းပြသည်။

ယနေ့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် MCC ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ HEI ISA ISEN Group မှ Mr. David Perry၊ ပြင်သစ်နိုင်ငံသံမှူး၊ MCC Group မှ CEO ဒေါ်ချောခင်ခင်နှင့် မြန်မာနိုင်ငံ ပညာရေးနယ်ပယ်မှ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**

---

# တရုတ်ယွမ်ဈေးမြင့်တက်လာသော်လည်း ပဲတီစိမ်းဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ

**မန္တလေး ဇူလိုင် ၂၃**

ယခုရက်ပိုင်းအတွင်း တရုတ်ယွမ် လဲလှယ်နှုန်းများ ပြန်လည်မြင့်တက်ခဲ့သော်လည်း မြန်မာပဲတီစိမ်းဈေးနှုန်းမှာ ဆက်လက်ကျဆင်းလျက်ရှိကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။



ယခင်အပတ်များက တရုတ်ယွမ်ဈေးကျဆင်းမှုနှင့်အတူ ပဲတီစိမ်းဈေးနှုန်းမှာလည်း တရုတ်ငွေကြေးလဲလှယ်နှုန်းနှင့် ညီမျှစွာ ဈေးနှိမ်ဝယ်ယူခံခဲ့ရပြီး ဇူလိုင်၂၀ ရက်နောက်ပိုင်းမှစ၍ တရုတ်ယွမ်ဈေးနှုန်း တဖြည်းဖြည်း မြင့်တက်ခဲ့သော်လည်း ပဲတီစိမ်းဈေးနှုန်းမှာ ပြန်လည်မြင့်တက်လာခြင်းမရှိသည့်အပြင် ဆက်တိုက်ကျဆင်းလာကြောင်း ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

“အမှန်တကယ်ဆို သူတို့ငွေဈေးတက်လာရင် မြန်မာ့ပဲကိုလည်း ဈေးမြှင့်ပြီး ဝယ်သင့်ပေမယ့် နှစ်စဉ် ဒီလိုအချိန်မှာ ဂျပန်နဲ့ဥပရောပဈေးကွက်က ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းတွေက ဒီနှစ်မှာတော့ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေရဲ့ ဓာတ်ကြွင်းဓာတ်ကျန်တွေ ပါရှိနေတယ်ဆိုပြီး ဝယ်ယူမှုရပ်တန့်သွားတယ်။ ဒါကြောင့် တရုတ်ကိုပဲ အားထားပြီး ရောင်းချဖို့ မန္တလေးဈေးကွက်ကို တစ်ပြည်လုံးကပဲတွေ ဦးတည်ဝင်လာကြတယ်။ အဝင်များလာတော့ အကြောင်းအမျိုးမျိုးပြပြီး ဈေးနှိမ်ခံရပြန်တာပေါ့”ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀ ရှိနေပြီး ယခု ဇူလိုင် ၂၃ ရက်တွင် ပဲတီစိမ်းဈေးနှုန်းမှာ ငွေကျပ် ၆၃၀၀၀ နှုန်းအထိ ထပ်မံကျဆင်းလျက် ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး

**သတင်း - ရီရီမြင့်၊ ဉမ္မာသန့်**
**ဓာတ်ပုံ - ရဲထွဋ်**

**ရန်ကုန် ဇူလိုင် ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဖြစ်မြောက်ရေးကော်မတီတို့မှ ကော်မတီဝင်များနှင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံညှိနှိုင်းခန်းမ၌တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးသည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံခန်းမ၌ နိုင်ငံရေးစာပေအသိပညာရှင် အတတ်ပညာရှင်များဖြစ်ကြသည့် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က နဂါးနီ၏ နိုင်ငံရေးစာပေ၊ ဒေါက်တာကျော်ဝင်း (ပါမောက္ခ-ငြိမ်း)က ၁၉၄၇ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့်ပြဿနာများ၊ ဦးဇော်သက်ထွေးက အာဏာရှင်ခေတ်တွင် ပြည်ပရောက်သွားသော စာရေးဆရာများ ထုတ်ဝေရေးသားခဲ့သည့် နိုင်ငံရေးစာပေစာအုပ်များ၊ ဦးအောင်ရှင်(မုံရွာအောင်ရှင်)က ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နိုင်ငံရေးကဗျာများ၊ ဦးမြင့်ဆွေ (မြင့်ဆွေဦး)က နိုင်ငံရေးစာပေအစ နဂါးနီက၊ ဦးကျော်မင်းယု (ဂျင်မီ)က ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပါအဝင် နိုင်ငံရေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာစာတမ်း၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေ၊ ဦးသန်းဌေး (သင့်နော်)က လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေးစာပေ အင်အားစုသို့ ချဉ်းကပ်ခြင်း၊ ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-လူထု)က ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့မှိန့်ခွန်းများထဲမှ နိုင်ငံရေး အဘိဓမ္မာ၊ ဦးအေးမောင်(အေးမောင်ကျော်)က လစ်ဘရယ်ဒီမိုကရေစီ ကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း၊ ဦးမိုးမြင့်ဝင်း (မိုးမြင့်ဝင်း-နည်းပညာ)က ဖဆပလဝန်ကြီးချုပ် သခင်နု ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်၊ ဦးကျော်ဇံလှ(ညီစေမင်း)က နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားမှုများ၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)က နိုင်ငံတကာ နိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)၊ ဦးသန်းအုန်း(မောင်ဇေယျာ)က မြန်မာ့နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)၊ ဦးရဲနိုင်အောင်(ကိုဝ)က နိုင်ငံရေးဘောဂဗေဒစာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု၊ ဦးမော်လင်း(မော်လင်း)က မြန်မာ့နိုင်ငံရေးနှင့် စာနယ်ဇင်းများ၊ ဦးဇော်လင်း(လင်းအေး)က မြန်မာနိုင်ငံ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀)နှင့် ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က ခေတ်ပြိုင်နိုင်ငံတကာနိုင်ငံရေးအတွေးအခေါ်များ စသည့်စာတမ်း (၁၈) စောင်တို့ကို သုံးရက်တိုင်တိုင် ဖတ်ကြားဟောပြော ဆွေးနွေးကြမည်ဖြစ်သည်။



စာတမ်းဖတ်ပွဲနှင့်အတူ မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းက ဗဟိုပုံနှိပ်စက်ရုံဝင်းအတွင်း၌ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကိုပါ တစ်ဆက်တည်း ကျင်းပမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၇၀ ခန့်က နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုတရသ၊ နိုင်ငံရေးစာပေများအပါအဝင် ဘာသာရပ်ဆိုင်ရာ စာအုပ်အဟောင်းများနှင့် အသစ်များကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်သို့ စိတ်ပါဝင်စားသူမည်သူမဆို ဝင်ကြေးမရှိ လာရောက်လေ့လာနိုင်ပြီး စာအုပ်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

# လူကုန်ကူးမှုအသိပညာပေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ပြည်သူများ လူကုန်ကူးမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမခံရစေရေး အသိပညာပေးခြင်းနှင့် လူကုန်ကူးသူပွဲစားများကို ထိရောက်စွာအရေးယူနိုင်ရေးတို့အတွက် မေ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ International Organization for Immigration (IOM) နှင့်ပူးပေါင်း၍ မေလနှင့် ဇွန်လအတွင်း ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီးတစ်ခုရှိ Hot Spot ဧရိယာများတွင် Information Campaign များ ပြုလုပ်ခဲ့သည်။

လူကုန်ကူးမှုစတင်ဖြစ်သည့်နေရာများနှင့် တစ်ဆင့်ခံနေရာများဖြစ်သည့် ပြည်နယ်လေးခုနှင့် တိုင်းဒေသကြီးတစ်ခုတို့၏ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ ကားဂိတ်များ၊ လေဆိပ်၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်နေရာများ၊ ကျောင်းများ၊ ဝေးလံခေါင်သီသည့်နေရာများ၊ စစ်ဆေးရေးဂိတ်စခန်းများစသည့် အဓိကနေရာ ၅၃ နေရာ ရွေးကာ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မေ ၁၅ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့တွင် မေ ၁၇ ရက်မှ ၁၉ ရက်နှင့် ဘားအံမြို့တွင် မေ ၂၆ ရက်မှ ၂၇ ရက်အထိ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် မေ ၂၅ ရက်မှ ၂၆ ရက်အထိ လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဇွန် ၈ ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ လည်းကောင်း Information Campaign များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရောဝတီမြစ်ရေ ရွှေကူနှင့် ကသာမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၃** ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အဆိုပါမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင်ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကူမြို့နယ်နှင့်ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၂၃**

နိုင်ငံတော်အတွက်အကျိုးရှိမည့် လူငယ်များ၏ပညာရေး၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ရေး အထောက်အကူဖြစ်စေမည့် ကင်းထောက်ဖွဲ့စည်းဆောင်ရွက်မှုများ ကြီးပမ်းလျက်ရှိပြီး မြန်မာနိုင်ငံတွင် ၁၉၁၆ ခုနှစ်မှစ၍ ကင်းထောက်အဖွဲ့များလှုပ်ရှားဆောင်ရွက်ခဲ့သည်ဖြစ်၍ ယခု ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံကင်းထောက်အဖွဲ့သည် နှစ်(၁၀၀)ပြည့်မြောက်ပြီ ဖြစ်ကာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင်ကျရောက်မည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ နှစ်(၁၀၀)ပြည့်ကာလ၌ ရာပြည့်အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အထိမ်းအမှတ်ဆောင်ရွက်မည့် အစီအစဉ်များတွင် ပြပွဲခင်းကျင်းပြသမှုလုပ်ငန်းများပါဝင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာကင်းထောက်ဆိုင်ရာ အမှတ်တရပစ္စည်း၊ အသုံးအဆောင်ပစ္စည်း၊ ဓာတ်ပုံ၊ စာအုပ်စာတမ်းအစရှိသည်တို့ကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး အမှတ်(၂၄၀-စီ) အထက်ပုဇွန်တောင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်၍ ငှားရမ်းပါရန် (သို့မဟုတ်) လှူဒါန်းနိုင်သည်။

အလားတူ မြန်မာနိုင်ငံ ကင်းထောက်ရာပြည့်အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ကိုလည်း အကြောင်းအရာကဏ္ဍပြည့်ပြည့်စုံစုံဖြင့် ပုံနှိပ်ထုတ်ဝေရန်ရှိသဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက် နောက်ဆုံးထားပြီး ကင်းထောက်သမိုင်းဆိုင်ရာ ဓာတ်ပုံ၊ သတင်းမှတ်တမ်း၊ အမျိုးသား အမျိုးသမီးကင်းထောက်လှုပ်ရှားမှု အစရှိသည်များနှင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုစာမူများရေးသားပြုစုလျက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး အမှတ်(၂၄၀-စီ) အထက် ပုဇွန်တောင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ကောင်းသန့် စာပေတိုက် အမှတ်(၂၀၉)ပထမထပ် ၃၈ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့(ဖုန်း-၀၁ ၃၈၃၄၂၃)၊ စာတည်းအဖွဲ့ ပညာတန်ဆောင်မဂ္ဂဇင်း အမှတ်(၃) ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ (ဖုန်း-၀၁ ၅၃၉၇၃၈) တို့သို့ ပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ နှိုးဆော်ထားသည်။

**ကိုလတ် (သတင်းစဉ်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးသင်တန်းဖွင့်

**သထုံ ဇူလိုင် ၂၃**

အမျိုးသမီးများ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံနေရခြင်းများကို ကာကွယ်ပေးသည့် ဥပဒေပါအချက်အလက်များနှင့် အမျိုးသမီးအခွင့်အရေးများကို သိရှိစေရန်အတွက် မွန်ပြည်နယ် သထုံမြို့ ရွှေချောင်းရပ်ရှိ ဘိုးဘွားရိပ်သာတွင် ဇူလိုင် ၂၃ ရက်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် USAID တို့ပူးပေါင်းကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး အသိပညာပေးသင်တန်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်တဲ့အတွက် ဒီဟာတွေကို ရပ်ရွာထဲမှာရှိတဲ့ အမျိုးသမီးထု အကုန်လုံးသိရှိအောင်လို့ အနှစ် ၂၀ လည်းရှိပြီဆိုတော့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်လို့ လုပ်တာပါ။ အရင်က တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပဲ ဆောင်ရွက်ခဲ့တယ်။ ခုကတော့ ခရိုင်တွေမှာပါဆင်းပြီး ဆောင်ရွက်တာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး နော်တာဝါက ပြောသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများက ကျား/မ ခွဲခြားမှုနှင့် အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပေါ်ရသည့် အကြောင်းများနှင့် အကျိုးသက်ရောက်မှုများ၊ သဘောထားခံယူချက်နှင့် တုံ့ပြန်မှုများ၊ အကြမ်းဖက်မှု သက်သေအထောက်အထားများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အတူ ၂၀၁၃ ခုနှစ်က စတင်ရေးဆွဲထားပြီး အခန်း ၁၉ ခန်းနှင့် ဥပဒေပုဒ်မပေါင်း ၉၃ ခု ပါဝင်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းပါ အချက်အလက်များနှင့် အဆိုပါဥပဒေအပေါ် သင်တန်းတက်ရောက်သူတို့၏ အမြင်များကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုခံရပါက လူမှုဝန်ထမ်းဦးစီးဌာနသို့ စာဖြင့် သို့မဟုတ် ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားနိုင်ပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း အမျိုးသမီးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ လက်ရှိအချိန်ထိ လူမှုဝန်ထမ်းဦးစီးဌာနသို့ လိပ်မူသည့် တိုင်ကြားစာပေါင်း ၁၆ ခုရှိပြီး အရေးယူပြီးစီးခဲ့သည်များကို တိုင်ကြားသူများထံ ပြန်ကြားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါသင်တန်းများကို ယခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့အသီးသီးတွင် အနည်းဆုံး ၂၅ ကြိမ်ခန့် ဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး လက်ရှိအချိန်အထိ ၁၀ ကြိမ်ခန့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများသည် နိုင်ငံတကာအတွက် လေ့လာစရာနမူနာကောင်းတစ်ရပ်ဖြစ်

**နေပြည်တော် ဇူလိုင် ၂၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien နှင့် ယခင်ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Jordan Ryan ဦးဆောင်သောအဖွဲ့အား ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။ **(ယာပုံ)**

ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးနှင့် အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုရှေ့နေချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းမှု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းမှု၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်မှု ကော်မတီဖွဲ့စည်းမှုများနှင့် ဩဂုတ်လမကုန်မီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေးအတွက် အကြိုပြင်ဆင်ရေး ကော်မတီများ၏ ညှိနှိုင်းဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရန်အတွက် ယခင်ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် Mr. Jordan Ryan ဦးဆောင်သောအဖွဲ့က ပါဝင်ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုများသည် နိုင်ငံတကာအတွက် လေ့လာစရာ နမူနာကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ My Justice Team ၏အဖွဲ့ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် UNDP၊ IDLO စသည့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ပူးပေါင်း ဆောင်ရွက်နေမှုများကိုရှင်းလင်း ပြောကြားပြီး Ms. Caitlin Reiger က My Justice Program သည် ဥရောပသမဂ္ဂမှ ကူညီထောက်ပံ့ပြီး British Council က အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် တရားမျှတမှုရရှိရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်နှင့် မော်လမြိုင်မြို့တို့တွင် Justice Center များ ဖွင့်လှစ်ထားပါကြောင်းနှင့် ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (၄)ရပ်၊ Paralegal နှင့် Pilot Project လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# သမဝါယမတက္ကသိုလ်(သန်လျင်)တွင် ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် သွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

သမဝါယမတက္ကသိုလ်(သန်လျင်)တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် တက္ကသိုလ်ကြက်ခြေနီအသင်းတို့မှကြီးမှူး၍ နံရံကပ်စာစောင်ပြပွဲ၊ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် တက္ကသိုလ် ကြက်ခြေနီအသင်း၏ (၁၂) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားအား ဥတ္တရစာသင်ဆောင်၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ သမဝါယမတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဦးတင်သိန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါက်တာအေးအေးမော်နှင့် တက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒေါက်တာအောင်ကျော်ထွဋ်၊ ဒေါက်တာသန်းအောင်ထွန်းတို့က မှန်မြတ်သောသွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှပြုလုပ်သော ၂၀၁၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်း အမှတ် ကြက်ခြေနီသူနာပြုစွမ်းရည်ပြိုင် ပွဲတွင် နှစ်ယောက်တွဲ ပထမဆုရရှိခဲ့သော တက္ကသိုလ်ကြက်ခြေနီအသင်းမှ အသင်းသားနှစ်ဦးနှင့် တစ်ဦးချင်းဒုတိယဆု ရရှိသော အသင်းသားတစ်ဦးအား ပါမောက္ခချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ သွေးလှူဒါန်းပွဲအခမ်းအနားတွင် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ တက္ကသိုလ်ကြက်ခြေနီအသင်းသားများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၀၅ ဦး သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**

ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်ကြီးများကိုစိတ်ရင်းဖြင့် ရည်စူးလျက် စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော ဒုတိယအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်)ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်ခဲ့ရာ စေတနာအလျောက် သွေးလာရောက်လှူသူ ၁၅၈ ဦးရှိခဲ့သည်။ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့်သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြက်ဥ ၁၀ လုံး၊ အမှတ်တရ UV နေရောင်ခြည်ကာကွယ်သော ထီးကြီးတစ်လက်၊ အမှတ်တရတံဆိပ်ပါ ဦးထုပ်တစ်လုံးနှင့် အမှတ်တရတံဆိပ်ပါ 100% Cotton Sport-Shirt တစ်ထည်လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုခဲ့ကြောင်း၊ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်သီတာအောင်၊ လူမှုဆက်ဆံရေးအရာရှိ ဒေါ်ခင်ခင်ထွေးတို့က ကြီးကြပ်လျက် ဆရာဝန်၊ သူနာပြု၊ အကူလက်ထောက်များက နားရက်မယူဘဲ သွေးများလက်ခံရယူပေးကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရပ်ကွက် ရေဝင်သည့်ကျေးရွာများသို့ ရိက္ခာပစ္စည်းများလှူဒါန်း

**ငါးသိုင်းချောင်း ဇူလိုင် ၂၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ဟင်္သာတခရိုင်ဦးစီးမှူးနှင့် ဌာနဝန်ထမ်းများသည် ငါးသိုင်းချောင်းမြို့ ငဝန်ရပ်ကွက်သို့ ဇူလိုင် ၂၂ ရက်က ရောက်ရှိခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက ငဝန်မြစ်ရေနှင့် ဒေသအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ငဝန်ရပ်ကွက်အတွင်း အိမ်ထောင်စုပေါင်း ၆၃၈ စု ရှိသည့်အနက် ငဝန်မြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိရေဝင်နစ်မြုပ်အိမ်ထောင်စု ၃၁၃ စုအတွက် ဆန်လေးပြည်၊ ငါးသေတ္တာလေးဘူးနှင့် ရေသန့်ဆေး လေးကတ်ပါဝင်သော မိသားစုသုံး ရိက္ခာအိတ်များကို လောကမာန်အောင်တန်ဆောင်းနှင့် ရေဝင်နစ်မြုပ်နေထိုင်ရာ အိမ်ခြေများ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသော ရိက္ခာပစ္စည်းများအား တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သောဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများကလိုက်လံ၍ လက်ရောက်ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ငဝန်မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော ကက္ကူလေးကျေးရွာနှင့် မြစ်ဆယ်ကျေးရွာများသို့ ဆက်လက်လှူဒါန်းပေးရန်စီစဉ်ထားပြီး အဆိုပါရပ်ကွက်ကျေးရွာများ အပါအဝင် ငါးသိုင်းချောင်းမြို့ပတ်ဝန်းကျင်ရပ်ကွက်ကျေးရွာအုပ်စု ၂၃ အုပ်စုသည် ငဝန်မြစ်ရေကြီးမြင့်ချိန်တွင် မြစ်၏အနောက်ဘက်ခြမ်းဒေသများဖြစ်၍ နှစ်စဉ်ရေဝင်ရောက်သော ကျေးရွာများဖြစ်ပြီး ငဝန်မြစ်ရေအမှတ် ပေ ၃၀ သို့ ရောက်ရှိမှသာ နေအိမ်များသို့ ရေဝင်နစ်မြုပ်လေ့ရှိကြောင်း၊ လက်ရှိအချိန်တွင် ကျေးရွာအတွင်း ရေ ၃ ပေခန့်သာ ဝင်ရောက်လျက်ရှိရာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်းမရှိသေးကြောင်းနှင့် ငဝန်ရေကာတာ ကြံ့ခိုင်မှုအခြေအနေမှာ လက်ရှိအချိန်အထိ ကောင်းမွန်နေဆဲဖြစ်ပြီး နေ့ညရေကင်းများချထားလျက် အမြဲမပြတ် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီအချိန် တိုင်းထွာချက်အရ ၂၈ ဒသမ ၇၀ ပေ အဆိုပါမြို့၏ စိုးရိမ်ရေအမှတ်အထက် ၁ ပေနှင့် သုညဒသမ ၇၀ လက်မသို့ ကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ကြို့ပင်ကောက်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဖြင့် ကော်မတီများဖွဲ့စည်း

**ကြို့ပင်ကောက် ဇူလိုင် ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၀ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဇူလိုင်လ တတိယပတ်က ကော်မတီနှစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်တွင် ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းဝင်ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စီမံကိန်းဝင်ကျေးရွာ ၁၂ ရွာ စုစုပေါင်း ၁၃ ရွာတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၀ ကို မတည်ငွေကျပ်သိန်း ၆၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာပေါင်း ၃၃ ရွာရှိ ဒေသခံပြည်သူများမှာ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

# စီးပွားရေးလုပ်ငန်းစတင်ခြင်းအစီအစဉ် တက်ရောက်ရန် မန္တလေးမြို့ရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များရွေးချယ်ခံရ

**မန္တလေး ဇူလိုင် ၂၃**

AAT Business Park နှင့် Myanmar Great Diamond စိန်ရွှေရတနာဆိုင်တို့ ဦးစီးကျင်းပမည့် စီးပွားရေးလက်တွေ့အသုံးပြုသင်တန်းအား တတ်ရောက်နိုင်ရန် မန္တလေးမြို့နေ စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၃ ဦး ရွေးချယ်ခံရကြောင်း AAT Business Park မှ သိရသည်။

ရွေးချယ်ခံရသော စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၃ ဦးအား လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးသင်တန်း ဆရာများနှင့် ပြည်တွင်းစီးပွားရေးဦးဆောင်သူများထံမှ လက်တွေ့အသုံးဝင်သောသင်တန်းနှင့် လုပ်ငန်းအား ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်နိုင်ရန် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀၊ သိန်း ၃၀၊ သိန်း ၅၀ ထည့်ဝင်ကာ လုပ်ငန်းစတင်အကောင်အထည်ဖော်ရန် ပေးသွားမည်ဖြစ်သည်။

အဆိုပါ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား AAT Business Park နှင့် ILO တို့ပူးပေါင်း၍ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် မန္တလေးရွှေပြည်သာဟိုတယ်၌ ကျင်းပသော စီးပွားရေးအသိပညာပေးဆွေးနွေးပွဲတွင် လျှောက်ထားသူများထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ထူး (မန္တလေး)**

# ချင်းတွင်းမြစ်အတွင်း၌ ကုန်တင်စက်လှေနစ်မြုပ်

**ခန္တီး ဇူလိုင် ၂၃**

မုံရွာမှ ခန္တီးသို့စက်လှေမောင်း ဦးဝင်းဗိုလ် မောင်းနှင်ဆန်တက်လာသည့် ပြည့်ဖြိုးအောင် ကုန်တင်စက်လှေသည် ဇူလိုင် ၂၂ ညနေ ၅ နာရီခွဲခန့်က ခန္တီးမြို့နယ် မိုင်းနောင်ရွာအနီး မန်တုံဝဲအတွင်းအရောက်တွင် နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ပြည့်ဖြိုးအောင်ကုန်တင်စက်လှေသည် ခန္တီးသို့တင်ပို့ရောင်းချမည့် ဒီဇယ်ပီပါ အလုံး ၃၀၊ ဓါတ်ဆီပီပါ ၁၀ လုံးနှင့် ဆန်အိတ် ၂၀၀ တင်ဆောင်လာပြီး မိုင်းနောင်ရွာအနီး မန်တုံဝဲအတွင်းအရောက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်နစ်မြုပ်သည့်သတင်းကို ကြားသိလျှင်သိချင်း ခန္တီးခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ကယ်ဆယ်ရေးအဖွဲ့ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယာဉ်ပေါ်တွင်ပါလာသည့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး၊ ကလေးတစ်ဦး၊ စုစုပေါင်းကိုးဦးစလုံးကို အသေအပျောက်မရှိ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**စန်းလွင်ဦး (ပြန်/ဆက်)**

# မြူးနစ်မြို့ကုန်တိုက်အနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား ကိုးဦးသေဆုံး




**မြူးနစ် ဇူလိုင် ၂၃**

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ သောကြာနေ့ ညနေပိုင်းက ဂျာမန်-အီရန်ကပြား အသက် ၁၈ နှစ် အရွယ်လူငယ်သေနတ်သမားတစ်ဦးက လူစည်ကားရာ ကုန်တိုက်တစ်ခုအနီးတွင် ပစ်ခတ်ခဲ့သဖြင့် အနောက်ဥရောပ၌ ရှစ်ရက်အတွင်း တတိယအကြိမ်အဖြစ် အရပ်သားများ အပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် လူကိုးဦးထက်မနည်းသေဆုံးသွားသည့် ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ မြူးနစ်ရဲမင်းကြီး ဟူဘာတပ်စ်အန်ဒရေး၏အဆိုအရ ပစ္စတိုကိုင်ထားသော သေနတ်သမားသည် ဦးခေါင်းတွင် ရရှိထားသောဒဏ်ရာဖြင့် နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

မြူးနစ်အိုလံပီယာဈေးဝယ်ကုန်တိုက်အနီး၌ ပစ်ခတ်မှုနှင့်စပ်လျဉ်း၍ သံသယရှိသူသုံးဦးကို ရှာဖွေခဲ့ကြောင်း၊ အဆိုပါ ပစ်ခတ်မှုကို အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအဖြစ် သုံးသပ်ကြောင်း ရဲအဖွဲ့က ထပ်မံပြောကြားခဲ့သည်။

သို့သော်လည်း စနေနေ့အစောပိုင်း သတင်းစာရှင်းလင်းပွဲတွင် သေနတ်သမားမှာ တစ်ဦးတည်းဖြစ်နိုင်ကြောင်း ဈေးဝယ်ကုန်တိုက်သို့မရောက်မီ အသင့်စား စားသောက်ဆိုင်တွင် ပစ်ခတ်မှုပြုလုပ်ခဲ့သေးကြောင်း အာဏာပိုင်တို့က ပြောသည်။

ထိုတိုက်ခိုက်မှုကြောင့် ကလေးအချို့အပါအဝင် လူခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး သုံးဦးမှာ စိုးရိမ်ရကြောင်း အန်ဒရေးက ပြောသည်။ ဂျာမနီနိုင်ငံ၏ တတိယအကြီးဆုံးမြို့တွင် ယခင်က ထိုကဲ့သို့တိုက်ခိုက်မှုမရှိကြောင်း၊ တိုက်ခိုက်မှုအပြီး မြို့ပေါ် လမ်းများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

(ရိုက်တာ)

# ဗန်ကောက်မြို့လယ် ဘုရားကျောင်းအတွင်း ကားတစ်စီးဝင်တိုက်မှုကြောင့် အနည်းဆုံးခြောက်ဦး ဒဏ်ရာရရှိ

**ဗန်ကောက် ဇူလိုင် ၂၃**

လွန်ခဲ့သောနှစ် ဗုံးပေါက်ကွဲမှုဖြစ်ပွားသော ဗန်ကောက်မြို့လယ် ဧရာဝဏ်ဘုရားကျောင်းအတွင်း ဇူလိုင် ၂၂ရက်က ကားတစ်စီးဝင်တိုက်မှုကြောင့် ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ရာ စင်ကာပူနိုင်ငံသားနှစ်ဦးလည်း ပါဝင်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဒဏ်ရာရရှိသူများသည် ထိုင်းနိုင်ငံသားများဟုတ်မဟုတ် အတည်မပြုနိုင်သေးပေ။ သို့သော်လည်း ဂျော်စော ၁၀၀ ရေဒီယို၏ပြောကြားချက်ဖြစ်သော ဒဏ်ရာရရှိသူများတွင် အင်ဒိုနီးရှားနိုင်ငံသားနှစ်ဦး၊ စင်ကာပူနိုင်ငံသားနှစ်ဦး၊ တရုတ်လူမျိုးတစ်ဦးနှင့် ထိုင်းလူမျိုးယာဉ်မောင်းတစ်ဦးတို့ ပါဝင်သည်ဆိုသည့် သတင်းကိုကိုးကား၍ ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြခဲ့သည်။

အဆိုပါဖြစ်ရပ်မှာ မတော်တဆမှုဖြစ်ကြောင်း လွန်ပီနီ ရဲအရာရှိကြီး ပွန်ချိုင်းချာလိုဒက်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ အမျိုးသမီးတစ်ဦးသည် ကားမောင်းစဉ် ဝက်ရူးပြန်ရောဂါဖြစ်ပေါ်ပြီး အရှိန်မထိန်းနိုင်ဘဲ ဧရာဝဏ်ဘုရားကျောင်းထဲသို့ ဝင်တိုက်မိခြင်းဖြစ်ကြောင်း ရဲအရာရှိကြီးက ပြောခဲ့သည်။

အရှေ့တောင်အာရှတွင် ဧရာဝဏ်ဘုရားကျောင်းမှာ ထင်ရှားသော ခရီးသွားနေရာတစ်ခုဖြစ်သည်။

(ဆင်ဟွာ)

# အိန္ဒိယလေတပ်လေယာဉ်တစ်စင်း ဘင်္ဂလားပင်လယ်အော် လူသူမနီးကျွန်းတစ်ခုအနီးတွင် ပျောက်ဆုံး



**မွမ်ဘိုင်း ဇူလိုင် ၂၃**

လူ ၂၉ ဦး သယ်ဆောင်လာသော အိန္ဒိယလေတပ်လေယာဉ်တစ်စင်းသည် ဇူလိုင် ၂၂ ရက်က ဘင်္ဂလားပင်လယ်အော် လူသူမနီး ကျွန်းတစ်ခုအနီးတွင် ပျောက်ဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ရုရှားလုပ် AN-32 လေယာဉ်သည် ချန်နိုင်(မဒရပ်စ်)မှ အန်ဒမန်နှင့် ပို့ဘလဲသို့ ဦးတည်ပျံသန်းစဉ် ရေဒါမှ ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်သည်။

မိုးရာသီတွင် ဘင်္ဂလားပင်လယ်အော်၌ ရာသီဥတုဆိုးရွားလေ့ရှိပြီး လွန်ခဲ့သောနှစ်ရက်ကတည်းက ယင်းပင်လယ်အော်တွင် ရာသီဥတုဆိုးရွားနေကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားခဲ့သည်။

စုံစမ်းထောက်လှမ်းရေးလေယာဉ်များနှင့် သင်္ဘောများသည် ပျောက်ဆုံးလေယာဉ်ကို ရှာဖွေလျက်ရှိကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လေယာဉ်ပျောက် ရှာဖွေရာတွင် စုံစမ်း ထောက်လှမ်းရေးလေယာဉ်လေးစင်းနှင့် သင်္ဘော ၁၂ စင်းကို စေလွှတ်လိုက်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ ထိုသို့ရှာဖွေမှုသည် အိန္ဒိယသမိုင်းတွင် အကြီးမားဆုံးရှာဖွေမှုဖြစ်ကြောင်း သိရသည်။

အိန္ဒိယသည် ရေမိုင် ၇၅၀ ကွာဝေးသော အန်ဒမန်ကျွန်းများတွင် ၎င်း၏စစ်ရေးတည်ရှိမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး ယင်းကျွန်းများသည် မလက္ကာရေလက်ကြားအနီးတွင်တည်ရှိသည်။ မလက္ကာရေလက်ကြားသည် အိန္ဒိယသမုဒ္ဒရာမှ တောင်တရုတ်ပင်လယ်နှင့် အရှေ့အာရှကို ဆက်သွယ်ပေးသော ကမ္ဘာ့အကြီးဆုံး သင်္ဘောဆိပ်ကမ်းတစ်ဖြစ်လဲ ရေလမ်းကြောင်း ဖြစ်သည်။

(ရိုက်တာ)

# တရုတ်၌ မိုးသည်းထန်မှုကြောင့် လူပေါင်း ၁၆ သန်း နေအိမ်စွန့်ခွာ



**ပေကျင်း ဇူလိုင် ၂၃**

တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနည်းဆုံးလူ ၈၇ ဦးသေဆုံးပြီး လူပေါင်း ၁၆ သန်းနေအိမ်စွန့်ခွာထွက်ပြေးကြရကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

မိုးကြိုးမုန်တိုင်းများကျရောက်ခြင်း၊ လေပြင်းတိုက်ခြင်း၊ ရေကြီး၊ မြေပြိုမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် တရုတ်နိုင်ငံ ဟူဘေးပြည်နယ်မြောက်ပိုင်း၌ လူပေါင်း ၇၂ ဦးသေဆုံးပြီး ၇၈ ဦးပျောက်ဆုံးကာ လူပေါင်း ၈ ဒသမ ၆ သန်းနေအိမ်စွန့်ခွာခဲ့ရကြောင်းနှင့် အိမ်ခြေ ၅၀၀၀၀ ပျက်စီးခဲ့ကြောင်း လူမှုဝန်ထမ်းဌာနက ပြောကြားခဲ့သည်။ ဟူဘေးပြည်နယ်၌ လူပေါင်းကိုးသန်းနီးပါး နေအိမ်ရွှေ့ပြောင်းခဲ့ရကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်တွင်လည်း လူပေါင်း ၁၅ ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးကာ လူပေါင်း ၇ ဒသမ ၂ သန်း နေအိမ်စွန့်ခွာထွက်ပြေးရကြောင်းနှင့် အိမ်ခြေ ၁၈၀၀၀ လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ နေရာအများအပြားတွင်လည်း ယခုနှစ်နွေရာသီကမိုးရွာသွန်းမှုကြောင့် လူပေါင်း ၂၀၀ ကျော်သေဆုံးခဲ့ရသည်။ သီးနှံစိုက်ခင်းဟက်တာ ၁ ဒသမ ၅ သန်းကျော်မှာလည်း ပျက်စီးခဲ့ကာ စီးပွားရေးထိခိုက်ဆုံးရှုံးမှု ယွမ်ငွေဘီလီယံ ၂၀ ကျော်(အမေရိကန်ဒေါ်လာ ၃ ဘီလီယံ)ခန့်ရှိကြောင်း အစိုးရကပြောသည်။

ဗဟိုဘဏ်၏ သောကြာနေ့သတင်းထုတ်ပြန်ချက်တွင် ရေဘေးသင့်ဒေသများကို ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

(ရိုက်တာ)

# ကုလအကြီးအကဲရာထူးနေရာ အသစ်အတွက် လုံခြုံရေးကောင်စီ ပထမအကြိမ် လျှို့ဝှက်စစ်တမ်းကောက်ယူခဲ့

**သက်မွန်ဦး**




ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နောင်တက်လာမည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာအတွက် ယှဉ်ပြိုင်လာသည့် ကိုယ်စားလှယ်လောင်းများကို ပထမအကြိမ်လျှို့ဝှက်မဲပေးစနစ်ဖြင့်ကြာသပတေးနေ့က စစ်တမ်းကောက်ယူခဲ့ကြောင်း၊ သို့သော်လည်း ရလဒ်ကိုထုတ်ပြန်ကြေညာခြင်းမရှိကြောင်း သိရသည်။

လျှို့ဝှက်မဲပေးမှုများ ပြုလုပ်ပြီးနောက် ဇူလိုင်လအတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဖြစ်လာသူ ဂျပန်သံအမတ်ကြီး ကိုရိုဘက်စ်ဟိုက ရလဒ်အခြေအနေကို အဆိုပြုအဖွဲ့ဝင်ကိုယ်စားလှယ်များမှတစ်ဆင့် ယှဉ်ပြိုင်သည့်ကိုယ်စားလှယ်လောင်းများထံသို့ အကြောင်းကြားသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောခဲ့သည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်ခွဲ(၉၇) အရ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးနေရာကို လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ရယူ၍ အထွေထွေညီလာခံမှ ဆုံးဖြတ်ခန့်အပ်နိုင်ကြောင်းပါရှိသည်။ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံရှိသော လုံခြုံရေးကောင်စီမှ အပြီးသတ်ရွေးချယ်ပြီး ကိုယ်စားလှယ်လောင်းတစ်ဦးအား အထွေထွေညီလာခံတွင် အတည်ပြုနိုင်ရန်အတွက် ပေးပို့ရသည်။ ဗီတိုအာဏာပိုင်ဆိုင်သော အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံမှာ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့ ဖြစ်သည်။

နောက်ဆုံး ဆုံးဖြတ်ချက် မထွက်လာခင်အထိ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံကြား စစ်တမ်းကောက်ယူမှု ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်သည်။ စစ်တမ်းကောက်ယူမှုသည် မဲအရေအတွက် အညွှန်းတစ်ခုဖြစ်နေပြီး ကိုယ်စားလှယ်လောင်းများအတွက် ယှဉ်ပြိုင်မှု၏ ရောက်ရှိနေသည့်နေရာကို ကိုယ်စားပြုပေးနေမည်ဖြစ်သည်။ ဆက်လက်ပြီး ကောင်စီအဖွဲ့ဝင်များက ယှဉ်ပြိုင်မှုအခြေအနေကို အသိပေးသွားမည်ဖြစ်သည်ဟု ဘက်စ်ဟိုက သတင်းထောက်များကို ရှင်းပြခဲ့သည်။

လက်ရှိအချိန်အထိ ကုလအကြီးအကဲနေရာအတွက် ကိုယ်စားလှယ်လောင်း ၁၂ ဦး ယှဉ်ပြိုင်လျက်ရှိပြီး အရေအတွက်တစ်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်သည်။ ထို့ပြင် ၁၂ ဦးအနက် ရှစ်ဦးမှာ အရှေ့ဥရောပနိုင်ငံများမှ ဖြစ်သည်။ ၎င်းတို့အထဲတွင် ယခင်ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်၊ ဆလိုဗေးနီးယားသမ္မတဟောင်း ဒါနီလိုတာ့ခ်၊ ကုလယဉ်ကျေးမှုအေဂျင်စီ ယူနက်စကို အထွေထွေညွှန်ကြားရေးမှူး အိုင်ရီနာဗိုကိုဗာ၊ နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလာ့ခ်တို့ ပါဝင်သည်။

ကြာသပတေးနေ့က စစ်တမ်းကောက်ယူမှုတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်းစီအတွက် “အားကောင်း”၊ “အားမကောင်း” နှင့် “ကြားနေ” စသည်ဖြင့် မဲပေးခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ် စစ်တမ်းကောက်ယူမှုအတွက် အစီအစဉ်မရေးဆွဲရသေးကြောင်း သိရသည်။

> အလွတ်သဘောအရ အစီအစဉ်အတိုင်းဆိုလျှင် နောင်ဖြစ်လာမည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာသည် အရှေ့ဥရောပအုပ်စုမှ ဖြစ်ရမည်ဟု ဆိုသည်။ ထိုဒေသမှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးမျှ ထွက်ပေါ်မလာသေးပေ . . . . .

အလွတ်သဘောအရ အစီအစဉ်အတိုင်းဆိုလျှင် နောင်ဖြစ်လာမည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာသည် အရှေ့ဥရောပအုပ်စုမှ ဖြစ်ရမည်ဟု ဆိုသည်။ ထိုဒေသမှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးမျှ ထွက်ပေါ်မလာသေးပေ။ သို့သော်လည်း ရုရှားနှင့် အနောက်အမြဲတမ်းအဖွဲ့ဝင်အုပ်စုများအကြား ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ တင်းမာမှုများရှိနေသဖြင့် အရှေ့ဥရောပကိုယ်စားလှယ်များအတွက် ဖြစ်နိုင်ခြေနည်းသွားခြင်းဖြစ်သည်။ သို့အတွက်ကြောင့် အခြားဒေသများမှ ကိုယ်စားလှယ်လောင်းများ (ဥရောပအဖွဲ့ဝင်မဟုတ်သော အနောက်ဥရောပအုပ်စုများ၊ လက်တင်အမေရိကနှင့် အခြားအုပ်စုများ)သည် ထည့်သွင်းစဉ်းစားနိုင်ဖို့ရာ သေချာသလောက်ဖြစ်နေသည်။



လက်ရှိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သက်တမ်းကာလမှာ ၂၀၁၆ နှစ်ကုန်ပိုင်းအထိဖြစ်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်မှာ ဆောင်းဦးပေါက်နောက်ပိုင်းကာလတွင် ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ထိပ်တန်းခေါင်းဆောင်တစ်ဦး ပေါ်ထွက်လာရေး ရွေးချယ်ဖို့ပင်ဖြစ်သည်။

လက်ရှိအကြီးအကဲ ဘန်ကီမွန်းသည် အဖွဲ့ကြီး၏နှစ်ပေါင်း ၇၀ သက်တမ်းအတွင်း ရှစ်ဦးမြောက်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလပိုင်းမှစ၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၀ နှစ်ပြည့်ချိန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တာဝန်ပြီးဆုံးမည် ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံပါဝင်သော အထွေထွေညီလာခံကို အတွင်းရေးမှူးချုပ် ရွေးချယ်သည့်အခါတိုင်း အများပြည်သူနှင့် အလွတ်သဘောဆွေးနွေးမှုများ ကျင်းပကြောင်း၊ ကိုယ်စားလှယ်လောင်းများ အနေဖြင့် လူ့အဖွဲ့အစည်းနှင့် ကုလအဖွဲ့ဝင်နိုင်ငံများ၏ မေးခွန်းများကို ဖြေရမည်ဖြစ်ကြောင်း သိရသည်။


ယခင်က အသုံးပြုခဲ့သောလုပ်ထုံးလုပ်နည်းများသည် ယခုအခါ၌ နောက်ဆုံးအဆုံးအဖြတ်ကို ပေးနိုင်တော့မည် မဟုတ်ကြောင်း၊ ကုလအထွေထွေ ညီလာခံ ဥက္ကဋ္ဌ မော်ဂန်လိုင်ကီတိုက ပြောသည်။ လုပ်ငန်းစဉ်အဆိုအရ ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးအား ဦးဆောင်ဦးရွက်ပြုမည့်သူသည် နိုင်ငံရေးသဘောတရားနှင့် သံတမန်ရေးရာကို ကျွမ်းကျင်ပြီး နှလုံးရည်ပြည့်ဝသော အတော်ဆုံးလူသားတစ်ဦးကို ရှာဖွေရမည်ဟု ဆိုသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့အကြီးဆုံးလူမှုအဖွဲ့အစည်းကို ဦးဆောင်မည့်သူသည် အမျိုးသမီးတစ်ဦးဖြစ်လာနိုင်ကြောင်း ထင်ကြေးပေးနေကြသည်။ အရှေ့ဥရောပမှ ဖြစ်လာရမည်ဟုလည်း မျှော်လင့်နေကြသည်။ လုံခြုံရေးကောင်စီသည် ဇွန်လ၌ ကိုယ်စားလှယ်လောင်းသုံးဦးနှင့် တွေ့ဆုံခဲ့ပြီး ကျန်ရှိသူများကို ဇူလိုင်လထဲ၌ တွေ့ဆုံသွားမည် ဖြစ်သည်။ ရလဒ်ကိုပြည်သူလူထုသို့ အသိမပေးစေကာမူ မဲပေးဆုံးဖြတ်ခြင်းသည် မျှမျှတတဖြစ်စေလို၍ဖြစ်ကြောင်း မစ္စတာဘက်စ်ဟိုက ပြောခဲ့သည်။

မဲခွဲဆုံးဖြတ်ခြင်းများကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှ အဓိက ကိုယ်စားလှယ်အား ဗီတိုအာဏာအသုံးပြု၍ မကန့်ကွက်မချင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ ကုလသမဂ္ဂ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော လက်ရှိအလှည့်ကျ ၁၀ နိုင်ငံမှာ အန်ဂိုလာ၊ အီဂျစ်၊ ဂျပန်၊ မလေးရှား၊ နယူးဇီလန်၊ ဆီနီဂေါ၊ စပိန်၊ ယူကရိန်း၊ ဥရုဂွေးနှင့်ဗင်နီဇွဲလားနိုင်ငံတို့ ဖြစ်သည်။

လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံသည် ၂၀၁၆ ခုနှစ်အစ၌ ရွေးချယ်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပို၍ပွင့်လင်းမြင်သာမှုရှိရန် ပြုလုပ်ခဲ့သည်။ ရာထူးနေရာအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်းနိုင်ကြောင်း အဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားစာပေးပို့ခဲ့သည်။ ယခင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးနေရာများကို လုံခြုံရေးကောင်စီမှ တံခါးပိတ်ရွေးချယ်ခဲ့ပြီး အထွေထွေညီလာခံသို့ အတည်ပြုရန် အမည်စာရင်းများ ပေးပို့ခဲ့သည်။ အထွေထွေ ညီလာခံကလည်း မည်သည့်ကိုယ်စားလှယ်လောင်းကိုမျှ မပယ်ချခဲ့ဖူးချေ။

**ကိုးကား - ဝီကီ၊ ဆင်ဟွာ (၂၁-၇-၂၀၁၆)**



## မြူးနစ်မြို့၌ တိုက်ခိုက်ခံရမှုကိုအမေရိကန် ပြင်းထန်စွာရှုတ်ချ

**ဝါရှင်တန် ဇူလိုင် ၂၃**

ဂျာမနီတောင်ပိုင်းမြို့တော် မြူးနစ်၌ အကြမ်းဖက်တိုက်ခိုက်ရေးသမားက အပြစ်မဲ့သူများအပေါ် တိုက်ခိုက်ခဲ့ မှုကို အမေရိကန်က ပြင်းထန်စွာရှုတ်ချခဲ့ကြောင်း သောကြာနေ့တွင် အိမ်ဖြူတော်ကပြောခဲ့သည်။

အချက်အလက်အလုံးစုံကို မသိရသေးသော်လည်း ဥရောပ၏အသည်းနှလုံးဖြစ်သော အတောက်ပဆုံး မြို့တော်တစ်ခု၌ ရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်ကြောင့် သေဆုံးမှုများဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရမှု များဖြစ်ပေါ်ခဲ့ကြောင်း အိမ်ဖြူတော်ပြောခွင့်ရသူ ဂျိုးစ်အားနက်က ဖော်ပြချက်တွင် ပြောခဲ့သည်။

သောကြာနေ့ ညနေပိုင်းက မြူးနစ်ရှိ ကုန်တိုက်တစ်ခုအနီး၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။ တစ်ကိုယ်တော် သေနတ်သမားသည် ၁၈ နှစ်အရွယ်သာ ရှိသေးသော ဂျာမန်-အီရန် ကပြားတစ်ဦးဖြစ်ကြောင်း ဒေသတွင်းရဲတပ်ဖွဲ့ထံမှ သိရသည်။ အမေရိကန်နိုင်ငံသည် ဂျာမနီမိတ်ဖက်များနှင့်စုံစမ်းစစ်ဆေးမှုများကို ကူညီပေးသွားမည်ဖြစ်ကြောင်း အားနက်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် သာစုပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၂၃**
ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်အတွင်း သီတင်းသုံးတော်မူကြသော သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများမှစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲက သာစုအနောက်ရပ်ကွက် သာစုပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ အောင်သုခဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း-ဇနီး ဒေါ်ခင်မိမိကြွယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ကျောင်းတိုက်ကြီးအတွင်းရှိ သကျမုနိဆုတောင်းပြည့် ပြည်လုံးချမ်းသာ ရုပ်ပွားတော်မြတ်အား ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောင်သုခဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက သာစုပရိယတ္တိ စာသင်တိုက် ပဓာနနာယက နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဥက္ကံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက စာသင်တိုက်ပဓာန နာယကဆရာတော်အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်း၍ ရေစက်ချတရားနာယူခဲ့ကြပြီး နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ကူးစက်မြန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်

**ပြည် ဇူလိုင် ၂၃**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဇူလိုင် ၁၁ ရက်မှ စတင်၍ ကူးစက်မြန်ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါပိုးတွေ့ရှိကြောင်း စတင်သိရှိရပြီး ဇူလိုင် ၂၃ ရက်အထိ စုစုပေါင်း လူနာ ၈၉ ဦး ရောဂါဖြစ်ပွားလျက်ရှိကာ လူနာများကို တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများ အထူးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အသေအပျောက်မရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါရောဂါသည် လက်ရှိအခြေအနေတွင် ဖြစ်ပွား နှုန်းကျဆင်းခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်းသိရပြီး ကွင်းဆင်းအဖွဲ့များ၏ နေ့စဉ်ကွင်းဆင်းဆောင်ရွက်ရာမှ တွေ့ရှိချက်နှင့် ဆေးရုံတက်လူနာများ၏ အစား အသောက်မှတ်တမ်း တွေ့ရှိချက်များအရ မြို့အတွင်းရောင်းချနေသည့် သန့်ရှင်းမှုမရှိသော အစားအသောက်ဆိုင်များမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားနိုင်ကြောင်း သိရ၍ တာဝန်ရှိသူများက လိုက်လံစစ်ဆေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရောဂါကို ဆက်လက်မပြန့်ပွားရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား မြို့ပေါ်ရပ်ကွက်ကြီး ၁၀ ခုနှင့် ရောဂါဖြစ်ပွားရာနေရာများဖြစ်သော မော်ဇာ၊ ကုန်းသလင်း၊ မိန်းမရဲနှင့် ကြခတ်ကျေးရွာတို့တွင် အရေးပေါ်ကာကွယ်နှိမ်နင်းရေးအဖွဲ့များဖွဲ့စည်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်အေးအေးမိုးက ပြောသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ပါ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းအဖြစ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းနိုင်ဦး၊ ပင်းတလဲရဲကင်းစခန်းမှူး ရဲအုပ် မောင်မောင်လွင်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များက ပျားစွဲကျေးရွာမှ ပြည်သူများနှင့်ပူးပေါင်း၍ ဇူလိုင်လ တတိယပတ်ကစ၍ ကျေးရွာအနီးရှိ ပျက်စီးနေသော ပျားစွဲကျေးရွာ တွင်းလမ်းမြေဖို့ ပြုပြင်ခြင်းဆောင်ရွက်စဉ်
တင်လှိုင်(မိတ္ထီလာ)

# ထိုင်းစက်ရုံ၌ ထိခိုက်ဒဏ်ရာရခဲ့သည့် မြန်မာအလုပ်သမားလျော်ကြေးငွေ ဘတ်ခြောက်သိန်းခွဲရရှိ

**ကော့သောင်း ဇူလိုင် ၂၃**
ထိုင်းနိုင်ငံရှိ ငါးဖမ်းပိုက်ကွန်စက်ရုံတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီးလုပ်ငန်းခွင်အတွင်းခြေထောက်ကျိုး၊ လက်ပြတ်ခဲ့ရသည့် မြန်မာအလုပ်သမားတစ်ဦးအားလျော်ကြေးငွေအဖြစ် ဘတ်ခြောက်သိန်းခွဲ (မြန်မာငွေ သိန်း ၂၀၀ ကျော်) ရရှိခဲ့ကြောင်း ဇူလိုင် ၂၂ ရက်က သိရသည်။

အဆိုပါ မြန်မာအလုပ်သမားမှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့(၃) ရပ်ကွက်တွင် နေထိုင်သူ မပြုံးဝင်းဖြစ်ပြီး ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ အရှေ့ဘက်ဒေချားဖန်းနစ် ငါးဖမ်းပိုက်ကွန် စက်ရုံသို့လာရောက်အလုပ်လုပ်ကိုင်စဉ် ဇန်နဝါရီ ၃၀ ရက် ညနေ ၃နာရီခွဲကျော်ခန့်တွင်ပိုက်ရစ်သည့်စက်ထဲသို့ခန္ဓာကိုယ်တစ်ခုလုံးပါသွားခဲ့ပြီးဘယ်ဘက်နံရိုး တစ်ချောင်းနှင့်ညာဘက်ပေါင်ရိုးကျိုးသွားသဖြင့် စတီးရိုးထည့်ထားရပြီး ဘယ်ဘက်ပေါင်တွင်လည်း ဒဏ်ရာအပြင်းအထန်ရရှိသွားသဖြင့် ၁၈ ချက်တိတိချုပ်ခဲ့ရသည်။

ညာဘက် လက်ကောက်ဝတ်မှာပြတ်ထွက်သွားခဲ့သည်။ ဘယ်ဘက်မှာလည်း သုံးပိုင်းကျိုး၍ အကြောသေသွားကာ လုံးဝလှုပ်မရခဲ့တော့ပေ။ ဘယ်ဘက်မျက်လုံးမှာလည်း နောက်ဘက်ကို ချိုင့်ဝင်သွားပြီး မျက်ကြောသေသွားခဲ့သည်။ လက်ရှိအချိန်တွင် မပြုံးဝင်းသည် မည်သည့်အလုပ်မှ လုပ်ကိုင်၍ မရတော့ဘဲ ဒုက္ခိတဖြစ်သွားခဲ့ရခြင်းဖြစ်သည်။

"ပထမတော့ ထိုင်းသူဌေးကလျော်ကြေးနည်းနည်းပဲပေးတယ်။ ထိုင်းနိုင်ငံက မြန်မာသံရုံးအရာရှိရယ်၊ မြန်မာဘက်ကပို့ပေးတဲ့ကုမ္ပဏီရယ် ညှိနှိုင်းပေးတော့မှ ခုဇူလိုင် ၁၅ ရက်မှာလျော်ကြေးဘတ် ခြောက်သိန်းခွဲရတာ။ လျော်ကြေးရတဲ့ ဖြစ်စဉ်တွေမှာတော့ အများဆုံးလို့ ပြောလို့ရပါတယ်"ဟု ၎င်းက ပြောသည်။ မပြုံးဝင်းကို တရားဝင်စေလွှတ်ခဲ့သည့် May Wint ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီကလည်း ကရုဏာကြေး ငွေကျပ် ငါးသိန်းနှင့် မပြုံးဝင်း၏ မောင်နှမ နှစ်ဦးအား မလေးရှားသို့ အခမဲ့ပို့ပေး၍ရရှိသည့် လစာထဲမှတစ်ဝက်ကို မပြုံးဝင်းအားပေးခဲ့ကြောင်းနှင့် မြောင်းမြမြို့ကို အခြေစိုက်၍ အလုပ်သမားရှာဖွေသည့် ရုံးခွဲတစ်ခုဖွင့်လှစ်ပေးကာကူညီလျက်ရှိကြောင်း May Wint ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းက ပြောကြားခဲ့ကြောင်း ထိုင်းနိုင်ငံ News Watch သတင်းမှ တစ်ဆင့်သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ခန္တီးမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေများ ဒုတိယအကြိမ် ဝင်ရောက်



**ခန္တီး ဇူလိုင် ၂၃**
ခန္တီးမြို့တွင် ဇူလိုင်လ၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီခွဲက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၄၀၅ စင်တီမီတာသို့ရောက်ရှိနေပြီး ခန္တီးမြို့၏ စိုးရိမ်ရေအမှတ် ၁၃၆၀ စင်တီမီတာ အထက်သို့ ကျော်လွန်ရောက်ရှိနေသောကြောင့် ခန္တီးမြို့အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် မြို့မရပ်ကွက်၊ မြို့မနှင့်ပေါ်မိုင်းရပ်ကွက်တို့တွင် ရေများ ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**စန်းလွင်ဦး**

# တန့်ယန်းမြို့နယ်၌ အိမ်တိုင်ရာရောက်ရဲလုပ်ငန်းဆောင်ရွက်

**တန့်ယန်း ဇူလိုင် ၂၃**
ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ ခံစားချက်များကိုသိရှိပြီး ပြည်သူများအတွက် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေရာ ဇူလိုင် ၂၁ ရက်က မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယ ရဲမှူးမိုးကျော်အောင်နှင့်အဖွဲ့သည် မြို့ပေါ်ရပ်ကွက်များတွင် အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ် (Home Visit) ကို ပြည်သူများသိရှိနိုင်ရန် ရှင်းလင်းဆွေးနွေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၃**
မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို ဩဂုတ် ၇ ရက် နံနက်တွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများ အသင်းဝင်ပုံစံများကိုလည်း လက်ခံမည်ဖြစ်သည်။ ထို့အပြင် လှူဒါန်းလိုသူများ၊ အသင်းကိစ္စဆက်သွယ်လိုသူများအနေဖြင့် အသင်းထွေထွေအတွင်းရေးမှူး ဦးအောင်ဌေးဦး ဖုန်း-၀၉-၅၁၈၁၀၉၀ ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းအနေဖြင့် ဥပဒေဘွဲ့ရသူများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများဆောင်ရွက်ရန်၊ ဥပဒေပညာပြန့်ပွားရေးအတွက် ဟောပြောပွဲများ၊ သင်တန်းများ ဖွင့်လှစ် ပို့ချရန်၊ တက္ကသိုလ်များ၏ ဥပဒေဌာနများတွင် သရုပ်ပြတရားရုံးများ ဖွင့်လှစ်ပညာပေးရန်တို့ကို စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

(၃၄၉)

# ဖန်းမောက်မြို့ရပ်ကွက်နှစ်ခုတွင် မြောင်းကူးတံတားနှစ်စင်း တည်ဆောက်ပေး

**ဖန်းမောက် ဇူလိုင် ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့ မြို့မရပ်ကွက် နှစ်ရပ်ကွက်ဖြစ်သောဗိုလ်ချုပ်လမ်းနှင့်မြနန္ဒာရပ်ကွက် စလုံတောင်သွားကားလမ်းပေါ်ရှိ မြောင်းကူးတံတားနှင့် ဗိုလ်တထောင်ရပ်ကွက်မြောင်းကူးတံတားတို့ကို ဇူလိုင် ၅ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ အရှည်ပေ ၂၀၊ အကျယ် ကိုးပေ၊ အမြင့် သုံးပေရှိ အာရ်စီကွန်ကရစ်တံတားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တံတားတစ်စင်းလျှင် ခွင့်ပြုရန်ပုံငွေကျပ် ၄၆သိန်းဖြင့် မြို့နယ်စည်ပင်သာယာမှ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်များကအဆိုပါမြောင်းကူးတံတားများမှာသစ်သားခင်းတံတားဖြစ်၍ မိုးရာသီရောက်ပါကရေများကျော်ပြီး သွားလာရေးအဆင်မပြေဖြစ်ခဲ့သော်လည်း ယခုအခါတွင် အာရ်စီကွန်ကရစ်တံတားတည်ဆောက်ပေးခြင်းကြောင့် ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်တော့မည်ဖြစ်သည်။

**လှိုင်ဘွား**

# ခရီးသည်တင်ယာဉ်လိုင်းများပေါ် ခါးပိုက်နှိုက်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ်အတွင်း ခရီးသည်တင်ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်မှုများ ဖြစ်ပွားနေကြောင်းသတင်းအရ စောင့်ကြည့် စုံစမ်းဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၀ ရက်မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် သုဓမ္မာလမ်းမကြီးအနီး အဝိုင်းမှတ်တိုင်တွင် အမှတ် (၄၉) ဒိုင်နာ ခရီးသည် တင်ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက်မှုကျူးလွန်ကြသော ဒဂုံမြို့သစ် (အရှေ့) မြို့နယ်နေ အလတ်ကောင် (ခ) မြတ်မင်းထွန်း(၄၁နှစ်) ၊ ရွှေပြည်သာမြို့နယ်နေ ဆင်ပေါက် (ခ) သိန်းဝင်း (၆၂နှစ်)နှင့် ငချွန် (ခ) ထွန်းထွန်းစိုး (၄၅ နှစ်)၊ လှိုင်သာယာမြို့နယ်နေ တောပေါက်(ခ) ပြည့်စုံ (၂၃နှစ်)နှင့် ရှမ်းမ(ခ)သိန်း ထွန်းနိုင် (၃၅နှစ်) တို့ ငါးဦးအား ထိန်းသိမ်း စစ်ဆေးခဲ့သည်။

၎င်းတို့ငါးဦးအနက် အလတ်ကောင် (ခ) မြတ်မင်းထွန်း ကိုင်ဆောင်ထားသော SAMSUNG လက်ကိုင်ဖုန်းနှင့် ငွေကျပ် ၃၅၅၀၀ တို့အား စစ်ဆေးရာ ယင်းနေ့နံနက် ၁၀နာရီက ယာဉ်လိုင်းအမှတ် (၁၂၀) ခရီးသည်တင်ယာဉ်ပေါ်ပါ အသက်(၄၀နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးထံမှ နှိုက်ယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တောပေါက် (ခ) ပြည့်စုံ လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ HUAWEI လက်ကိုင်ဖုန်း၊ ငွေကျပ် ၂၀၅၀၀တို့ကို စစ်ဆေးရာ ယင်းနေ့ နံနက် ၁၁ နာရီ မိနစ် ၅၀ က ယာဉ်လိုင်းအမှတ်(၄၉)ဒိုင်နာ ခရီးသည်တင်ယာဉ်ပေါ်ရှိ အမျိုးသားတစ်ဦးထံမှ အလတ်ကောင် (ခ) မြတ်မင်းထွန်းက နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



ခါးပိုက်နှိုက်မှုများကျူးလွန်ခဲ့ကြသည့် အလတ်ကောင်(ခ) မြတ်မင်းထွန်း၊ ဆင်ပေါက်(ခ) သိန်းဝင်း၊ တောပေါက်(ခ) ပြည့်စုံ၊ ငချွန်(ခ) ထွန်းထွန်းစိုးနှင့် ရှမ်းမ(ခ) သိန်းထွန်းနိုင်တို့ ငါးဦးကို မြောက်ဥက္ကလာပမြို့မရဲစခန်းတွင် အမှုများဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကလေး-ဂန့်ဂေါကားလမ်း၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ လေးဦးဒဏ်ရာရ

**ဂန့်ဂေါ ဇူလိုင် ၂၃**

ဂန့်ဂေါမြို့နယ် ကလေး-ဂန့်ဂေါကားလမ်းတွင် ဇူလိုင် ၂၁ ရက် ညနေပိုင်းက ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့သောကြောင့် လေးဦးဒဏ်ရာများရရှိခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဇူလိုင် ၂၁ရက် ညနေ ၅ နာရီခွဲက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဂန့်ဂေါမြို့မရဲစခန်းမှ ဒုရဲအုပ် သန်းအောင်လွင် သွားရောက်စစ်ဆေးခဲ့ရာ ကလေး - ဂန့်ဂေါ ကားလမ်းအတိုင်း ကလေးမြို့မှ နေပြည်တော်သို့ ထွေးလွင် (၄၉နှစ်)ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့နေသူမောင်းနှင်လာသော 7H/---- ဟိုက်အေ့စ် ရွှေလွင်ပြင် ခရီးသည်တင်ယာဉ်သည် မိုင်တိုင်အမှတ် ၁၀၃/၃ နှင့် ၁၀၃/၄ အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်အနက် ခြောက်ပေခန့်ရှိ ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း ထွေးလွင်လွင်၊ ယာဉ်ပေါ်ပါခရီးသည် ဦးကြည်လင်း (၄၆နှစ်)၊ ဦးလန်ခန့်ခိုင် (၄၉နှစ်)နှင့် ဒေါက်တာ စန်းမောင်(၃၉နှစ်) တို့ ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ယာဉ်မောင်း ထွေးလွင်အား ဂန့်ဂေါမြို့နယ် မြို့မရဲ စခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# နေအိမ်အတွင်း ဝင်ရောက်ခိုးယူသူများအား လုံခြုံရေးကင်မရာမှ မြင်မှုကြောင့် ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၃**

ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဗိုလ်ကြည်သောင်း၏ နေအိမ်အတွင်းသို့ ဝင်ရောက်ခိုးယူနေကြောင်း လုံခြုံရေးကင်မရာမှတစ်ဆင့် သိရှိရပြီး အိမ်ရှင်က မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ် အကြောင်းကြားရာမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြစ်မှုကျူးလွန်သူ နှစ်ဦးအား အခင်းဖြစ်နေရာတွင် လက်ရဖမ်းဆီးရမိခဲ့သည်။

မင်္ဂလာတောင်ညွန့် မြို့နယ်နေ ဦးဗိုလ်ကြည်သောင်းသည် ဇူလိုင် ၁၁ ရက် ည ၁၂နာရီ ခန့်တွင် မိသားစုနှင့် အတူအိပ်ရာဝင်ခဲ့စဉ် ဇူလိုင် ၁၂ ရက် နံနက် ၁ နာရီ ၁၀ မိနစ်ခန့်က အဝတ်အထည်များထည့်ထားသော ခရီးဆောင်သေတ္တာအိတ်နှစ်လုံး၊ ခရီးဆောင် အဝတ်အိတ်တစ်လုံးတို့မှာ ပျောက်ဆုံးနေသည်ကိုသိရှိရပြီး နေအိမ်တွင်တပ်ဆင်ထားသည့် လုံခြုံရေးကင်မရာအားစောင့်ကြည့်ခဲ့ ရာမှ ဇူလိုင်လ ၁၃ ရက် နံနက် ၁ နာရီခွဲတွင် ပစ္စည်းများထပ်မံလာရောက် ခိုးယူနေသည်ကို တွေ့ရှိရသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ရာ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ခိုးမှုကျူးလွန်သူများအား ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**(ဝဲပုံ)**



ဖမ်းဆီးရမိသူ ကျော်ဆန်းဝင်းနှင့် ဇော်မင်းထိုက်တို့ နှစ်ဦးအား စစ်ဆေးခဲ့ရာ ကျော်ဆန်းဝင်းသည် ယခင်က ခိုးမှုဖြင့် အကျဉ်းကျနေစဉ် မေ ၂၅ ရက်တွင် ရဲဘက်စခန်းမှ ထွက်ပြေးလာသူဖြစ်ကြောင်း၊ ကျော်ဆန်းဝင်းသည် ပြီးခဲ့သည့် ဇွန်လအတွင်းကလည်း မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဆိုင်ခန်းအနီးရပ်ထားသော လျှပ်စစ်စက်ဘီး တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ခိုးယူခဲ့သည့်အပြင် ထက်ထက်ထွန်း(ခ) ပုသိမ်သားနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ အဆောက်အအုံအတွင်း၌ အိပ်ပျော်နေသူ အမျိုးသားနှစ်ဦးဘေးမှ လက်ကိုင်ဖုန်းနှစ်လုံး၊ အဝတ်အစားများထည့်ထားသော ကျောပိုးအိတ်တစ်လုံးတို့ကို လည်းကောင်း၊ လသာမြို့နယ် (၁၉)လမ်းရှိ မုန့်ဆိုင်တစ်ဆိုင်သို့ သွားရောက်၍ ဆိုင်ရှင်အလစ်တွင် လက်ကိုင်ဖုန်းတစ်လုံး၊ မုန့်ပုံးတစ်ပုံးတို့အား လည်းကောင်း၊ ဇူလိုင်လအတွင်းက အလုံမြို့နယ် ကမ်းနားလမ်း လုံခြုံရေးကင်းတဲအနီး ရပ်ထားသော စက်ဘီးတစ်စီးနှင့် စမ်းချောင်းမြို့နယ် ခရစ်ယာန်ဘုရားကျောင်းအနီးရှိ နှစ်ထပ် ပျဉ်ထောင်အိမ်အတွင်းမှ လက်တော့ ကွန်ပျူတာတစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်တစ်သိန်းတို့ကို လည်းကောင်း ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ ၎င်းတို့ခိုးယူခဲ့သော သက်သေခံပစ္စည်းများပြန်လည်သိမ်းဆည်းနိုင်ရေးနှင့် ခိုးမှုကျူးလွန်ရာတွင်ပါဝင်ပြီး လွတ်မြောက်နေသူ ထက်ထက်ထွန်း(ခ)ပုသိမ်သားအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသူကျော်ဆန်းဝင်းနှင့် ဇော်မင်းထိုက်တို့ နှစ်ဦးကို အမှုများရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကားနောက်ခန်းကြမ်းခင်းနှစ်ထပ်ပြုလုပ် သယ်ဆောင်လာသော ငွေကျပ် သိန်းပေါင်း ၁၃၇၅၀ ရှိ အိုက်စ်များ ဖမ်းဆီးရမိ

**ကျိုင်းတုံ ဇူလိုင် ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ မူးယစ်တပ်ဖွဲ့စု(၂၈)မှ ရဲအုပ်အောင်မင်းသန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂နာရီခန့်က ကျိုင်းတုံမြို့ နောင်ဖာရဲကင်းတွင် စောင့်ဆိုင်းနေစဉ် မိုင်းခတ်မြို့မှ ကျိုင်းတုံမြို့တွင်းဘက်သို့ အားမဲ(၃၄နှစ်)မောင်းနှင်ပြီး လီချေး(၂၆နှစ်)လိုက်ပါလာသည့် ဟိုင်းလတ် 1I/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ကား၏အနောက်ခန်း ကြမ်းခင်းသံဘော်ဒီကို ဖြတ်ခွာ၍ အံ့ဝှက်ပြုလုပ်ကာ အိုက်စ်မူးယစ်ဆေးဝါးတစ်ထုပ်လျှင် တစ်ကီလိုဂရမ်ပါ ၅၅ ထုပ် (ဒေသတန်ဖိုး ငွေကျပ် သိန်းပေါင်း ၁၃၇၅၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မူးယစ်ဆေးဝါးများကို သယ်ဆောင်လာသည့် အဆိုပါယာဉ်ပေါ်မှ မြန်မာကျပ်ငွေ ၄၅၀၀၀၊ တရုတ်ယွမ်ငွေ ၁၀၀ ၊ထိုင်းဘတ်ငွေ ၁၁၀၀ ၊ ထိုင်းနိုင်ငံသုံး ဆင်းကတ်ပါ ဖုန်းတစ်လုံးတို့ သိမ်းဆည်းရမိခဲ့ပြီး ကျိုင်းတုံမြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**




### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၉-ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၁၀၉၈)၊ အကျယ်အဝန်း (အလျား ၄၅ပေ×အနံ ၆၀ ပေ)၊ မြေဧရိယာ (၂၇၀၀) စတုရန်းပေ၊ ဝဒသမ ၀၆၂ စကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်တင်(ခ)ဦးမောင်တင် (၁၂/ဒလန(နိုင်)၀၁၂၅၁၁) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမြင့်နိုင်ဦး (၁၄/ဖပန(နိုင်) ၀၄၂၃၄၀) က အပြီးအပိုင်ဝယ်ယူရန် အတွက် ဦးမောင်မောင်တင်(ခ)ဦးမောင်တင်ထံသို့ ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို စရန်ငွေအဖြစ် (၁၈-၇-၂၀၁၆) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဝင်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၂၃၈၂၈)
အမှတ် (၅၂၇)၊ ဗိုလ်ထွန်းစံလမ်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံ၊ အောင်ဇေယျအိမ်ရာ တိုက်(၂)၊ အခန်းအမှတ်၁၀၂၊ တိုက်ခန်းမူလပိုင်ရှင်ဦးကျော်သိန်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးသူ ၁၀/သဖရ(နိုင်)၀၃၅၁၆၅ထံမှ အဆင့်ဆင့်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်သူ ဦးကိုကိုဖုန်း ၁၂/ကမက(နိုင်)၀၀၅၆၄၅က ဝယ်ယူခဲ့ပြီး ဦးကိုကိုဖုန်းထံမှ ကျွန်ုပ်ဦးသိန်းထွန်း ၇/ပဘန(နိုင်)၀၀၆၃၆၇က ဝယ်ယူခဲ့ပြီး ဦးသိန်းထွန်းထံမှ ၁၁-၇-၂၀၁၆ ရက်တွင် ကျွန်ုပ် ဦးအောင်သိန်း ၆/ထဝန(နိုင်)၀၃၄၉၄၇က ဝယ်ယူရန် စရန်ပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သိန်း မြိတ်မြို့၊ အေးချမ်းသာယာရပ်ကွက်၊ မြတ်ရာဇာလမ်း၊ အိမ်အမှတ် ၀၈၃၊ ဖုန်း-၀၉-၄၁၀၀၄၆၇၇၊ ၀၉-၈၇၄၀၃၅၅**



### ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့်စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Mail Box Car - 3 Nos
(ခ) Portable Printer - 10 Nos
(ဂ) ကျွန်းဆိုဖာဆက်တီ - 2 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၇-၂၀၁၆ ရက်မှ ၂၃-၈- ၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၈-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် ၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန် လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**



### ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6746 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**



### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ အထက တက္ကသိုလ်ဝင်တန်း (C)မှ မဝင့်ဝါအောင်နှင့် သတ္တမတန်း(A)မှ မောင်စိုင်းပြည့်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းညွန့် ၁၄/ပတ(နိုင်)၁၃၉၅၆၆ ဖြစ်ပါကြောင်း။ **ဦးသိန်းညွန့်**



### ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)အနေဖြင့် အောက်ပါပစ္စည်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | 1(Q) Survey Equipments/ Local Purchase/ IRR/2016-2017 | Survey Equipment | 1 Lot | Myanmar Kyat |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၆**



### ရန်ကုန်တိုင်းဒေသကြီး အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း အသင်းဝင်များသိစေရန်

အသားတိုးကြက် ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း၏ လစ်လပ်နေသောအမှုဆောင်အဖွဲ့ဝင်(၁)ဦး၏နေရာတွင် ရွေးချယ်တင်မြှောက်ခံရန်အတွက် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အဖွဲ့ဝင်များ မည်သူမဆို ၂၈-၇-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများ အသင်းရုံးသို့ ဆန္ဒပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အသားတိုးကြက်ထုတ်လုပ်မွေးမြူရောင်းချသူများအသင်း**



### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8277၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၃**

၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့် ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃) ၌ ကစားသည့် အုပ်စု (ခခ) ပွဲစဉ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ကစားသည့် ကာကွယ်ရေးဝန်ကြီးဌာနက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ငါးဂိုး-သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၂၄ ရက်တွင် ရပ်နားမည်ဖြစ်ပြီး ၂၅ ရက်တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် နံနက် ၇ နာရီ ခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## MNL အမှတ်ပေးပြိုင်ပွဲ မကွေးအသင်း ဒုတိယနေရာအတွက် နိုင်ပွဲရယူ

**သတင်း-ညီမြတ်သော်တာ**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉)ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ မကွေး၊ ရခိုင်နှင့် ချင်းယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် မကွေးအသင်းသည် ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရှုံး/ထွက်ပြိုင်ပွဲဆီမီးဖိုင်နယ်တွင် တွေ့ဆုံနေသည့် အသင်းနှစ်သင်း၏ အကြိုတွေ့ဆုံမှုဖြစ်ပြီး မကွေးအသင်းသည် ဒုတိယနေရာအတွက် အရေးပါသည့် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မကွေးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဒုတိယနေရာရယူနိုင်ရန် အခွင့်အရေးကောင်းသွားခဲ့သည်။ မကွေးအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် ဆယ်လာက သွင်းယူပေးခဲ့သည်။

ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းသည် ရောဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရခိုင်အတွက် အနိုင်ဂိုးများကို သုံးမိနစ်တွင် အန်ဒရေ၊ ၂၈မိနစ်တွင် မျိုးဇော်ဦးတို့ကသွင်းယူခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် တန်းဆင်းဇုန်မှလွတ်ရန် အခြေအနေကောင်းသွားခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ချင်းယူနိုက်တက်အသင်းသည် Horizon အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၉ မိနစ်တွင် အောင်ကျော်ထွေးက Horizon အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ချင်းယူနိုက်တက်အတွက် ချေပဂိုးကို ၂၂ မိနစ်တွင် ဆောင်လမန်က ပယ်နယ်တီမှသွင်းယူခဲ့ကာ အနိုင်ဂိုး ကို မိနစ် ၃၀ တွင် ညီညီမင်းက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

| | | | |
|---|---|---|---|
| (ဗထူးကွင်း) | ရတနာပုံ | - | ရှမ်းယူနိုက်တက် |
| (မုံရွာကွင်း) | ဇေယျာရွှေမြေ | - | ဟံသာဝတီ |
| (YUSC ကွင်း) | ရန်ကုန် | - | Southern |

## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် ဇူလိုင် ၂၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# Miss Universe Nay Pyi Taw 2016 ကို အလှမယ် မြတ်ကျော့ခိုင် ဆွတ်ခူးရရှိ

**နေပြည်တော် ဇူလိုင် ၂၃**

နေပြည်တော်တွင် ပထမဆုံးပြုလုပ်သည့် Miss Universe Nay Pyi Taw 2016 ရွေးချယ်ပွဲကို Model Up Date ကကြီးမှူး၍ ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ခါးနံပါတ်(၅)အလှမယ် မြတ်ကျော့ခိုင်က Miss Universe Nay Pyi Taw 2016 ဆုနှင့် Miss Healthy ဆုကို ရရှိခဲ့သည်။

1st Runner Up အဖြစ် Miss Body Beauty ဆုရှင် ခါးနံပါတ်(၁၄) အိသန္တာထွန်းနှင့် 2nd Runner Up အဖြစ် ခါးနံပါတ်(၁) ဟန်ရွှေချိုးတို့အား ရွေးချယ်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အလှမယ် ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ ရေကူးအလှမယ်ဝတ်စုံ၊ စွယ်စုံဝတ်စုံအလှ၊ ဖက်ရှင်အလှများ၊ ဉာဏ်ရည်ဉာဏ်သွေး IQ/EQ စမ်းသပ်ခြင်းတို့ဖြင့် ပရိသတ်အပါအဝင် အတွေ့အကြုံရှိ အလှမယ်ရွေးချယ်ရေး ဒိုင်များ၊ 2014 Miss Universe Myanmar သျှားထွဋ်အိန္ဒြာတို့က ရွေးချယ်ပေးခဲ့ပြီး ပထမဆန်ခါတင် ရှစ်ဦး၊ ဒုတိယဆန်ခါတင် ငါးဦး၊ နောက်ဆုံးသုံးဦးတို့ အဆင့်ဆင့် ရွေးချယ်ခဲ့သည်။

Title ဆုများတွင် လိုက်လျောညီထွေစွာနေနိုင်မှု (Miss Continental) ဆုကို ခါးနံပါတ်(၄) အလှမယ် မြသက်ခိုင်၊ အပြုံးအလှရှင်ဆု(Miss Best Smile) ကို ခါးနံပါတ်(၇) အလှမယ် ဂျယ်လီချို၊ မိမိကိုယ်ကိုယ်ယုံကြည်စိတ်ချမှုဆု (Miss Confidence) ကို ခါးနံပါတ်(၁၀) ရွှေရည်နန္ဒာဟန်၊ Miss Famous ဆုကို ခါးနံပါတ်(၁၃) အင်ကြင်းမေ၊ ဓာတ်ပုံအလှမယ်ဆု (Miss Photogenic) ကို ခါးနံပါတ် (၁၂) ခိုင်မီမီဇော်လွင်တို့က အသီးသီးရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် မြန်မာ အလှမယ် Miss မိုးစက်ဝိုင်လည်း တက်ရောက် ဆုချီးမြှင့်ကြောင်း သိရသည်။

ယခု Miss Universe Nay Pyi Taw 2016 ဆုရှင်သည် မကြာမီ ရန်ကုန်မြို့တွင်ကျင်းပမည့် Miss Universe Myanmar ရွေးချယ်ပြိုင်ပွဲအတွက် ဆန်ခါတင် ၂၀ တွင် ပါဝင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း Miss Universe Nay Pyi Taw 2016 မြတ်ကျော့ခိုင်က ပြောသည်။

မြန်မာနိုင်ငံ၌ Miss Universe ရွေးချယ်ပွဲများကို နှစ်ပေါင်း ၅၀ နီးပါး ကျင်းပခြင်းမရှိသည့်နောက်ပိုင်း ၂၀၁၃ ခုနှစ်တွင် Miss Myanmar မိုးစက်ဝိုင်၊ ၂၀၁၄ ခုနှစ်တွင် Miss Myanmar သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ တွင် Miss Myanmar မေဘရဏီသော်၊ ၂၀၁၆ တွင် Miss Myanmar ထက်ထက်ထွန်းတို့အသီးသီးရရှိခဲ့ကြပြီး Miss Universe Myanmar 2017 ရွေးချယ်ပွဲအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ကျင်းပလျက်ရှိပြီး မကြာမီ ရန်ကုန်မြို့တွင် ကျင်းပရွေးချယ်ပြီးနောက် ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**




ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်း၊ ဓာတ်ဆေးပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ မဂ္ဂဇင်းများ၊ ဂျာနယ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၆-၈-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၂-၈၀၇၃၅၊ ၀၂-၈၀၇၃၆၊ ၀၂-၈၁၂၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ E-Government လုပ်ငန်းတွင် အသုံးပြုရန် အောက်ပါကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | 1-1 (T)/e-NPTDC/ 2016-2017 | Notebook (Dell Vostro 3559[i5]) | ၃၅ လုံး |
| | | USB Keyboard | ၃၅ ခု |
| | | USB Mouse | ၃၅ ခု |
| (ခ) | 1-2(T)/e-NPTDC/ 2016-2017 | ကွန်ပျူတာစားပွဲ(2'x1.5') | ၃၅ လုံး |
| | | သံခေါက်ကုလားထိုင် | ၃၅ လုံး |
| | | ရုံးသုံးသံဗီရို(6'x3') | ၃ လုံး |
| (ဂ) | 1-3(T)/e-NPTDC/ 2016-2017 | Panasonic LCD Projector PT-VX425N | ၁ ခု |
| | | Tripod Projection Screen TS 9696 | ၁ ခု |

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၇-၂၀၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၅-၈-၂၀၁၆ ရက်

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၌ လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၃၂၄၃၁၊ ၀၆၇-၈၁၀၈၀၁၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**E-Government ဆိုင်ရာ ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ဖခင်အမည်မှန်**

လှိုင်းဘွဲမြို့နယ်၊ နောင်ဘိုကြီးကျေးရွာ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း(က)မှ နန်းညိုညိုသန်း၏ ဖခင်အမည်မှန်မှာ ဦးလှဌေး ၃/လဘန(နိုင်) ၀၀၉၆၆၆ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ရေဦးမြို့၊ အထက(၁)၊ အဌမတန်းမှ မောင်အောင်ခန့်သူ၊ ပထမတန်းမှ မောင်အောင်ရှင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဖုန်းနိုင် ၅/ရဥန(နိုင်) ၀၈၈၈၅၂ ဖြစ်ပါကြောင်း။

**ဦးတင်ဖုန်းနိုင်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (D) မှ မောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၅/ခဥန(နိုင်)၀၂၆၆၀၂ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းဦး**

**ဖခင် အမည်မှန်**

ပေါင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မနီနီချို၏ဖခင်အမည်မှန်မှာ ဦးဆဲဂရူး(ပီအေဂျီ-၂၀၀၃၀၈) ဖြစ်ပါကြောင်း။

**ဦးဆဲဂရူး**

*စာမျက်နှာ ၁၅ မှ*

**ထိုင်းနယ်စပ်မှာ သင်တန်းတက်ချင်ရင်**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ထိုင်းအလုပ်သမားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး စက်ရုံလုပ်ငန်းဆိုင်ရာ၊ လျှပ်စစ်ပညာ၊ အီလက်ထရွန်နစ်၊ မော်တော်ကားစက်ပြင်သင်တန်းတွေကို ပေးအပ်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက လူငယ်တွေ သွားရောက်သင်ကြားဖို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနဲ့ ပုဂ္ဂလိက သင်တန်းတွေကနေ နည်းပြတွေကို စေလွှတ်ခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ ထိုင်း-မြန်မာနယ်စပ် တာချီလိတ်၊ မြဝတီ၊ မဲဆိုင်၊ မဲဆောက်က အလုပ်သမားတွေအတွက် စက်မှုဆိုင်ရာ၊ အီလက်ထရွန်နစ်ဆိုင်ရာ၊ အော်တိုမိုဘိုင်းဆိုင်ရာသင်တန်းတွေကို နယ်စပ်က မြန်မာအလုပ်သမားတွေအတွက် အခမဲ့သင်ပေးနေတာရှိတာကြောင့် နီးစပ်ရာအလုပ်သမားရုံးတွေမှာ ဆက်သွယ်စာရင်းပေးနိုင်ပါပြီ။ ဒါ့အပြင် ထိုင်းနိုင်ငံ ချင်းမိုင်ဒေသမှာ စက်ချုပ်၊ အုတ်စီ၊ နံရံအချောကိုင်၊ မော်တော်ယာဉ်ကြီးမောင်းသင်တန်းတွေကို သင်ကြားပေးသွားဖို့ရှိလို့ ဒေသခံတွေအနေနဲ့ ဆက်သွယ်တက်ရောက်နိုင်ပါတယ်။

**ကျွမ်းကျင်မှုဆိုင်ရာ ဥပဒေရှိလာပါပြီ**

၂၀၁၃ခုနှစ်မှာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းတွေ ဖွင့်လှစ်နိုင်ဖို့ စစ်ဆေးရေးဌာနတွေကို ပိုပြီးစနစ်ကျလာအောင် ပြုစုပျိုးထောင်ဖို့ နိုင်ငံတော်အစိုးရမှာ အပြည့်အဝတာဝန်ရှိပါတယ်။ ဒါတွေကို လုပ်ကိုင်ဖို့အတွက် ဝန်ကြီးဌာနအသီးသီးကလည်း ပူးပေါင်းဆောင်ရွက်ပြီး အမှန်တကယ် လူငယ်တွေအတွက် အကျိုးရှိတဲ့ သင်တန်းကျောင်းတွေ ပေါ်ထွက်လာဖို့ စတင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

**ကျွမ်းကျင်မှုသင်တန်းကျောင်းငါးကျောင်း**

၁၉၇၂ခုနှစ်ကတည်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) ကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် အရောက် မန္တလေးမြို့မှာ ဖွင့်လှစ်ခဲ့ပြီး အခုဆိုရင် ပဉ္စမမြောက်ကျောင်းအထိ ဖွင့်လှစ်ထားနိုင်ပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် နည်းပါးနေဆဲပါ။

**ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ**

| အမည် | လိပ်စာ | ဖုန်းနံပါတ် |
|---|---|---|
| ရန်ကင်းသင်တန်းကျောင်း | အမှတ်(၂၉၈)၊ မြနန္ဒာလမ်း၊ ၁၃ရပ်ကွက်၊ ရန်ကင်းမြို့နယ် | ၀၁-၅၆၄၇၇၃၊ ၀၉-၅၁၄၇၀၀၀ |
| ဒဂုံ/မြောက်သင်တန်းကျောင်း | အမှတ်(၄၃)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ ဒဂုံ/မြောက် | ၀၁-၅၈၄၀၂၄၉ |
| မန္တလေးသင်တန်းကျောင်း | H(၂၅၀)၊ စက်မှုဇုန် (၂)၊ ကနောင်မင်းသားကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ် | ၀၂-၅၁၅၂၇၂၊ ၀၉-၃၃၁၂၀၉၃၆ |
| ပုသိမ်သင်တန်းကျောင်း | ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့ | ၀၄၂-၂၃၈၄၇ |
| စက်စဲသင်တန်းကျောင်း (ဖွင့်လှစ်ရန်ပြင်ဆင်ဆဲ) | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)၊ သံဖြူဇရပ်မြို့နယ် | ၀၅၇-၇၉၀၃၀ |

သင်တန်းကျောင်းတွေမှာ အခြေခံဂဟေဆက်၊ အခြေခံပိုက်ဆက်၊ အခြေခံလျှပ်စစ်၊ အခြေခံ တွင်ခုံ၊ TIG ဓာတ်ငွေ့ဂဟေဆက်၊ ကြီးကြပ်ရေးမှူး၊ ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရေး၊ နည်းပြလေ့ကျင့်ရေး၊ စစ်ဆေးရေး၊ ကျွမ်းကျင်မှုစံနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲနည်း သင်တန်းတွေကို အခမဲ့တစ်နှစ်တာပတ်လုံး လေ့ကျင့်သင်ကြားပေးနေတာမို့ ဆက်သွယ်တက်ရောက်နိုင်ပါတယ်။

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။**

**မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

(မြန်မာ့အလင်း)

| စေလွှတ်မည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီ အမည် | မလေးရှားနိုင်ငံရှိ ကုမ္ပဏီအမည် | လုပ်ငန်း တည်နေရာ | လုပ်ငန်းနှင့် အလုပ်အကိုင် အမျိုးအစား | လုပ်သားဦးရေ ကျား | မ | ပေါင်း | အခြေခံလစာ | စာချုပ် သက်တမ်း | ဝန်ဆောင်စရိတ် |
|---|---|---|---|---|---|---|---|---|---|
| Myint Mo Chan Thar Co.,Ltd | Thang Kiang Nam Trading Sdn,Bhd | Perak | ကျောက်မှုန့်ထုတ်လုပ်သည့်လုပ်ငန်း | ၃ | - | ၃ | ရင်းဂစ် ၉၀၀ | ၂+၁ နှစ် | အမေရိကန်ဒေါ်လာ ၇၅၀နှင့်မြန်မာငွေ ၂၅၅၀၀ကျပ် |
| | Hock Teong Enterprise Sdn.Bhd | Penang | အဝတ်အထည်များ ထုတ်လုပ်ခြင်း လုပ်ငန်း | ၄ | - | ၄ | ရင်းဂစ် ၉၀၀ | ၂+၁ နှစ် | အမေရိကန်ဒေါ်လာ ၇၅၀နှင့်မြန်မာငွေ ၂၅၅၀၀ကျပ် |
| Win Phyo Aung Co.,Ltd | KPT Packaging Sdn,Bhd | Selangor | ကတ်ထူပုံးခွံထုတ်လုပ်သည့်လုပ်ငန်း | ၄ | - | ၄ | ရင်းဂစ် ၉၀၀ | ၂+၁ နှစ် | အမေရိကန် ဒေါ်လာ ၇၅၀ |
| Royal Pole Star Services Co.,Ltd | Prototech Sdn,Bhd | Kelantan | အုတ်လုပ်ငန်း | ၃ | - | ၃ | ရင်းဂစ် ၉၀၀ | ၂+၁ နှစ် | အမေရိကန် ဒေါ်လာ ၈၀၀ |
| Kaung Su San Thar Co., Ltd | Super Food Specialists (M) Sdn, Bhd | Johor | ကော်ဖီထုတ်လုပ်သည့်လုပ်ငန်း | ၂၆ | - | ၂၆ | ရင်းဂစ် ၁၀၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၈၅၀ |
| Lu Htake Moe General Services Co.,Ltd | Gold Furniture Sdn,Bhd | Johor | ပရိဘောဂလုပ်ငန်း | ၁၅ | - | ၁၅ | ရင်းဂစ် ၉၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၇၀၀ |
| Arboufield International Co., Ltd | SL Roofing Sdn, Bhd | Selangor | သွပ်ထုတ်လုပ်သည့်လုပ်ငန်း | ၅ | - | ၅ | ရင်းဂစ် ၉၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၈၅၀ |
| | Bistro A Table | Selangor | စားသောက်ဆိုင် လုပ်ငန်း | ၁ | - | ၁ | ရင်းဂစ် ၉၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၈၅၀ |
| | Accupromicron Sdn, Bhd | Selangor | သတ္တုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း | ၁ | - | ၁ | ရင်းဂစ် ၉၀၀.၁၂ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၈၅၀ |
| Nay Zaw Services Co.,Ltd | Pusing Public Seafood Restaurant Sdn,Bhd | Perak | စားသောက်ဆိုင် လုပ်ငန်း | ၁ | - | ၁ | ရင်းဂစ် ၉၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၇၀၀ |
| | Rainbow Seafood Restaurant Sdn,Bhd | Perak | စားသောက်ဆိုင် လုပ်ငန်း | ၁ | - | ၁ | ရင်းဂစ် ၉၀၀ | ၃ နှစ် | အမေရိကန် ဒေါ်လာ ၇၀၀ |
| စုစုပေါင်း | | | | ၂၇၂ | ၅၇ | ၃၂၉ | | | |

# စိမ်းလန်းစည်ဝေ နောင်ချိုမြေသို့

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**



နောင်ချိုမြို့အနီး သဘာဝရှုခင်းကို တွေ့ရစဉ်။

ပြင်ဦးလွင်က ထွက်ချိန်၌မိုးဖွဲဖွဲရွာသည်။ နေထွက်စအချိန်ဖြစ်ရာ မိုးမှုန်ဖွဲဖွဲကြောင့် ရှမ်းတောင်တန်း၊ တောင်ကျောထက်တွင် သက်တန့်ပေါ်နေသည်ကို တွေ့ရသည်။ အကွေ့အဝိုက်များ၊ အနိမ့်အမြင့်များဖြင့် ဖောက်လုပ်ထားသော ကားလမ်းကြောင့် ကားကို ဖြည်းဖြည်းမောင်းနေရသည်။ ပတ်ဝန်းကျင်တစ်ခွင်တွင် ရှမ်းတောင်တန်း၊ တောင်စွယ်များက စိမ်းစိမ်းစိုနေသည်မှာ အေးချမ်းလှပစွာ၊ တောင်ယာစိုက်ခင်းများ၊ လှေကားထစ်စိုက်ခင်းများ၊ လက်ဖက်စိုက်ခင်းများကို ခပ်လှမ်းလှမ်းတွင် မြင်တွေ့ရသည်။ ရှုခင်းအချို့ကိုဖြတ်ကျော်ပြီး မကြာမီနောင်ချိုမြို့သို့ ရောက်ရှိခဲ့လေသည်။

နောင်ချိုမြို့အဝင်မှာပင် မြို့ကြီးပြကြီးအသွင်ဆောင်နေပြီဖြစ်သည့် မြင်ကွင်းကို သတိပြုမိသည်။ မြို့တွင်းအဓိကကားလမ်းပေါ်တွင် ဆိုင်ကယ်များ ဥဒဟိုမောင်းနှင်သွားလာနေကြသည်ကို တွေ့ရသည်။ ရှမ်းတောင်တန်းများအလယ်တွင် နောင်ချိုမြို့သည် အေးချမ်းတည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်ရန် အားယူနေပြီဖြစ်သည်။ နောင်ချိုမြို့လယ်ရှိ လက်ဖက်ရည်ဆိုင်ရှေ့ အရောက်တွင် ကျွန်တော့်မိတ်ဆွေ နောင်ချိုမြို့သား ကိုစိုင်းကျောက်က အပြုံးဖြင့်ဆီးကြိုနေသည်ကို တွေ့လိုက်ရသည်။ ပြင်ဦးလွင်ကို တာဝန်ဖြင့် ခေတ္တရောက်ရှိနေသော ကျွန်တော့်ကို နောင်ချိုမြို့သို့ အလည်လာရောက်လေ့လာရန် ကိုစိုင်းကျောက်ဖိတ်ခေါ်မှုကြောင့် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ပြင်ဦးလွင်နှင့်နောင်ချိုသည် ၃၄ မိုင်သာကွာဝေးသည်။ လွန်ခဲ့သော လေးနှစ်ခန့်က ပြင်ဦးလွင်သို့ ကျွန်တော်တို့ရောက် ရှိချိန်တွင် ပြင်ဦးလွင်-နောင်ချိုကားလမ်းက ဖောက်လုပ်နေဆဲ၊ တောင်ကမ်းပါးယံတွေဖြိုချပြီး ကားလမ်းဖောက်လုပ်နေချိန်ဖြစ်ရာ သွားလာရန်ကောင်းစွာမရခဲ့။ ကျဉ်းမြောင်းသော ကားလမ်းနေရာများကို တိုးချဲ့နေရသည်။ တောင်ကြောအဆင်းအတက်နေရာများအား ကားနှစ်စီးရှောင်နိုင်အောင် ဖောက်လုပ်နေရချိန်ဖြစ်သည်။ ယခုတော့ နောင်ချို-ပြင်ဦးလွင် လမ်းပိုင်းတွင် ကားများအခက်အခဲမရှိ ရာသီမရွေးမောင်းနှင်သွားလာနိုင်ကြပြီဖြစ်သည်။ ရန်ကုန်-မန္တလေး-ပြင်ဦးလွင်-နောင်ချို-သီပေါ-လားရှိုးကားလမ်းက ရာသီမရွေး၊ အချိန်မရွေးသွားလာနိုင်ပြီဖြစ်ရာ နောင်ချိုမြို့သည် သွားလာရေးအဆင်ပြေနေပြီ။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်တွင်း ဝင်ရောက်ကာ နံနက်စောစော လက်ဖက်ရည်နှင့်မုန့်များ စားသောက်ကြသည်။ ကိုစိုင်းကျောက်က တိုဟူးနွေးမှာပေးသဖြင့် စားကြည့်ရာ ကြက်သားထည့်ထားသဖြင့် အရသာထူးခြားသည်။ ရှမ်းချဉ်နှင့် လိုက်ဖက်ပြီးပူပူနွေးနွေးစားရသည်မှာ ခံတွင်းတွေ့သဖြင့် တိုဟူးနွေးတစ်ပွဲမှာ ပြိုက်ခနဲကုန်သွားလေသည်။ နောင်ချိုဒေသထွက် လက်ဖက်ခြောက်ခပ်ထားသော ရေနွေးကြမ်းကလည်း ရနံ့သင်းကာ သောက်လိုက်တိုင်းခံတွင်းရှင်းသွားသည်။ ကျွန်တော်က ရှမ်းအစားအစာများကို ကြိုက်သည်။ ရန်ကုန်တွင် ရှမ်းအစားအစာများနေရာအနှံ့၊ လမ်းဘေးပလက်ဖောင်းများပေါ်ဆိုင်များခင်းကျင်းရောင်းချသော်လည်း စားရသည်မှာ မထိ၊ တစ်ခုခုလိုနေသလိုခံစားရသည်။ ရှမ်းအစားအစာများကို ရှမ်းပြည်နယ်၌ စားရသည်က အရသာရောခံစားမှုပါပြည့်စုံထိမိသည်က အမှန်။

စားသောက်ပြီးနောက် ကျွန်တော်တို့ နောင်ချိုမြို့တွင်း လိုက်လံလေ့လာကြည့်ရှုကြသည်။ နောင်ချိုမြို့က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်းတည်ရှိပြီး မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်ရှိသည့် နောင်ချို မြို့နယ်အဖြစ် ၁၉၇၂ ခုနှစ် ဇွန် ၂၁ ရက်၌ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ပေးခဲ့ရာ နောင်ချိုမြို့သည် မြို့နယ်ရုံးစိုက်ရာမြို့အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ နောင်ချိုမြို့နယ်တွင် မြို့ပေါ်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စုနှင့်ကျေးရွာပေါင်း ၂၄၉ ရွာပါဝင်ကြောင်း သိရသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်သောနောင်ချိုမြို့နယ်က ဧရိယာ ၄၈၈ ဒသမ ၄၄ စတုရန်းမိုင်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၅၀ ခန့်တွင်တည်ရှိကြောင်း ကိုစိုင်းကျောက်ကပြောပြသည်။

ကျွန်တော်တို့ နောင်ချိုဘူတာဘက်သို့ ရောက်ရှိခဲ့သည်။ နောင်ချိုဘူတာက ရထားဆိုက်ချိန်ဝေးနေသဖြင့် လူရှင်းနေသည်ကို တွေ့ရသည်။ ခုံတန်းရှည်အချို့နှင့် သုံးယောက်တွဲ ပလတ်စတစ်ထိုင်ခုံများကိုလည်း ခရီးသည်များအတွက် ပြုလုပ်ပေးထားသည်ဖြစ်ရာ ခရီးသည်အချို့ အေးအေးလူလူထိုင်ပြီး ရထားစောင့်နေကြသည်ကို မြင်ရသည်။ ဂုတ်ထိပ်-နောင်ချို-ဆမ်ဆယ် ဟူသော ဘူတာအတွင်း ဆိုင်းဘုတ်ကိုမြင်တွေ့ရသဖြင့် ကမ္ဘာကျော် ဂုတ်ထိပ်တံတားသည် နောင်ချိုမြို့အနီးတွင် တည်ရှိကြောင်း သတိပြုမိသည်။

မန္တလေး-လားရှိုးရထားခရီးစဉ်တွင် မန္တလေးမြို့မှ နံနက် ၄ နာရီထွက်ပြီး လားရှိုးမှ ပုံမှန်ရထားသည် နံနက် ၅ နာရီတွင် စထွက်ကြောင်း သိရသည်။ နောင်ချိုမြို့က မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိပြီး မန္တလေး-မူဆယ်ကားလမ်းပေါ်တွင်လည်းတည်ရှိရာ ကားလမ်း၊ ရထားလမ်းများဖြင့် သွားလာရေးအဆင်ပြေသည်။ မန္တလေးမှ ပြင်ဦးလွင်သို့ ၄၂ မိုင်ဝေးပြီး ပြင်ဦးလွင်မှ နောင်ချိုသို့ ၃၄ မိုင်ဝေးသည်။

နောင်ချိုနှင့်ကျောက်မဲမြို့က ၄၄ မိုင်ဝေးကာ ကျောက်မဲ-သီပေါက မိုင် ၂၀ သာကွာဝေးသလို သီပေါနှင့်လားရှိုးမြို့က ၃၅ မိုင်ဝေးသည်ကို ကျွန်တော်သွားလာခဲ့ဖူးသဖြင့် သိထားသည်။

ကျွန်တော်တို့နောင်ချိုဘူတာ၌ အတန်ကြာလေ့လာနေချိန်တွင် ခရီးသွားအထူးရထားဆိုက်လာသည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းမှ ခရီးသွားများအတွက် အထူးရထားပြေးဆွဲပေးနေရာ နောင်ချိုဘူတာမှနောင်ပိန်ဘူတာအထိဖြစ်သည်။ ကျွန်တော်တို့ ဂုတ်ထိပ်တံတားကိုကြည့်ရှုလေ့လာလိုသဖြင့် ရထားပေါ်တက်ကာလိုက်ပါခဲ့ကြသည်။ နောင်ချိုဘူတာမှနောင်ပိန်ဘူတာအထိ ၆ မိုင်ကွာဝေးပြီး အထူးရထားသည်ခရီးသည် ၂၀ အထိ လိုက်ပါစီးနင်းနိုင်သည်။ ပုံမှန်ရထားခရီးစဉ်အတိုင်း လိုက်ပါ၍ရသည်ဖြစ်သော်လည်း ခရီးသွားဧည့်သည်များအနေဖြင့် ဂုတ်ထိပ်တံတားနှင့် ပတ်ဝန်းကျင်မြင်ကွင်းကိုစိတ်တိုင်းကျလေ့လာခွင့်မရနိုင်၊ အထူးရထားစီးခြင်းဖြင့် ငွေကြေးကုန်ကျမှုရှိသော်လည်း ဂုတ်ထိပ်တံတားကို စိတ်တိုင်းကျလေ့လာကြည့်ရှုကာ ဓာတ်ပုံမှတ်တမ်းရိုက်ယူနိုင်လေသည်။

ဖြည်းဖြည်းချင်းမောင်းနှင်လာသော ခရီးသွားအထူးရထားသည် နာမည်ကျော်ဂုတ်ထိပ်တံတားကို ဖြတ်ကျော်နေရာ နက်ရှိုင်းသော ချောက်ကမ်းပါးနှင့်မြေပြင်၊ မြင့်မားစွာတည်ဆောက်ထားသောတံတားတိုင်များကိုကြည့်ရင်း အသည်းအေးစရာခံစားရသည်။ လေထဲလွင့်မျောနေသော စိတ်ခံစားမှုနှင့်အတူ ထူးခြားသောခရီးစဉ်ရသက ပြောပြရန်မရ၊ စာဖွဲ့ရန်မပီပြင်နိုင်လောက်အောင်ပင်။ ဂုတ်ထိပ်တံတားအဆုံးတွင် ရထားကို ၁၀ မိနစ်ခန့်ရပ်ပေးပြီး ခရီးသွားများ စိတ်တိုင်းကျဓာတ်ပုံရိုက်ခွင့်ပေးသည်။ လေ့လာကြည့်ရှုခွင့်ပေးသည်။ ရှမ်းတောင်တန်းများအလယ်တွင် ထူးခြားစွာတည်ဆောက်ထားသော ဂုတ်ထိပ်တံတားအလှကလည်း စိတ်ထဲစွဲစွဲထင်ထင်ဖြစ်စရာပင်။

ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်၌ အမေရိကန်နိုင်ငံ ပင်ဆီဗေးနီးယားနှင့် မေရီလန်းတံတားဆောက်လုပ်ရေးကုမ္ပဏီတို့က စတင်ဆောက်လုပ်ခဲ့ကြသည်။ ဂုတ်ထိပ်တံတားကို နောင်ချိုဘူတာအလွန် မိုင်တိုင် ၄၅၃ တွင် တောင်ထိပ်နှစ်ခုကို ဆက်သွယ်တည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး အရှည်ပေ ၂၂၆၀ ရှိကာ ၁၉၀၀ ပြည့်နှစ်၌ ပြီးစီးခဲ့သော်လည်း ၁၉၀၃ ခုနှစ်မှသာ ဖွင့်လှစ်နိုင်ခဲ့သည်။ ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ၁၉၄၈ ခုနှစ် မေလတွင် မြန်မာ့မီးရထားဌာနက စတင်ပြုပြင်ခဲ့ရာ ၁၉၅၁ ခုနှစ် ဩဂုတ်လတွင်ပြီးစီးခဲ့ကြောင်း သိရသည်။

ကျွန်တော်တို့ ဓာတ်ပုံမှတ်တမ်းများရိုက်ယူပြီးနောက် ရထားပေါ်ပြန်တက်ခဲ့ကြသည်။ ပတ်ဝန်းကျင်မြင်ကွင်းများကလည်း လှပပြီး ထူးခြားသောဂုတ်ထိပ်တံတားဝန်းကျင်တွင် ခရီးသွားလုပ်ငန်းကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေဘဲ အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာလှည့်ခရီးသွားများ ပိုပြီးစိတ်ဝင်စားကာ ဆွဲဆောင်မှုရှိမည်ဟု တွေးမိသည်။ ကျွန်တော်တို့ နောင်ချိုဘူတာသို့ ပြန်ရောက်ခဲ့ပြီးနောက် ရထားပေါ်မှဆင်းကာ နောင်ချိုဈေးဘက်သို့ထွက်လာခဲ့ကြသည်။

နောင်ချိုမြို့ဈေးက ကျွန်တော်တို့ရောက်သွားချိန်တွင် လူကျပ်ပါးနေပြီ။ ငါးရက်ဈေးဖြစ်ရာဈေးနေ့ရောက်လျှင် အရောင်းအဝယ်စည်ကားပြီး ဒေသထွက်ကုန်များလည်း မျိုးစုံစွာတွေ့ရသည်။ ငါးရက်ဈေးကိုနောင်ချို၊ ကန်ကြီး၊ တောင်ခန်း၊ ဘန်ဘွေး၊ တွန်စီ၊ သရက်ကန်တို့တွင် အလှည့်ကျရောင်းချကြသည်။ ငါးရက်ဈေးနေ့များတွင် ပစ္စည်းလည်းပေါ၊ ဈေးလည်းချိုသည်ဖြစ်ရာ ဒေသခံများက ဈေးနေ့များကိုစောင့်ကာ ဝယ်ယူကြကြောင်း၊



နောင်ချိုမြို့အစိတ်အပိုင်းတစ်ရပ်ကို တွေ့ရစဉ်

ဈေးရောင်းသူများကလည်း ငါးရက်ဈေးနေ့များအတိုင်း လိုက်လံရောင်းချသူများလည်းရှိကြောင်း ကိုစိုင်းကျောက်က ပြောပြသည်။ ဈေးအတွင်း နေကြာစေ့၊ လက်ဖက်ခြောက်၊ လိုက်ချီးသီး၊ ရှမ်းဆန်နှင့်လိမ္မော်သီးစသည်တို့ကို ဈေးသက်သာစွာရောင်းချနေသည်ကို တွေ့ရသည်။ နောင်ချိုမြို့နယ်သည် ဆန်စပါး၊ ကြံ၊ ပြောင်း၊ နေကြာ၊ အာလူး၊ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်၊ လိုက်ချီး၊ ရော်ဘာတို့ အဓိကစိုက်ပျိုးသည်ဖြစ်ရာ ဒေသထွက်ကုန်အဖြစ် အခြားမြို့နယ်များသို့ တင်ပို့နိုင်သည်အထိ ထွက်ရှိကြောင်း သိရသည်။ ချောင်းငယ်၊ မြစ်ငယ်များ ဖြတ်သန်းစီးဆင်းနေသဖြင့် နောင်ချိုမြို့နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းလေသည်။

ကျွန်တော်တို့နောင်ချိုဈေးမှ ပြန်ထွက်လာခဲ့ကြသည်။ နောင်ချိုမြို့နယ် အင်းဝိုင်းရွာနှင့်နမ့်ဂိုရွာအနီးတွင် ရေတံခွန်ရှိပြီး ချောင်းကြီးရွာအနီးတွင်လည်း ရေတံခွန်ရှိကြောင်း၊ မိုးရာသီတွင် သွားလာရေးအနည်းငယ်ခက်ခဲကြောင်း ကိုစိုင်းကျောက်က ပြောသဖြင့် ရေတံခွန်များသို့ မသွားရောက်ဖြစ်တော့။ ထို့အတူ ဆိတ်ဖြူရွာအနီးတွင် ရေပူစမ်းရှိရာ နောင်ချိုမြို့နယ်သည် ခရီးသွားလုပ်ငန်းအတွက် သဘာဝလက်ဆောင်များ ရှိနေသည်ကို သတိပြုမိသည်။

"နောင်ချိုမြို့နယ်အတွင်းမှာရှိတဲ့ တန်ဇီရွာ၊ မြင်းဖြူရွာ၊ သာပန်းခင်းရွာ၊ ရွှေကူလက်ပံရွာ၊ ချောင်းသာရွာ၊ နမ်လင်ခန်းရွာတွေမှာ ရှေးဟောင်းဘုရားစေတီနဲ့ ရုပ်ပွားတော်တွေရှိသလို ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတွေလည်းရှိတယ်။ တချို့ခရီးသွားတွေတော့ ရောက်အောင်သွားကြတယ်"ဟု ကိုစိုင်းကျောက်က ပြောပြသည်။ ကမ္ဘာလှည့်ခရီးသွားများစိတ်ဝင်စားစေမည့်နေရာများပင် ဖြစ်သည်။

တစ်ဖန် 'ဆရာစံဂူလည်းရှိတယ်"ဟု ဆက်လက်ပြောသဖြင့် စိတ်ဝင်စားသွားသည်။ နောင်ချိုမြို့နယ် ဟိုခိုရွာအရှေ့တောင်ဘက် ၃ ကီလိုမီတာခန့်အကွာတွင် ဂူတစ်လုံးရှိပြီး ယင်းဂူတွင် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဆရာစံနှင့် နောက်ပါအချို့ ၁၉၃၁ ခုနှစ်က ခိုအောင်းခဲ့ကြောင်း ဆရာစံတို့ ခိုအောင်းခဲ့သဖြင့် ယခုတိုင် ဆရာစံဂူဟု အမည်ခေါ်တွင်နေခြင်းဖြစ်ကြောင်း ကိုစိုင်းကျောက်က ရှင်းပြသည်။

သာယာဝတီနယ်တွင် လူသူစုဆောင်းပြီးနယ်ချဲ့ကို တော်လှန်ခဲ့သော ဂဠုန်ဆရာစံသည် အင်အားမမျှသဖြင့် ရှမ်းပြည်နယ်သို့ တိမ်းရှောင်ခဲ့စဉ်ကာလအတွင်း နောင်ချိုမြို့နယ် ဟိုခိုရွာအနီးဂူတွင် ခိုအောင်းခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်တို့ ဆရာစံဂူသို့ သွားရောက်လိုစိတ် ပြင်းပြသော်လည်း မိုးရာသီကာလခရီးလမ်းမသာသဖြင့် လက်လျှော့ခဲ့ရသည်။ ဆရာစံသည် မြန်မာ့သမိုင်းတွင် မမေ့အပ်သောပုဂ္ဂိုလ်တစ်ဦးပင်။

နောင်ချိုမြို့ကို အတန်ကြာလိုက်လံလေ့လာပြီးနောက် ကျွန်တော်တို့ပြန်ခဲ့ကြသည်။ အပြန်လမ်းတစ်လျှောက် နောင်ချိုဇာတိဖြစ်သော ချစ်ဒုက္ခဦးဘညွန့်ကိုလည်း အတွေးထဲဝင်လာကာ သတိရစိတ်ဖြစ်မိသည်။ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ရာ ကွယ်လွန်ရှာခဲ့ပြီ။ ရှမ်းဘာသာအမည်ဖြစ်သော နောင်ချိုသည် စိမ်းလဲ့သောရေကန်ကြီးဟု အဓိပ္ပာယ်ရရာ လက်ရှိတွင်လည်း နောင်ချိုမြို့ပတ်ဝန်းကျင်က စိမ်းလဲ့နေသောစိုက်ခင်းများ၊ မြူခိုးများဝေနေသော တောင်တန်းများဝိုင်းရံနေရာ ခရီးသွားများအတွက် လာရောက်လှည့်ပါဟု ဆွဲဆောင်ဖိတ်ခေါ်နေသည့် ရပ်ဝန်းတစ်ခုဖြစ်နေသည်က အမှန်ပင်။

> **ဖြည်းဖြည်းချင်း မောင်းနှင်လာသော ခရီးသွားအထူးရထားသည် နာမည်ကျော် ဂုတ်ထိပ်တံတားကို ဖြတ်ကျော်နေရာ နက်ရှိုင်းသော ချောက်ကမ်းပါးနှင့်မြေပြင်၊ မြင့်မားစွာတည်ဆောက်ထားသော တံတားတိုင်များကိုကြည့်ရင်း အသည်းအေးစရာခံစားရသည်။ လေထဲလွင့်မျောနေသော စိတ်ခံစားမှုနှင့်အတူ ထူးခြားသောခရီးစဉ်ရသက ပြောပြရန်မရ၊ စာဖွဲ့ရန် မပီပြင်နိုင်လောက်အောင်ပင်**

ဂုတ်ထိပ်တံတားပေါ်မှ ရထားဖြတ်သန်းနေမှုကို တွေ့ရစဉ်



ခရီးသွားဆောင်းပါး

# တူထုခံရသောနာယကကြီးနှင့် ပုဒ်ထားရှုပ်ဝါကျ



**မောင်ခင်မင်(ဓနုဖြူ)**

"စာရေးတဲ့အလုပ်က မလွယ်ဘူးနော် ဘဘ"

"ဟေ၊ သမီးကဘာတွေးမိလို့လဲ"

"ဝါကျထဲမှာ ကပ်ထားသင့်တဲ့ပုဒ်ချင်းကပ်မထားဘဲ၊ ကပ်မထားသင့်တဲ့ပုဒ်ချင်း ကပ်ထားမိရင် အဓိပ္ပာယ်ရှုပ်ထွေးသွားတတ်တာကို တွေးမိလို့ပါဘဘ"

"အင်း...ဒါကြောင့်လည်း ပုဒ်အထားအသိုရှုပ်တဲ့ဝါကျတွေ၊ ပုဒ်ထားရှုပ်ဝါကျ ဆိုပါတော့၊ အဲဒီဝါကျမျိုးတွေကို နမူနာပြပြီး ဘဘတို့ သမီးတို့ ခုလိုဆွေးနွေးနေရတာပေါ့ကွယ်။ ဘဘမိတ်ဆွေတစ်ယောက်ပြောပြတာ သမီးကိုပြောရဦးမယ်"

"ပြောပြပါဘဘ"

"ဘဘမိတ်ဆွေက ဓမ္မဗိမာန်ကျောင်းကြီးတစ်ကျောင်း ပန္နက်ရိုက်တဲ့အခမ်းအနားမှာ အခမ်းအနားမှူးကြေညာတဲ့စကားကို ပြောပြတာလေ"

"ဟုတ်ကဲ့ပါ"

"ပန္နက်ရိုက်ခါနီးမှာ အခမ်းအနားမှူးက ကြေညာသတဲ့။ 'အခုအချိန်ကစပြီး နာယကကြီးအား တူဖြင့်ကိုးချက်ထု၍ ပန္နက်ရိုက်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား'လို့ ကြေညာတာတဲ့လေ"

" ဟာ... နာယကကြီးတော့ဒုက္ခပါပဲ၊ တူနဲ့ကိုးချက်တောင် အထုခံရမယ်ဆိုတော့... "

"အဲဒါပြောတာပေါ့။ ပုဒ်ထားရှုပ်ဝါကျတွေက ဖတ်လိုက်ကြားလိုက်တာနဲ့ အထိတ်တလန့်ပဲဖြစ်ရမလို၊ ရယ်ပဲရယ်ရမလိုလေ။ ဝါကျဆုံးတော့မှ ဆိုလိုတာကိုသိပြီး ရေးပုံအဆီအငေါ်မတည့်လို့ အဲဒီလိုဖြစ်တာဆိုတာ သဘောပေါက်တယ်လေ"

"ဘဘ၊ ဒါဆိုရင် 'နာယကကြီးအား' ဆိုတဲ့ပုဒ်ကို 'လေးစားစွာပန်ကြားအပ်ပါတယ်'ဆိုတဲ့ပုဒ်နဲ့ ကပ်ထားမှအဆင်ပြေမှာပေါ့နော်"

"ဟုတ်တယ်လေကွယ်။ 'အခုအချိန်ကစပြီး တူဖြင့်ကိုးချက်ထု၍ ပန္နက်ရိုက်ပေးပါရန် နာယကကြီးအား လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား'လို့ ကြေညာရင်ဘာရှုပ်စရာရှိမှာလဲ"

"ဘဘပြောသလိုပဲ ဒီဝါကျထဲမှာ ကြိယာတစ်ခုထက်ပိုနေတော့ နာယကကြီးအားဆိုတဲ့ပုဒ်၊ ဒါကပြုလုပ်ခံရတဲ့သူကိုပြတာဆိုတော့ ကံပုဒ်ပေါ့နော်ဘဘ"

"အင်းပေါ့"

"အဲဒီကံပုဒ်ဟာ ဘယ်ကြိယာနဲ့ဆိုင်သလဲဆိုပြီး စဉ်းစားရမှာပေါ့"

"ဟုတ်တယ်လေ"

"ဒီတော့ 'နာယကကြီး' ဆိုတဲ့ကံပုဒ်ဟာ တူနဲ့ကိုးချက်အထုခံရမယ့်သူလည်း မဟုတ်ဘူး။ ပန္နက်တွင်းထဲ အချခံရမယ့်သူလည်းမဟုတ်ဘူး။ ပန္နက်ရိုက်ဖို့ မေတ္တာရပ်ခံတာကို ခံရတဲ့သူသာဖြစ်တယ်ဆိုတာ အဓိပ္ပာယ်အရ ထင်ရှားနေတာပဲလေ"

"သြော်... သမီးက ဒီသဘောကို မှန်မှန်ကန်ကန်စဉ်းစားတတ်တဲ့သူမို့ အဲဒီလို သိတာလေ။ ပြောတဲ့သူက သမီးလိုမစဉ်းစားတတ်လို့ ခုလိုပြောမိတာဖြစ်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဘဘကိုယ်တိုင်ကြုံဖူးတာရှိသေးတယ်။ ဆုပေးပွဲတစ်ခုမှာ ဝန်ကြီးလည်း တက်တယ်။ အခမ်းအနားမှူးလုပ်တဲ့ မိန်းကလေးက 'ဘဘဝန်ကြီးအား ဆုချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ခေါ်ပါတယ်ရှင့်'လို့လည်း ကြေညာလိုက်ရော ဝန်ကြီးက နေရာကချက်ချင်းထပြီး 'ဒါဆိုငါ့ကိုဆုပေးမှာပေါ့၊ ပေးပေး' လို့ပြောလိုက်တော့ အဲဒီမိန်းကလေးလည်း လန့်သွားပြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားရောလေ"

"ဟုတ်တာပေါ့နော်ဘဘ၊ 'ဆုချီးမြှင့်ပေးပါရန် ဘဘဝန်ကြီးအား လေးစားစွာ ဖိတ်ခေါ်ပါတယ်ရှင့်'လို့ပြောမှ ရှင်းမှာပေါ့နော်"

"ဟုတ်ပါတယ်။ အဲဒီဝါကျမျိုးတွေက ပုဒ်အထားအသိုရှုပ်သွားလို့ အဓိပ္ပာယ်လည်းရှုပ်သွားတာလေ။ အဓိပ္ပာယ်အရ နာယကကြီးဆိုတာ တူနဲ့အထုခံရမယ့်သူ မဟုတ်ဘူး။ ပန္နက်ရိုက်ဖို့ မေတ္တာရပ်ခံတာ ခံရတဲ့သူသာဖြစ်တယ်။ ဒီလိုပဲ ဝန်ကြီးဟာလည်း ဆုချီးမြှင့်ခံရမယ့်သူ မဟုတ်ဘူး။ ဆုချီးမြှင့်ဖို့ ဖိတ်ခေါ်ခံရတဲ့သူသာ ဖြစ်တယ်ဆိုတာသိနေတာမို့ အမှန်ကိုအဓိပ္ပာယ်ကောက်ဖို့ မခဲယဉ်းဘူးလေ။ ဒါပေမယ့် အဲဒီလိုအဓိပ္ပာယ်အရ မှန်သလား မှားသလားမသိသာတဲ့ ဝါကျမျိုးကျတော့ ပြဿနာရှိတာပေါ့ကွယ်"

"နမူနာကလေးပြောပြပါ ဘဘ"

"အင်း... ဆိုပါတော့။ ကုမ္ပဏီတွင် အရောင်းပစ္စည်းများ ပျောက်ဆုံးနေသည့်အတွက် မန်နေဂျာအား စစ်ဆေးအရေးယူပေးပါရန် တိုင်ကြားသည်ဆိုတဲ့ ဝါကျမျိုးပေါ့" (စာရွက်တွင်ရေးပြလိုက်ပါသည်)

"ဟုတ်ကဲ့ပါ"

"အဲဒီဝါကျဟာ အဓိပ္ပာယ်နှစ်မျိုးကောက်လို့ရတယ်။ ကုမ္ပဏီကပစ္စည်းတွေ ပျောက်သွားလို့ စစ်ဆေးအရေးယူပေးဖို့ တာဝန်ရှိတဲ့မန်နေဂျာကို တိုင်ကြားတာလည်း ဖြစ်နိုင်တယ်။ တာဝန်ရှိတဲ့မန်နေဂျာကို စစ်ဆေးအရေးယူပေးဖို့ သက်ဆိုင်ရာကို တိုင်ကြားတာလည်းဖြစ်နိုင်တယ်။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘဘ"

"ဒီလိုဆိုရင် ဘယ်အဓိပ္ပာယ်မှန်တယ်ဆိုတာ ဘယ်လိုသိနိုင်မလဲ"

"ရှေ့မှာပြတဲ့ဝါကျတွေကို အဓိပ္ပာယ်အရ မဖြစ်နိုင်တာမျိုးမပါဘဲ နှစ်မျိုးစလုံး ဖြစ်နိုင်တာမို့ ဘယ်အဓိပ္ပာယ်မှန်တယ်ဆိုတာ မပြောနိုင်ပါဘူးဘဘ"

"ဟုတ်တယ်။ နှစ်မျိုးစလုံးဖြစ်နိုင်တော့ အဓိပ္ပာယ်ကို အားကိုးလို့မရတော့ဘူးလေ။ အဓိပ္ပာယ်အရ နှစ်မျိုးစလုံးဖြစ်နိုင်နေတာကိုး။ ဒီတော့ဘဘတို့ပြောနေကျ ပုံသေနည်းအတိုင်းပဲ သက်ဆိုင်တဲ့ပုဒ်ချင်း အတတ်နိုင်ဆုံးကပ်ထားဖို့လိုအပ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...သမီးပဲပြောစမ်းပါ။ မန်နေဂျာကိုအရေးယူပေးဖို့ သက်ဆိုင်ရာကို တိုင်တယ်ဆိုရင် ဘယ်လိုရေးမလဲ"

"ဟုတ်ကဲ့၊ 'ကုမ္ပဏီတွင် အရောင်းပစ္စည်းများ ပျောက်ဆုံးနေသည့်အတွက် မန်နေဂျာအား စစ်ဆေးအရေးယူပေးပါရန်(သက်ဆိုင်ရာသို့)တိုင်ကြားသည်'လို့ရေးရင် ဖြစ်မယ်ထင်ပါတယ်ဘဘ"

"ဟုတ်ပါပြီ၊ 'မန်နေဂျာအား'နဲ့ 'စစ်ဆေးအရေးယူပေးပါရန်' နဲ့ ကပ်ထားတဲ့အပြင် 'သက်ဆိုင် ရာသို့'ဆိုတဲ့စကားပါ ဖြည့်လိုက်တဲ့အတွက် အဓိပ္ပာယ်မရှုပ်တော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ... အရေးယူပေးဖို့ မန်နေဂျာကို တိုင်တာဆိုရင်ရော"

" 'ကုမ္ပဏီတွင် အရောင်းပစ္စည်းများ ပျောက်ဆုံးနေသည့်အတွက် စစ်ဆေးအရေးယူပေးပါရန် မန်နေဂျာကို တိုင်ကြားသည်'ဆိုရင် အဲဒီအဓိပ္ပာယ်ရမယ်ထင်ပါတယ်ဘဘ"

"ဟုတ်ပါတယ်။ ကဲ...သမီးကိုလေ့ကျင့်ခန်းတစ်ခုပေးမယ်။ ဒီဝါကျကိုကြည့်စမ်းပါ။ ('အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အတွက် ကြီးကြပ်သူများအား ခရီးသွားခွင့်မပေးရန် ညွှန်ကြားထားသည်' ဟု ရေးပြလိုက်သည်။)"

"အဲဒီဝါကျကို ဘယ်လိုအဓိပ္ပာယ်ကောက်မလဲသမီး"

"ဒီဝါကျကိုလည်း အဓိပ္ပာယ်နှစ်မျိုးကောက်လို့ရပါတယ်ဘဘ"

"ဆိုပါဦး"

"အရေးပေါ်အခြေအနေ ပေါ်ပေါက်နေတဲ့အတွက် ကြီးကြပ်သူတွေ ခရီးမသွားနဲ့ ဆိုပြီး ခရီးသွားခွင့် ပိတ်တာလည်းဖြစ်နိုင်ပါတယ်။ တခြားအမှုထမ်းတွေကို ခရီးသွားခွင့်မပေးဖို့ ကြီးကြပ်သူတွေကို ညွှန်ကြားတာလည်း ဖြစ်နိုင်ပါတယ်"

"ဟုတ်တာပေါ့။ အဓိပ္ပာယ်အရ နှစ်မျိုးစလုံးဖြစ်နိုင်တယ်လေ။ ဒီတော့ ..."

"ဒီတော့ 'အရေးပေါ်အခြေအနေပေါ်ပေါက်နေသည့်အတွက် ခရီးသွားခွင့်မပေးရန် ကြီးကြပ်သူများအား ညွှန်ကြားထားသည်'လို့ ရေးရင်အမှုထမ်းတွေကို ခရီးသွားခွင့်မပေးနဲ့ဆိုပြီး ကြီးကြပ်သူတွေကို အထက်က ညွှန်ကြားတဲ့အဓိပ္ပာယ်ပါ"

" ဟုတ်ပြီ"

"'အရေးပေါ်အခြေအနေပေါ်ပေါက်နေသည့်အတွက် ကြီးကြပ်သူများအား ခရီးသွားခွင့်မပေးရန် စက်ရုံမှူးကို အုပ်ချုပ်ရေးအဖွဲ့က ညွှန်ကြားထားသည်'ဆိုတာမျိုး ရေးရင်တော့ ကြီးကြပ်သူတွေ ခရီးမသွားရဘူးလို့ ညွှန်ကြားတဲ့အဓိပ္ပာယ်ပေါ်လွင်မှာပေါ့ဘဘရယ်။ စကားဖြည့်ရေးဖို့ လိုမယ်ထင်ပါတယ်"

"အေးပေါ့။ ဟိုလိုလို ဒီလိုလို ထင်ယောင်ထင်မှားမဖြစ်ရအောင် စကားဖြည့်ရေးသင့်ရင်လည်း ရေးရမှာပေါ့။ အရေးကြီးတာက ပုဒ်ထားမရှုပ်အောင်၊ ဆိုင်ရာပုဒ်ချင်းနီးအောင် သတိထားဖို့ပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

**အဓိပ္ပာယ်အရ နာယကကြီးဆိုတာ တူနဲ့အထုခံရမယ့်သူမဟုတ်ဘူး။ ပန္နက်ရိုက်ဖို့ မေတ္တာရပ်ခံတာ ခံရတဲ့သူသာဖြစ်တယ်။ ဒီလိုပဲ ဝန်ကြီးဟာလည်း ဆုချီးမြှင့်ခံရမယ့်သူ မဟုတ်ဘူး။ ဆုချီးမြှင့်ဖို့ ဖိတ်ခေါ်ခံရတဲ့သူသာဖြစ်တယ်ဆိုတာ သိနေတာမို့ အမှန်ကိုအဓိပ္ပာယ်ကောက်ဖို့ မခဲယဉ်းဘူးလေ။ ဒါပေမယ့် အဲဒီလိုအဓိပ္ပာယ်အရ မှန်သလား မှားသလားမသိသာတဲ့ ဝါကျမျိုးကျတော့ ပြဿနာရှိတာပေါ့ကွယ်**

# အင်းဝရှေးဟောင်းသုတေသနပြတိုက်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၂၃**

အင်းဝရှေးဟောင်းသုတေသနပြတိုက်အား မွမ်းမံထိန်းသိမ်းခြင်းနှင့် ပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာပစ္စည်းများအား အဆင့်မြှင့်တင်ခင်းကျင်းခြင်း လုပ်ငန်းများကို ဩဂုတ်လနောက်ဆုံးပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ၂၀၁၆ -၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အင်းဝပြတိုက် မွမ်းမံထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများအပြင် အင်းဝဂူကြီးသုံးလုံးမှ အလယ်ဂူဘုရားအမှတ် ၁၇၄၊ အင်းဝနန်းမြင့်မျှော်စင်၊ အင်းဝရှေးဟောင်းနယ်မြေတွင် ထင်ရှားသည့် သာသနိက အဆောက်အအုံတစ်ခုဖြစ်သော လေးထပ်အုတ်ကျောင်းကြီးနှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တူးဖော်သုတေသနပြုထားသည့် အင်းဝနန်းတော်ရာမြို့ရိုးတို့ကိုလည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး) ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"အင်းဝပြတိုက်မှာဗုဒ္ဓအနုပညာပြခန်း၊အင်းဝခေတ်လူမှုအသုံးအဆောင်ပစ္စည်းပြခန်းနဲ့အင်းဝခေတ် ဗိသုကာအနုပညာလက်ရာပြခန်းတွေ ပြသထားပါတယ်။ ဒီပြတိုက်ကိုလာရောက်လေ့လာကြည့်ရှုသူတွေ စိတ်ဝင်စားမှုပိုမိုရရှိစေဖို့နဲ့ သဘာဝဘေးဒဏ်အင်းဆက်ပိုးမွှားအန္တရာယ်နဲ့ လူတွေကိုင်တွယ်မှုကြောင့် ပျက်စီးမှုမှ ကင်းဝေးအောင် ပြန်လည်ခင်းကျင်းပြသသွားမှာပါ။ ပြီးတော့ ဧရာဝတီမြစ်ရေကြီးလို့ ရေဝင်ရောက်မှု ကာကွယ်ဖို့အတွက် စန္ဒာပူရီရေတံခါးနဲ့ အင်းဝမြို့ရိုး အချို့နေရာတွေက ရေဝင်ရောက်နိုင်တဲ့နေရာတွေကို ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။



အဆိုပါလုပ်ငန်းများအားလုံးအတွက် သတင်းစာတွင် တင်ဒါခေါ်ယူထားပြီး ဩဂုတ် ၁၁ ရက်တွင် တင်ဒါဖွင့်၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ ဩဂုတ်လ နောက်ဆုံးပတ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

မြန်မာ့ရိုးရာအားကစား

# မြန်မာပြည်ချန်ပီယံဖြစ်ရေး ဦးတည်နေသည့် အောက်မြန်မာပြည် ရိုးရာလက်ဝှေ့လောကရဲ့ နဂါးမာန်ကလပ်

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့လောကတစ်ခွင်ရဲ့နည်းပြချုပ်များ၊ နည်းပြများနဲ့ ကစားသမားများရဲ့ အလိုချင်ဆုံး၊ အတောင့်တဆုံး၊ အဖြစ်ချင်ဆုံးရည်မှန်းချက်အိပ်မက်ဟာ မြန်မာပြည် အလွတ်တန်းချန်ပီယံဖြစ်ရေးပင် ဖြစ်ပါတယ်။ မြန်မာပြည် ချန်ပီယံတစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ဦးတည်လာသူ အားကစားသမားတစ်ဦးအတွက် ဘဝရဲ့အစိတ်အပိုင်းတွေဖြစ်တဲ့ အချိန်ပေးကြိုးစားမှုတွေနဲ့အတူ ဆုံးရှုံးနစ်နာ၊ စွန့်လွှတ်ခဲ့ရတာတွေက အများကြီးပါ။ ချန်ပီယံဖြစ်လာတဲ့အချိန်မှာတော့ အဲဒီအိပ်မက်ဆိုး၊ အတားအဆီးကြားထဲက လွတ်မြောက်မှုတန်ဖိုးဟာ မည်သည့်အရာနဲ့မှ ချန်ပီယံတိုင်းလဲကြမှာ မဟုတ်ကြပါဘူး။ ယနေ့အခွင့်အခါကြုံလို့ ရန်ကုန်မြို့တောင်ဒဂုံမြို့နယ်မှာရှိတဲ့ နည်းပြချုပ်ကိုကျော်စိုး (ကဘော်မြေ) ကိုင်တွယ်နေတဲ့ ရိုးရာလက်ဝှေ့လောကရဲ့ အောက်မြန်မာပြည်နဂါးမာန်ကလပ်ကို ရောက်ဖြစ်ခဲ့တယ်။ လတ်တလောနဂါးမာန်ရဲ့ အဓိကဦးတည် လျှောက်လှမ်းမှုကတော့ မြန်မာပြည်ချန်ပီယံဖြစ်ရေးလို့ ဆိုလာပါတယ်။

မြန်မာနိုင်ငံရိုးရာလက်ဝှေ့လောကတစ်ခွင်မှာ နည်းပြချုပ်တစ်ဦးရယ်လို့ နှစ်ပေါင်းရှည်ကြာ မားမားမတ်မတ်ရပ်တည်လာခဲ့တဲ့ နဂါးမာန်နည်းပြချုပ်ရဲ့ ဦးတည်လျှောက်လှမ်းမှု ပန်းတိုင်ကတော့ အလှမ်းမဝေးတော့တဲ့ လပိုင်းအနည်းငယ်အတွင်းမှာ ဦးတည်ချက်ပန်းတိုင် အထမြောက်အောင်မြင်မလား စောင့်ကြည့်ရတော့မှာပါ။ ပြောရရင် ရိုးရာလက်ဝှေ့လောကတစ်ခွင်မှာ ချန်ပီယံလုပွဲရယ်လို့ များများစားစားမရှိခဲ့တာ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်ပါတယ်။ ယခင်မြန်မာပြည် အလွတ်တန်းချန်ပီယံ လက်ဝှေ့ကျော်ဟောင်း ဝမ်ချိုင်းကလည်း ခုနောက်ပိုင်း မြန်မာပြည် ချန်ပီယံတွေဟာ အရင်ကလို ပြိုင်ဘက်ကောင်းတွေ များများစားစားမရှိတော့ဘူး။ ဒါကြောင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့လောကမှာ မျိုးဆက်သစ်တွေမွေးမြူဖို့ အတော်လေးကို လိုအပ်နေတယ်လို့ ပြောခဲ့ဖူးပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ ရိုးရာလက်ဝှေ့လောကမှာ ပထမတန်းလက်ဝှေ့ကျော်များသာ လေးငါးခြောက်ဦး အပြိုင်ပေါ်ထွက်လာပေမယ့် ချန်ပီယံဖြစ်ရေးကိုတော့ ကြိုးစားရုန်းကန်မှု အားနည်းနေကြသေးတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ချန်ပီယံလုပွဲကြီးရယ်လို့ ပွဲစီစဉ်သူ ကိုနိုင်မိုး ဦးဆောင်တဲ့ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းနဲ့ ဆရာဦးဝင်းဇင်ဦးကိုင်တွယ်သည့် သတ္တိကလပ်မှ စောဂေါ်မူဒိုတို့ရဲ့ရှားရှားပါးပါးပွဲကိုတော့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ကြည့်ရှုခွင့်ရလိုက်ကြပါတယ်။ ဒါပေမယ့် ချန်ပီယံလုပွဲဟာ ပရိသတ်အားရကျေနပ်မှု မရှိခဲ့ပါဘူး။ အကြောင်းက အားမတန်မာန်လျှော့ခဲ့ရတဲ့ စောဂေါ်မူဒိုကို လက်ရှိချန်ပီယံ ပထမအချီ မိနစ်ပိုင်းမှာပင် အောက်ခြေကန်ချက်များဖြင့် ပွဲသိမ်းနိုင်မှုကြောင့်ပဲ ဖြစ်ပါတယ်။ အခုတော့ နဂါးမာန်ကလပ်ရဲ့ ဒုတိယအကြိမ် မြန်မာပြည်အလွတ်တန်း ချန်ပီယံဖြစ်ရေး ကြိုးစားရုန်းကန်မှုကို ရိုးရာလက်ဝှေ့ချစ်ပြည်သူများ အနေးနဲ့အမြန် ကြည့်ရှုခွင့် ရရှိတော့မှာပါ။

လတ်တလော မြန်မာပြည်ချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့ နဂါးမာန်ကလပ်မှ နည်းပြချုပ် ကိုကျော်စိုး (ကဘော်မြေ)က “နဂါးမာန်ကလပ်ရဲ့အဓိကဦးတည်နေတဲ့ ရည်မှန်းချက်ပန်းတိုင်ကတော့ မြန်မာပြည်ချန်ပီယံဖြစ်ရေးပါ။ ဖြစ်နိုင်တဲ့သူဟာ ချန်ပီယံဖြစ်ကိုဖြစ်ဖို့ လိုအပ်သလို ဝိတ်အလိုက်အတန်းတိုင်းမှာလည်း ချန်ပီယံဖြစ်အောင်တော့ မွေးထုတ်ရမှာပါ။ ဒါဟာ နဂါးမာန်ကလပ်ရဲ့အဓိကပန်းတိုင် ရည်ရွယ်ချက်ပဲ။ အခု မြန်မာပြည်ချန်ပီယံဖြစ်ဖို့ လက်တစ်ကမ်းအလိုမှာ ရောက်နေတာကတော့ ကျွန်တော့်တပည့် တူးတူးပါ။ သူဟာချန်ပီယံဖြစ်ရေး အနီးစပ်ဆုံး လက်တစ်ကမ်းမှာ ရှိနေပါတယ်။ ပွဲစီစဉ်မယ့်သူရှိလို့ အခွင့်အရေးရရင်တော့ အခု လက်ရှိ ချန်ပီယံကိုလည်းထိုးမှာပဲ။ လက်ရှိချန်ပီယံနဲ့ တူးတူးဟာ သူငယ်ချင်းဆိုပေမယ့် ပုဂ္ဂိုလ်ရေးအရ သူငယ်ချင်းပါ။ ဒါပေမယ့် တူးတူးဟာ နဂါးမာန်ကလပ်ကဖြစ်သလို လက်ရှိ ချန်ပီယံထွန်းထွန်းမင်းဟာ မုဒုံသား ဖြစ်တယ်။ ကျွန်တော်တို့ကလပ်ရဲ့ ဦးတည်မှုပန်းတိုင် လားရာကိုတော့ အဲဒီသူငယ်ချင်းဆိုတဲ့အချက်နဲ့ တားဆီးနိုင်မှာမဟုတ်ပါဘူး။ ခုဆိုသူတို့နှစ်ဦးဘာကြောင့် မထိုးတာလဲဆိုတာကို ပရိသတ်တွေကလည်း သိချင်နေကြတယ်။ ကျွန်တော်တို့ဘက်ကတော့ ဦးတည်ရာလမ်းကြောင်းကို လျှောက်လှမ်းနေပါတယ်။ ဘာအကြောင်းနဲ့မှ လမ်းကြောင်း အပျောက်မခံနိုင်ပါဘူး”ဟု နဂါးမာန်ကလပ်ရဲ့ခံယူမှုကို ရင်ဖွင့်ခဲ့ပါတယ်။



ထွန်းလွင်မိုး လေ့ကျင့်နေစဉ်

နဂါးမာန် ရိုးရာလက်ဝှေ့ကလပ်ကို ထက်လင်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်ထွန်းက ဥက္ကဋ္ဌအဖြစ်ကိုင်တွယ်ကာ အဓိကကူညီပံ့ပိုးနေပြီး နည်းပြချုပ်အဖြစ် ကိုကျော်စိုး (ကဘော်မြေ)က တာဝန်ယူလေ့ကျင့်ပေးလျက် ရှိပါတယ်။ လက်ရှိနဂါးမာန်ကလပ်မှာ ဝိတ်တန်းအကြီးဆုံးအဖြစ် ၇၅ ကီလိုတန်းမှာ ပထမတန်းလက်ဝှေ့ကျော် တူးတူး၊ ၇၀ ကီလိုတန်းမှာ ရဲရင့်အောင်၊ ၆၅ ကီလိုတန်းမှာ လူသစ်တန်း မျိုးဆက်သစ် ချိုင်းထူး၊ ၆၀ ကီလိုတန်းမှာ တွေ့မရှောင်လက်သစ်ဟု ပရိသတ်တင်စားခေါ်ဝေါ်ခံနေရသည့် ထွန်းလွင်မိုး၊ ၅၄ ကီလိုတန်းမှာ မျိုးဆက်သစ် တိုးလုံးနဲ့ ၅၁ ကီလိုတန်းမှာ မျိုးဆက်သစ်စစ်ထန် စုစုပေါင်းကစားသမား ခြောက်ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့ ပထမတန်းလက်ဝှေ့ကျော်တူးတူးဟာ အသက် ၂၆ နှစ် အရပ် ငါးပေရှစ်လက်မ ထိုးသတ်ခဲ့သော ပွဲပေါင်း ၄၀ မှာ နိုင်ပွဲ ၄၀၊ သရေ ၁၀ ပွဲနဲ့ ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ကာ ၂၀၁၃ ဆီးဂိမ်း (မွေ) ရွှေ၊ ၂၀၁၂ အာရှ (မွေ)မှာ ရွှေတံဆိပ်ဆုများ ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။ လာမယ့် ဩဂုတ်လထဲမှာကျင်းပမယ့် မြန်မာနိုင်ငံရဲ့ပထမဆုံး ကမ္ဘာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲမှာလည်း နဂါးမာန်ကလပ်မှ တူးတူးနဲ့ ထွန်းလွင်မိုးနဂါးမာန်တို့နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်တယ်။ နဂါးမာန်ကလပ်ရဲ့ ပွဲကိုင်ရှင်ကိုကျော်စိုး (ကဘော်မြေ)ဟာ အရေအတွက်ထက် အရည်အချင်းရှိသူများကိုသာ မွေးထုတ်ပေးသွားမယ်လို့ ဆိုပါတယ်။

နဂါးမာန်ရိုးရာလက်ဝှေ့ကလပ်ရဲ့ နည်းပြချုပ်ကိုကျော်စိုး (ကဘော်မြေ)ဟာ အသက် ၁၇ နှစ်အရွယ်မှာ မြန်မာပြည်လက်ဝှေ့ကျော် သာစည်မောင်မောင်ကြီးနဲ့ တွေ့ဆုံကာ ရိုးရာလက်ဝှေ့လောကသို့ စတင်ခြေဝင်လာပြီး လက်ဦးဆရာ လက်ရှိမြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦး (သတ္တိကလပ်)ရဲ့ တပည့်အရင်း ဖြစ်ပါတယ်။ ဦးဝင်းဇင်ဦးရဲ့ တစ်ချိန်က KLN ရိုးရာလက်ဝှေ့ကလပ်မှာ လက်ထောက်နည်းပြအဖြစ် ခြောက်နှစ်တာတာဝန်ယူ ထမ်းဆောင်ခဲ့ပြီး ယခုလက်ရှိနည်းပြချုပ်တာဝန်ကို ၁၀ စုနှစ်ကျော်တဲ့အထိ ကိုင်တွယ်နေတဲ့ အတွေ့အကြုံရှင် နည်းပြတစ်ဦး ဖြစ်ပါတယ်။ သူဟာ အဖွဲ့ချုပ်ရဲ့ နိုင်ငံကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်ခဲ့ရတဲ့ ပြိုင်ပွဲတွေမှာလည်း နည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့တဲ့ အတွေ့အကြုံများက ၂၀၁၂ ဗီယက်နမ်မှာ ကျင်းပတဲ့ အာရှ ချန်ပီယံရှစ်မှာ ငါးဦးသွားပြိုင်ရာ ရွှေနှစ်ခု၊ ငွေ တစ်ခုနဲ့ ကြေး နှစ်ခုတို့ကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ ၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနဲ့ ၂၀၁၃ ကိုရီးယားမှာ ကျင်းပတဲ့ အာရှ တွင်း ပြိုင်ပွဲတွေမှာလည်း နည်းပြချုပ်အဖြစ် ကိုင်တွယ် ခဲ့ရာမှာ တပည့်တွေကို ဆုတံဆိပ်တွေရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ယခု လတ်တလော နည်းပြချုပ် အဖြစ် ကိုင်တွယ်နေတဲ့ နဂါးမာန်ရိုးရာလက်ဝှေ့ကလပ်ဟာ ရန်ကုန်မြို့ ဒဂုံ မြို့သစ် တောင်ပိုင်းမြို့နယ် (၆၅) ရပ်ကွက် Tosta အိမ်ရာ ရောဝဏ် လမ်းမကြီးဘေးတွင်တည်ရှိပြီး တနင်္ဂနွေနဲ့ စနေနေ့ ညနေပိုင်းကလွဲ၍ ကစားသမားများကို နံနက်တစ်ကြိမ်နဲ့ ညနေပိုင်းတစ် ကြိမ် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ များမကြာမီ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ မျှော်လင့်နေတဲ့ မြန်မာပြည် ချန်ပီယံလုပွဲကြီး အထမြောက်တော့မည်လား ဆိုတာကို စောင့်မျှော်ကြရတော့မည် ဖြစ်ပါကြောင်း။ ။

**(မြန်မာ့အလင်း)**



နဂါးမာန်ကလပ်မှ အဖွဲ့သားများလေ့ကျင့်နေစဉ်

**လာမယ့်ဩဂုတ်လထဲမှာကျင်းပမယ့် မြန်မာနိုင်ငံရဲ့ပထမဆုံး ကမ္ဘာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲမှာလည်း နဂါးမာန် ကလပ်မှ တူးတူးနဲ့ထွန်းလွင်မိုး နဂါးမာန်တို့နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်မှာဖြစ်တယ်**

# ရက်ပေါင်း ၁၀၀ မှသည့် လှပသောအနာဂတ်ဆီသို့

✧ မြင့်စိုး (နတလ) ✧



မကြာမီသူတို့ ရောက်ရှိလာကြတော့မည်။

အတိအကျပြောရလျှင် ဇူလိုင် ၂၅ ရက်တွင် နေပြည်တော် အမှတ်(၃) တည်းခိုရေးနှင့် စစ်ကြောရေး စခန်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ရောက်လာကြပါတော့မည်။ သူတို့ဆိုသည်မှာ တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များဖြစ်ကြသည်။ ဒီတစ်ကြိမ်အတွက်ကို တော့ဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မံစီမြို့နယ်နှင့် ပန်ဝါဒေသမှ ဂျိန်းဖော့နှင့် လာချိဒ် တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဒီးမော့ဆိုမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များမှ ကယား၊ ကယန်း၊ ကယော၊ ကရင်နှင့် မနော တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ မွန်ပြည်နယ် ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များမှ မွန်တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များမှ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်နှင့်သက် တိုင်းရင်းသား တိုင်းရင်းသူ ၂၅ ဦး စုစုပေါင်း ၁၀၀ ကို ဖိတ်ကြား၍ နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေး ခရီးစဉ် စီစဉ်ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

သူတို့လေးတွေရောက်လာလျှင် နေရေးထိုင်ရေး၊ စားသောက်ရေး၊ လေ့လာရေးခရီးစဉ် လှည့်လည်သွားလာရေး ကိစ္စတွေနှင့်စပ်လျဉ်း၍ အစစအရာရာ အဆင်ပြေချောမွေ့စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားကြပြီးဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးကလည်း မိုးရာသီခရီးစဉ်များဖြစ်နေ၍ ၎င်းတို့ဇာတိမြို့ရွာအသီးသီးကနေ ထွက်ခွာလာချိန်မှ နေရပ်သို့ ပြန်လည်ရောက်သည်အထိ ဘေးကင်းလုံခြုံမှုရှိစေရေး၊ လေ့လာရေးခရီးစဉ်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝပေးနိုင်ရေးတို့ကို အထူးဂရုပြုဆောင်ရွက်ပေးကြရန် အလေးထားမှာကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၁၉၉၃-၉၄ ခုနှစ်များမှစ၍ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များကို ရန်ကုန်မြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ ဖိတ်ကြားခေါ်ယူပါဝင်ဆင်နွှဲစေခြင်း၊ ဒေသအလိုက် လေ့လာရေးအဖွဲ့များ ဖိတ်ကြားခေါ်ယူ၍ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင်တန်ခိုးကြီးဘုရားများ ဖူးမြော်ခြင်း၊ ကြည့်ရှုလေ့လာသင့်သည့်နေရာများသို့ ပို့ဆောင်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ခဲ့ရာ ထိုအချိန်ထိုကာလက ရောက်ရှိခဲ့ကြဖူးသော တိုင်းရင်းသား တိုင်းရင်းသူများထဲတွင် ယခုရောက်ရှိလာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် ဆွေမျိုးတော်စပ်သူများလည်း ပါဝင်နေမည်မှာ အသေအချာပင်။

တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လေ့လာရေးအဖွဲ့များခေါ်ယူရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အလှည့်ကျ ဖိတ်ကြားခေါ်ယူခဲ့ခြင်းဖြစ်ရာ ပြုစုထားသော မဟာသင်္ကြန်ပွဲတော်ဆိုင်ရာ မှတ်တမ်းများနှင့် ကျွန်တော်ရေးခဲ့ဖူးသည့် လေ့လာရေးခရီးစဉ် ဆောင်းပါးများထဲမှ စာရင်းဇယားများအရ ကချင်ပြည်နယ်အတွင်းမှ ၂၀၀၂ ခုနှစ်၌ ပန်ဝါဒေသတွင် နေထိုင်ကြသော လော်ဝေါ် တိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၃ ခုနှစ်တွင် မိုးကောင်းမြို့နယ်၌နေထိုင်ကြသော ဂျိန်းဖော့တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ်အတွင်းမှ ၁၉၉၈ ခုနှစ်တွင် လွိုင်ကော်မြို့နယ်၌ နေထိုင်ကြသော ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၂ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ်တွင် နေထိုင်ကြသော ကယန်းတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ်အတွင်းမှ ၁၉၉၉ ခုနှစ်တွင် ရေးချောင်းဖျားဒေသရှိ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၃ ခုနှစ်တွင် သထုံနှင့် ဘီးလင်းမြို့နယ်များမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ်အတွင်းမှ ၁၉၉၈ ခုနှစ်တွင် ကျောက်တော်ဒေသရှိ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၁ ခုနှစ်တွင် မောင်တောဒေသမှ ခမီတိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၂ ခုနှစ်တွင် ဘူးသီးတောင်မြို့နယ်အတွင်းမှ မြို့နှင့် ခမီတိုင်းရင်းသား တိုင်းရင်းသူများ၊ ၂၀၀၃ ခုနှစ်တွင် မောင်တောဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ စသည်...စသည်ဖြင့် ပါဝင်လာခဲ့သည်။ ယခုတစ်ခေါက် လေ့လာရေးခရီးစဉ်တွင်လည်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းရင်းသား တိုင်းရင်းသူများအတွက် ပြန်လည်၍ အလှည့်ကျလာသည်ဟု ဆိုရမည်ပင်။

နတလဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ဦးစီးသည့် ဝန်ထမ်းအဖွဲ့များအနေဖြင့် လေ့လာရေးခရီးစဉ်တွင် တာဝန်ကိုယ်စီယူထားကြရသည်ဖြစ်ရာ အချို့က ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ အချို့က လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး ဆပ်ကော်မတီ၊ အချို့ကအခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ အချို့က သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်း ဆပ်ကော်မတီ စသည်တို့တွင် အသီးသီးပါဝင်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြပြီ ဖြစ်သည်။

တိုင်းရင်းသား တိုင်းရင်းသူများနှင့်ပတ်သက်လာလျှင်လည်း မောသည်ပန်းသည်ဟု သဘောမထား၊ ရုံးဖွင့်ရက် ရုံးပိတ်ရက်ဟူ၍ အာရုံထဲမှာမရှိ၊ ဟိုအဝေးတစ်နေရာဆီမှ မိမိတို့၏ မောင်နှမသားချင်း ဆွေမျိုးရင်းချာများ ရောက်ရှိလာဘိသကဲ့သို့ လှိုက်လှိုက်လှဲလှဲကြိုဆိုကြ၊ ကျွေးမွေးဧည့်ခံကြ၊ လေ့လာရေးခရီးစဉ်များ လှည့်လည်ပို့ဆောင်ပေးကြ၊ နေမကောင်းသူများရှိလာလျှင် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ ဆရာဝန်၊ သူနာပြုများနှင့်အတူ ဝိုင်းဝန်းပြုစုပေးကြသည့်အပြင် သူတို့ပြန်သွားကြတော့လည်း လွမ်းတသသဖြစ်၍ ကျန်ခဲ့ကြသူများ ဖြစ်လို့နေ၏။

တစ်ဖန် တိုင်းရင်းသား တိုင်းရင်းသူများ ဘက်ကရော... ပြီးခဲ့သည့် ဇွန်လထဲမှာရောက်ရှိလာခဲ့ကြသည့် ကရင်၊ ပလောင်နှင့် ဓနုအဖွဲ့များအနေဖြင့် လေ့လာရေးခရီးစဉ်ပြီးဆုံး၍ ပြန်မည်ကြံကာရှိသေး သူတို့အဖွဲ့များကို နောက်တစ်ကြိမ် ခေါ်ပေးပါဦးဟု စကားဦးသန်း၍ ဆန္ဒပြုသွားကြသည်မှာ ကိုယ်စီကိုယ်စီရယ်။ ၂၀၁၆ ခုနှစ်မကုန်မီ လာမည့်ပွင့်လင်းရာသီမှာ လေ့လာရေးအဖွဲ့များ တစ်ကြိမ်ထပ်၍ခေါ်ယူရန် ပြည်ထောင်စုဝန်ကြီးထံမှ လမ်းညွှန်ချက်ရရှိထားပြီး ဖြစ်သည်။

မည်သည့်အရပ်၊ မည်သည့်ဒေသက တိုင်းရင်းသားသွေးချင်း ဆွေမျိုးများနှင့် ရေစက်ဆုံရဦးမည်ကိုတော့ လောလောဆယ် မပြောတတ်သေး။ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ရ၍သာ တိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာနှင့် ရေစက်ဆုံခဲ့ရခြင်းဖြစ်သည်ဆိုတာကတော့ အလွန်သေချာသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းတွေ့ဆုံကြရခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ထိတွေ့ဆက်ဆံကြရခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ပေးရခြင်း စသည်... စသည်တို့မှသည် လေ့လာရေးခရီးစဉ်များအဆုံး သူတို့နှင့် ရေစက်ဆုံမှုက အမျိုးမျိုးအဖုံဖုံရှိ၍နေသည်သာ။ နယ်စပ်ဒေသအသီးသီးတွင် သူတို့အတွက် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရင်းဖြင့် အလိုလိုကသိုလ်တွေရနေသည်ကိုလည်း ကျေနပ်ဝမ်းမြောက်မိ၏။

ယခုလာရောက်ကြမည့် ကချင်၊ ကယား၊ မွန်နှင့် ရခိုင် တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ၏ လေ့လာရေးခရီးစဉ်တွင် ယခင်တစ်ခေါက်ထက်ပို၍ ထူးခြားမှာက လွှတ်တော်များ ပြန်လည်ကျင်းပချိန်နှင့် တိုက်ဆိုင်နေသောကြောင့် လွှတ်တော်အသီးသီးတွင် နိုင်ငံတော်အတွက် အရေးကြီးကိစ္စရပ်များ အတည်ပြုဆုံးဖြတ် ကျင်းပနေပုံများကို ထဲထဲဝင်ဝင်ကြည့်ရှုလေ့လာနိုင်မည့် အခွင့်အရေးရရှိကြမည်ဖြစ်သည်။

ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ညှိနှိုင်း၍ အားကစားကွင်းကြီးများကို သွားရောက်ကြည့်ရှုလေ့လာပြီး လာမည့် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေကြသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်လှုပ်ရှားဆောင်ရွက်နေမှုများကို တွေ့မြင်ခွင့်ရရှိကြမည်ဖြစ်သည်။ လေ့လာရေးခရီးစဉ်အတွင်း နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများပါမကျန် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသော နေပြည်တော် အမှတ်(၃) တည်းခိုရေးနှင့် စစ်ကြောရေးစခန်းမှ တပ်မှူး ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်းနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ စားရိပ်သာမှ ဒုအရာခံဗိုလ် တင်ဦးနှင့် ဒုတပ်ကြပ် စံသိန်းတို့အဖွဲ့၊ အနီးကပ်ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ တာဝန်ကျအရာရှိ၊ စစ်သည်များနှင့်လည်း ထပ်မံ၍ ရေစက်ဆုံကြဦးမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်အား လုပ်ငန်းစဉ် (၉) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆဋ္ဌမလုပ်ငန်းစဉ်အရ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လေ့လာရေးအဖွဲ့များ ဖိတ်ကြားခေါ်ယူ၍ နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်း တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကိုသိရှိလေ့လာ ဖလှယ်ခွင့်ရကြမည်ဖြစ်သည်။ လေ့လာရေးခရီးစဉ်မှရရှိသော ဗဟုသုတနှင့် အတွေ့အကြုံကောင်းများကို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချနိုင်မည့် အခွင့်အရေးလည်း ရရှိလာကြမည်ဖြစ်သည်။

၎င်းတို့အပေါ်မျှော်မှန်းထားရှိသော အန္တိမရည်မှန်းချက်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတည်းဟူသော မိမိတို့ တိုင်းရင်းသားအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ လက်တွဲနေထိုင်လျက်ရှိကြသော တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်ကြသည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော "မြန်မာ" ဆိုသည့် စိတ်ဓာတ်မွေးမြူ၍ ဒေသစွဲ၊ တိုင်းရင်းသားစွဲ၊ လူမျိုးစွဲမထားဘဲ မိမိတို့နိုင်ငံတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဟူသောအသိများဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား ညီညွတ်ရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန် ထွန်းကားပြန့်ပွားလာစေရေးပင်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ထိုရည်မှန်းချက် ထမြောက်အောင်မြင်ရန်အတွက် ရက် ၁၀၀ လွန်ကာလမှသည် နောင်နှစ်များစွာကာလသို့တိုင် ဆက်၍ ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်သာ။ ဖြူနီဝါပြာ အရောင်စုံအသွေးစုံလှပနေသည့် ပြည်ထောင်စုပန်းခင်းကြီးထဲမှာ ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့များ ထာဝစဉ်မွှေးထုံသင်းပျံ့နေဖို့ရာ ရည်သန်လျက်...။

**လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်း တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို သိရှိလေ့လာ ဖလှယ်ခွင့်ရကြမည်ဖြစ်သည်။ လေ့လာရေး ခရီးစဉ်မှရရှိသော ဗဟုသုတနှင့်အတွေ့အကြုံကောင်းများကို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချနိုင်မည့်အခွင့်အရေးလည်း ရရှိလာကြမည်ဖြစ်**

# နေ့စဉ်ငွေပေးဝယ်နေကြသော ကင်ဆာ

**ရွှေလင်းပြည့်စုံ**



**ကွမ်းကပေးသောကင်ဆာ။ နေ့စဉ်ငွေပေးဝယ်၍ရသော ကင်ဆာ။ အဆိုပါကင်ဆာသည် ခံတွင်းကင်ဆာအဖြစ် ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေနိုင်သည်။ ကွမ်းစားသုံးသူ၏ ခံတွင်းထဲ၌ အချွဲမြှေးခြောက်နေခြင်းကို သွားနှင့်ခံတွင်း ဆရာဝန်ထံပြသခြင်းဖြင့် အဖြေရှာသင့်**

မြန်မာမှုနယ်ပယ်၏ လောကီမင်္ဂလာ (၁၂) ပါးတွင် ဖွားမြင်ပြီးနောက် ၇၅ ရက်မြောက်၌ ကွမ်းဦးခွံ့ခြင်းဟူသော တမ္ဗူလပတ္တမင်္ဂလာကို သုတေသနသရုပ်ပြအဘိဓာန်တွင် လည်းကောင်း၊ သုခမှတ်စုအဆိုတွင် တမ္ဗူလပတ္တမင်္ဂလာ၊ ကွမ်းခွံ့ခြင်းမင်္ဂလာကို လည်းကောင်း ပြုလုပ်သည့်ဓလေ့ရှိသည်ကို မှတ်သားရသည်။

လောကီမင်္ဂလာဆယ့်နှစ်ပါး၌ ကွမ်းခွံ့မင်္ဂလာဟူ၍ ညွှန်းဆိုသည်။ ကွမ်းခွံ့၊ ကွမ်းစားဓလေ့ကို မှတ်သားပြု၍ "တံတားဦးက ကွမ်းနုဝါ၊ ငန်းမြာက ဆေး၊ ကွမ်းသီးတောင်ငူနှင့်၊ ကိုင်းထုံးဖြူ၊ ပြည်ရှား၊ သာဝါးလို့ထွေး" ဟူ၍ စာဆိုဖွဲ့ခဲ့ကြသည်။

မြန်မာ့ဓလေ့အစဉ်အလာတွင် ရိုးရာတိုင်း၊ ဓလေ့တိုင်းက မင်္ဂလာမဟုတ်ပါ။ ကွမ်းစားခြင်းကြောင့် လူသားတစ်ဦးချင်းစီတွင် ငွေကုန်သည်။ အချိန်ကုန်သည်။ ကျန်းမာရေးနှံ့ချာသည်။ ကွမ်း၊ ဆေးလိပ်တို့သည် ငွေဖြုန်းတီးရေးအလုပ်တစ်ခုအဖြစ် ဝန်ပိစေသည်။ "ကွမ်းစားတာ ပါးစပ်အမှိုက်ရှုပ်တာပဲ" ဟူ၍ ညည်းညူကြသည်။ ပါးစပ်အမှိုက်ရှုပ်ရုံသာမက ပတ်ဝန်းကျင်ကိုပါ ညစ်ပတ်စေသည်။ သန့်ရှင်းမှုကို ဟန့်တားသည်။

ကွမ်းသည် အိန္ဒြေမဲ့သကဲ့သို့ ဂုဏ်ကျက်သရေကိုလည်း မဲ့စေနိုင်သည်။ ကွမ်းစားသူတိုင်း စည်းကမ်းမဲ့နေကြသည်။ ကွမ်းတံတွေးကို တွေ့ရာကြုံရာနေရာမှာ ထွေးချင်သလို လွတ်လွတ်လပ်လပ်ထွေးနေကြသည်။ နေရာမရွေး၊ အချိန်မရွေး။

အင်းဝ ဒုတိယမင်းခေါင်လက်ထက်တွင် ရှင်မဟာသီလဝံသဆရာတော်၏ ဆုံးမစာလင်္ကာတွင် "ကွမ်းဆေးမီးလျှင်၊ ညှော်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ" ဟူ၍ ထည့်သွင်းဖော်ပြခဲ့ရာ မြန်မာ့ကွမ်းဓလေ့သည် ကုန်းဘောင်ခေတ်နန်းတွင်းဓလေ့ပင်ရှိနေသည်ကို မှတ်သားရသည်။

ကုန်းဘောင်ခေတ်နန်းတွင်း အမှုထမ်းများခန့်အပ်ရာတွင် "ယာတော်ကွမ်း၊ ကွမ်းရေတော်ကိုင်" ဟူသော နန်းတွင်းအသုံးအနှုန်းများကို ဖတ်ရသည်။

ကွမ်းကို ပန်းတနော်၊ မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ ကျောက်ဆည်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ရွှေဘိုတို့က စိုက်ပျိုးကြသည်။

ကွမ်းစားဆေးသောက်ခြင်းဓလေ့ဆိုးကြောင့် ကမ္ဘာတွင် ခြောက်စက္ကန့်အချိန်ပိုင်းလေးတွင် လူသားတစ်ဦးနှုန်း သေဆုံးနေကြောင်း သုတေသီများက ညွှန်းဆိုသည်။

အလွှာမရွေး၊ အရွယ်မရွေး၊ အရွယ်သုံးပါးစလုံးက ကွမ်းစားဓလေ့ကို လက်ခံကျင့်သုံးနေကြသည်။ ကွမ်းစားသုံးခြင်းက လူသားတစ်ဦးချင်းစီ၏ ကျန်းမာရေးရှုထောင့်အရ အကျိုးမပြုသော စားသုံးမှုဖြစ်သည်။ ကွမ်းက ကင်ဆာနှင့် ဆက်နွှယ်သောရောဂါ၊ သွားဖုံး၊ ပါးစပ်ရောဂါ မျိုးစုံကို သယ်ဆောင်လာသည်။

လူအများ သွားလာနေသော လမ်းတစ်ဝိုက်တွင် စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ စည်းကမ်းမဲ့ ကွမ်းထွေးခြင်းသည် တိုင်းပြည်နှင့် လူမျိုးဂုဏ်သိက္ခာကို ကျဆင်းစေသည်။ တိုင်းတစ်ပါးခရီးစဉ်ဖြင့် သွားလာခဲ့သူတိုင်းက အမိမြန်မာပြည်တွင် ကွမ်းဓလေ့ဖြင့် ထင်တိုင်းစား၊ ထင်တိုင်းထွေး၊ ထင်တိုင်းစည်းမဲ့ကမ်းမဲ့ဖြစ်နေမှုကို ရှက်တတ်စေချင်ပါသည်။

ကွမ်းစားသုံးသူ တစ်ဦးချင်းက အသိစိတ်ဖြင့် ရှောင်ကြဉ်ကြလျှင် စည်းကမ်းကျနသော၊ စည်းကမ်းစောင့်ထိန်းသော၊ စည်းကမ်းကိုလေးစားသော နိုင်ငံကြီးသားဖြစ်လာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါ။

ကွမ်းတံတွေးကိစ္စ ပြဿနာမကြီးထွားမီ မီဒီယာလောကမှ ပညာပေးစည်းရုံးဟောပြောခြင်းကို လုပ်ဆောင်သင့်ပါသည်။ စာနယ်ဇင်းမီဒီယာလောကမှ သတင်း၊ ဆောင်းပါးများဖြင့် နေ့စဉ်ဖော်ပြပေးခြင်းဖြင့် လူထုနယ်ပယ်သို့ ထိုးဖောက်ဝင်ရောက် သင့်ပါသည်။

ကွမ်းဓလေ့က လူမှုမီဒီယာတွင် ရှေ့တန်းမှရောက်နေသည်။ ကွမ်းစားခြင်းဓလေ့က မကောင်းကြောင်း၊ ကွမ်းမစားသင့်ကြောင်း ကျန်းမာရေးရှုထောင့်က ရေးကြပြောကြသည်။

အမိနိုင်ငံတွင် ကွမ်းစားသူဦးရေက ကျမသွားပါ။ နိုင်ငံတစ်လွှားတွင် လူငယ်ထုများထဲသို့ ထိုးဖောက်၍ ကွမ်းစားသူအရေအတွက်က ပိုလာသည်။ ကွမ်းမစားလျှင်ပင် ခေတ်မမီသည့် အသွင်သို့ဆောင်လာသည်။

ကွမ်းကို ဥပဒေ၊ အာဏာလုပ်ရပ်ဖြင့် ပိတ်ပင်တားဆီးမှုထက် ကွမ်းကိုကျန်းမာရေးရှုထောင့်အရ မစားသင့်ကြောင်း၊ ကွမ်းစားနှုန်း လျှော့ချသင့်ကြောင်း၊ ကွမ်း၏ဘေးထွက်ဆိုးကျိုးများ သိရှိခံယူကျင့်သုံးလာအောင် ပညာပေးသင့်ပါသည်။

စည်းမဲ့ကမ်းမဲ့ ကွမ်းထွေးနေမှုကို အစဉ်အလာကောင်း တစ်ရပ်ပမာ လက်ခံခဲ့ကြသည်မှာလည်း ရာစုနှစ်ထက်ဝက်ပင် ပြည့်ခဲ့ပါပြီ။ မကောင်းသည့် အလေ့အကျင့်မှန်း မသိကျိုးကျွံဖြစ်လာအောင် မျိုးဆက်သစ်လူငယ်ထုအပေါ် ဥပေက္ခာပြုလွန်းသည်။

ကွမ်း၏ဘေးထွက်ဆိုးကျိုးကား ကင်ဆာ ..... ကင်ဆာ ..... ကင်ဆာ ..... ။

ကွမ်းကပေးသော ကင်ဆာ။ နေ့စဉ်ငွေပေးဝယ်၍ရသော ကင်ဆာ။ အဆိုပါကင်ဆာသည် ခံတွင်းကင်ဆာအဖြစ် ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေနိုင်သည်။ ကွမ်းစားသုံးသူ၏ ခံတွင်းထဲ၌ အချွဲမြှေးခြောက်နေခြင်းကို သွားနှင့်ခံတွင်းဆရာဝန်ထံ ပြသခြင်းဖြင့် အဖြေရှာသင့်ပါသည်။

ကွမ်းစားသူတိုင်း ခံတွင်းကင်ဆာမဖြစ်သော်လည်း ခံတွင်းကင်ဆာရောဂါသည် ကွမ်းစားဓလေ့ကြောင့် ဆိုသည်ကို ကျန်းမာရေးဆရာဝန်တိုင်းက လက်ခံထားကြသည်။ ပါးစပ်အတွင်းမှ မလိုလားအပ်သော အနံ့ဆိုးနှင့်အတူ အချွဲမြှေးများက ခြောက်ကပ်လာသည်။ ပါးစောင်က ခြောက်ကပ်လာသည်။ လျှာဖြင့်စမ်းသပ် ကြည့်ပါက ခြောက်၍ကြမ်းတမ်းနေတတ်သည်။ မိမိလျှာဖြင့် ပါးစပ်ကို ပွတ်တိုက်ကြည့်ပါက ချောနေလျှင်၊ ချွဲတဲတဲဖြစ်နေလျှင် ကင်ဆာရောဂါလက္ခဏာ စသည့်လက္ခဏာဖြစ်သည်။

အမိနိုင်ငံတွင် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၀နှစ်တာကာလအတွင်း ကျောင်းသားလူငယ်များ ကွမ်းစားသုံးမှုအရေအတွက် သုံးဆပိုလာကြောင်း ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ညွှန်းဆိုသည်။ ကွမ်းစားသုံးသူ ၁၀၀ တွင် ၁၀ ဦးက ခံတွင်းကင်ဆာရောဂါကို သယ်ဆောင်ကြသည်။ ကွမ်းကြောင့် ကင်ဆာ ဖြစ်ပွားမှု၊ ခံတွင်းအနာပေါက်မှု ၈ ဒသမ ၅ ရာခိုင်နှုန်းအထိရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးတွင် ကင်ဆာရောဂါဖြစ်သူ အသက် ၁၈ နှစ်အထက် လူငယ် ၅၄၂ ဦးအထိဖြစ်လာကြောင်း ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံက ညွှန်းဆိုသည်။

မိမိအာဟာရဖြစ်မည့်အစာကို ငွေဖြင့်မဝယ်ယူကြဘဲ မိမိခန္ဓာကိုယ်ကို လူရာမဝင်အောင် အသေဆိုးနှင့်သေစေသော ကြောက်စရာကင်ဆာရောဂါဆိုးကို နေ့စဉ်ငွေပေး၍ မှီဝဲနေကြသည်။ လူမြင်ကွင်းဝယ် ခန္ဓာကိုယ်အာဟာရဖြစ်စေသော အစာအာဟာရအဖြစ် ဟန်ဆောင်၍ နေ့စဉ်လွှမ်းမိုးနေသည်။ နေ့စဉ်ငွေရာထောင်ချီ၍ ကုန်နေသည်။

ငွေကြေးအကုန်ခံ၍ နေ့စဉ်မှီဝဲသော အာဟာရအစာတစ်ခုက တစ်နေ့ မိမိ၏သေခြင်းကို ဖိတ်ခေါ်လာသူဖြစ်ကြောင်း စားသုံးသူပင်မသိ ဘာသိဘာသာနေလိုက်ပြီး စားသုံးမှီဝဲနေကြသည်။

ရောင်းချသော ဈေးဆိုင်ကလေးများကလည်း လမ်းဘေးဝဲယာတွင် အလွယ်တကူရနိုင်သည်။ ဝယ်နိုင်သည်။ ရထားပေါ်၊ ကားပေါ်၊ သင်္ဘောပေါ်များမှာပင် သူတို့ နယ်မြေကြီးစိုးနေကြသည်။ အလွယ်တကူ စားသုံးနိုင်အောင် ပလတ်စတစ်ထုပ်ကလေးများဖြင့် ထုပ်ထားသည်။ အလွယ်တကူ စားသုံးမှီဝဲလိုက်ကြသည်။

ထိုအရာကား အခြားမဟုတ် 'ကွမ်းယာ'။

ကွမ်းယာကို နိုင်ငံတစ်ဝန်း နေရာတိုင်း၊ အချိန်တိုင်း တွေ့ကြရသည်။ မှီဝဲစားသုံးကြရသည်။ မြို့နေ၊ တောနေလူဦးရေ၏ ထက်ဝက်ခန့်က ကွမ်းယာစားသုံးမှုအဖြစ် နေရာယူနေကြသည်။

လူမှုရေးလောကဝတ်တွင် ကွမ်းစား၊ ဆေးသောက်ကို ရိုးရာညှော့ဝတ်လုပ်ငန်းအဖြစ် ရှေးမြန်မာမင်းများလက်ထက်ကပင် ခံယူဝတ်ပြုနေကြသည်ကတော့ မှန်ပါသည်။

သို့သော် ..... အစဉ်အလာ မလုပ်သင့်ပါ။ 'စဉ်' ထား၍ 'လာ' ကြခြင်းသာဖြစ်သည်။

အစဉ်အလာမလုပ်ဘဲ၊ ဝတ္တရားဟူ၍ မသတ်မှတ်ဘဲ ရှောင်ကြဉ်ကြမည်ဆိုလျှင် တစ်နေ့တွင် ဒီဓလေ့စရိုက်ဆိုးကလည်း ကွယ်ပျောက်သွားကြရမည်သာ ဖြစ်သည်။

"ကွမ်းစား ဆေးသောက်" ဟူ၍ ပေါ့ပေါ့လေးပြောပြီး ပေါ့ပေါ့လေး လုပ်ခဲ့ကြသောကြောင့် "ဓလေ့" အသွင်ဟန်ဆောင်၍ လူ့ခန္ဓာကိုယ်ကို နှိပ်စက်နေကြောင်း၊ သေမင်းဆီ လက်တွဲခေါ်ခဲ့ကြောင်း မသိကြတော့ပါ။

ကျန်းမာရေးအသိ၊ ကျန်းမာရေးဗဟုသုတကို သိအောင်လည်းမလုပ်၊ ရှာမှီးခြင်းလည်းမရှိ။ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းကို နိုင်ငံကြီးသားများက ဖယ်ရှားကုန်ပြီ။ ယဉ်ကျေးသော နိုင်ငံသားတိုင်းက လူ့ဝန်းကျင်တွင် သန့်ရှင်းမှုကိုလည်း အကျည်းတန်စေနိုင်ကြောင်း လက်ခံယုံကြည်ကြပါသည်။

ကွမ်းကို တစ်နေ့ကုန်ကျစရိတ် ငွေကျပ် ၅၀၀-၁၀၀၀ စားသောလူတန်းစား။ တစ်နေ့ငွေကျပ် ၂၀၀၀-၃၀၀၀ ကုန်သောလူတန်းစား။ နေရာအနှံ့ပေါ်များနေသော မြို့ပြ၏ပြယုဂ် ကွမ်းယာဆိုင်များက ၂၄ နာရီ တွေ့မြင်နိုင်သည်။

ကွမ်းကို စည်းကမ်းရှိရှိစားလျှင်၊ ဝါးလျှင် လူမှုရေးနယ်ပယ်၌ ပြဿနာမရှိ။ တွေ့သည့်နေရာ ထွေးချလိုက်ကြသည်။ "ကွမ်းတံတွေးမထွေးရ" ဆိုင်းဘုတ်စာတန်းပေါ်၌ပင် ကွမ်းတံတွေးများ ရဲရဲနီသွားကြပြီ။ ကွမ်းတံတွေးများက မြို့၏အင်္ဂါရပ်ကို အကျည်းတန်အရုပ်ဆိုးစေသည်။ ဝန်းကျင်အလှကို ဖျက်ဆီးလိုက်ကြသည်။

ကွမ်းယာရောင်းသော ဆိုင်များတွင် ကွမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ အိန္ဒိယဆေးမျိုးစုံများ ပူးတွဲရောင်းချသည်ကို တွေ့ကြရသည်။ ကွမ်းနှင့်အလားတူ Shikhar ဆေးများက နေရာယူလာကြသည်။ တစ်ထုပ်လျှင် ငွေ ၅၀-၁၀၀ ပေးလိုက်က အိန္ဒိယဆေးတစ်ထုပ် ရနိုင်သည်။ ဆေးငုံကြသူများ၏ ပါးစပ်ခံတွင်း၌ ရောဂါတစ်မျိုးကို ဖန်တီးလိုက်သည်။ 'ကင်ဆာ' ရောဂါ .....။ အမှုမဲ့ အမှတ်မဲ့ဝယ်ယူသုံးစွဲရာမှ လတွေ၊ နှစ်တွေကြာလာသောအခါ ကုစား၍မရနိုင်သော သေမင်း၏တမန်တော်ရှေ့ပြေးတပ်သား 'ကင်ဆာ' ဟူ၍ အမည်တပ်လိုက်ပြီး ကုစားမရနိုင်သော ရောဂါ ဆိုးကြီးအဖြစ် ငွေကုန်သော်လည်း အသက်မမီလိုက်သော အခြေအနေသို့ ရောက်လာသည်။

ကွမ်းစားခြင်း၊ ဆေးစားခြင်း၊ ကွမ်းဝါးခြင်း၊ ဆေးဝါးခြင်း အတတ်ပညာသည် အိမ်နီးချင်းနိုင်ငံအိန္ဒိယမှ တစ်ဆင့်ခံဓလေ့ဖြစ်သည်။ မြန်မာ့နန်းတွင်းဓလေ့တွင် "ကွမ်းစားခြင်း၊ ကွမ်းအစ်၊ ကွမ်းဖိုး" တို့ကို တွေ့မြင်ကြရသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်မှု အပေါ် ကျေအေးစေရန် ကွမ်းဖိုးပေးခဲ့ရသည်။

မြန်မာ့သမိုင်း ပုဂံရာဇဝင်မှတ်တမ်းတစ်ခုတွင် အိမ်ရှေ့မင်းသားသီဟသူက လာလမ်းကြောင်းကို မဖယ်ပေး၊ အရိုအသေမပြုသော အမတ်ကြီးရာဇသင်္ကြန်၏ အင်္ကျီလက်ပေါ်သို့ ကွမ်းတံတွေး ထွေးချခဲ့သည်။

ရခိုင်မင်းကြီးက ကွမ်းစားပြီး နန်းတော်တိုင်ကို ထုံးဖြင့်တို့ခဲ့မိ၍ ကိုယ့်ထုတ်ပြန်ချက် ဥပဒေအတိုင်း ကိုယ်တိုင်ကိုယ့်လက်ညှိုးကိုယ် ပိုင်းဖြတ်ခဲ့သည်။

ရတနာပူရ စေတုတ္တရာမြို့တည်မင်းတရားကြီး၏ မိဖုရားခေါင်ကြီးက ကွမ်းသုံးဆောင်သောအခါ ထွေးပစ်သောကွမ်းရည်က ပန်းရောင်အဆင်းဖြစ်ကြောင်း စားတော်ဆက်သခဲ့ရာ အချိန် ၅၀ရှိ ငွေဖလားကို ချီးမြှင့်တော်မူခဲ့သည်။

ယခုခေတ်ဝယ် ကွမ်းယာဆိုင်များမှ စပ်ပြီးထုံး၊ နပ်ပြီးဆေး၊ ယာပြီးကွမ်းယာများက ပလတ်စတစ်အိတ်ကလေးတွေဖြင့် စားသုံးသူ၊ မှာကြားသူအတွက် အသင့်အနေအထားမှာ ရှိနေကြသည်။

ကွမ်းစားရာ၌ ကွမ်းသီးတွင်ပါသော (Arecoline) အေရီကိုလင်းဓာတ်က ခန္ဓာကိုယ်ကို လန်းဆန်းစေသည်။ တက်ကြွစေသည်။ စိတ်ကိုငြိမ်သက်စေသည်။ အကြောအချဉ်ပြေစေသည်။ ထုံးဓာတ်က တံတွေးကိုပိုထွက်စေသည်။

ကွမ်းယာတွင်ရှိသော (Alkaloid) အယ်လ်ကာလွိုက်၊ (Polyphenals) ပေါ်လီဖနယ်များက ဘေးထွက်ဆိုးကျိုးအနေဖြင့် လူကိုကင်ဆာဖြစ်စေနိုင်စွမ်းသည့် သွားနှင့်ခံတွင်းဆိုင်ရာရောဂါများ ဖြစ်စေသည်။ သွားဖုံးရောင်ရောဂါ၊ မျိုးစုံလှသော အပိုဒုက္ခ၊ အပိုငွေကုန်ကျမည့် ဝဋ်ဒုက္ခများ၊ ကြောက်စရာ ကင်ဆာရောဂါဆိုးကြီးကို ယနေ့ပင် ဖယ်ရှားလိုက်ကြပါစို့ .....။

နေ့စဉ်ငွေပေးဝယ်နေကြသော ကွမ်းယာသည် ကင်ဆာရောဂါကို ဖြစ်စေပြီ .....။

## အမ်းမြို့နယ်တွင် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အမ်း ဇူလိုင် ၂၃**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ကျေးလက် ညွှန်ကြားရေးမှူး ဦးထွန်းဝေသည် အမ်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီနှင့် ဝန်ထမ်းများလိုက်ပါပြီး ဇူလိုင်လတတိယပတ်က အမ်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမ်းမြောက် ကျေးရွာအုပ်စု စမ်းကြီးကျေးရွာ၌ တည်ဆောက်ထားသည့် သစ်သားတံတား အလျားပေ ၇၀၊ အကျယ်ခုနစ်ပေ၊ အမြင့် ၁၃ ပေကို လူထုဗဟိုပြုစီမံကိန်း ပထမပိုလျှံငွေကျပ် ၁၂၀၀၀၀၊ ဒုတိယရန်ပုံငွေအဖြစ် ငွေကျပ် ၇၈၀၀၀၀ စုစုပေါင်းငွေကျပ်သိန်း ၈၀ ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိနေသည်။

ထပ်မံ၍ အမ်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ထောက်ပံ့ရန်ပုံငွေအဖြစ် ပထမစီမံကိန်းမှာ ငွေကျပ်သိန်းပေါင်း ၁၁၄၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း ဒုတိယစီမံကိန်းအဖြစ် ငွေကျပ်သိန်းပေါင်း ၁၀၆၀၀ ဖြင့် မြို့နယ်အတွင်း ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အချိန်မီလုပ်ငန်းပြီးစီးနိုင်ရေးနှင့် စီမံကိန်းကာလမှာ လေးနှစ်ဖြစ်သည်ဟု အမ်းကျေးလက်ဦးစီးမှူးက ပြောသည်။

(၁၅၇)



## ဦးပိန်တံတားသို့ ပထမခြောက်လအတွင်း နိုင်ငံခြားသားနှစ်သိန်းနီးပါး လာရောက်

**အမရပူရ ဇူလိုင် ၂၃**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်သော အမရပူရမြို့နယ်ရှိ ကမ္ဘာကျော်ဦးပိန်တံတားကြီးသို့ ၂၀၁၆ ခုနှစ် ပထမခြောက်လနှင့် ဇူလိုင်လဝက်အတွင်း နိုင်ငံခြားသားဧည့်သည်နှစ်သိန်းနီးပါး လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ မိုးရာသီတွင် နိုင်ငံခြားသားဧည့်သည်များ လာရောက်မှု နည်းပါးသော်လည်း ဆောင်းရာသီနှင့် နွေဦးရာသီတို့တွင် အများဆုံးဝင်ရောက်မှု ရှိကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်တွင် ဦးပိန်တံတားကြီးသို့လာရောက်လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များမှာ ပြင်သစ် ၂၂ ဦး၊ ဂျာမနီ ၁၃ ဦး၊ စပိန် ၂၀၊ USA ရှစ်ဦး၊ ဗြိတိန် ၁၂ ဦး၊ တောင်ကိုရီးယား ၄၀၊ ထိုင်း ၅၅ ဦးနှင့် တရုတ် ၁၈ ဦးတို့ လာရောက်လည်ပတ်ခဲ့ကြောင်း ဧည့်စာရင်းမှတ်တမ်းများအရ သိရသည်။ တောင်သမန်အင်းအတွင်း ပြည်တွင်းပြည်ပဧည့်သည်များ ငှက်လှေများကို အပျော်စီးခဲ့ကြသည့်အပြင် မန္တလေးမြို့နေဝင်ဆည်းဆာအလှကို ငှက်လှေများစီးပြီး ကြည့်ရှုခံစားကြကြောင်း သိရသည်။ ငှက်လှေတစ်စီး ငှားရမ်းခမှာ ငွေကျပ် ၁၂၀၀၀ နှုန်းဖြစ်ကြောင်း တောင်သမန်အင်းငှက်လှေများအသင်းထံမှ သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## ရခိုင်ပြည်နယ်တွင် မူခင်းကျဆင်းရေး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၂၃**

ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသော မြို့မိမြို့ဖများ၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင်က ပြောသည်။

ရဲမှူးကြီးက ပြည်နယ်အတွင်းတွင် ဖြစ်ပွားသော ပြစ်မှုများကို လေ့လာကြည့်လျှင် ယာဉ်တိုက်မှု၊ ရိုက်နှက်မှုများပြားသည်ကို တွေ့ရှိရကြောင်း၊ အခြားအမှုများမှာ နည်းပါးကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုမရှိခြင်း၊ ကျေးလက်ဒေသများတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များ တက်ရောက်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်းများကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ အခြားအမှုများကို လေ့လာကြည့်ပါက အဖြစ်များသည့် အမှုများမှာ အရက်သေစာ သောက်စားခြင်းကြောင့် ဖြစ်ပွားမှုများသည်ကို တွေ့ရကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ပြည်နယ်တွင်းသို့ တစ်စတစ်စ တိုးဝင်လာမှုများရှိလာပြီး ပြည်နယ်ကို ခြိမ်းခြောက်လာနေသဖြင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းများကို စနစ်တကျ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ယခုထက်ပူးပေါင်းပါဝင်လာပါက မရှိသလောက်နည်းပါးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဝင်းနောင်က ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် စာသင်ကျောင်းများတွင် ကျောင်းသားလူငယ်များ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေသော အသံချဲ့စက်ကျယ်လောင်စွာဖွင့်ကာ မြို့ပေါ် လှည့်လည်ခြင်းများကို တားဆီးပညာပေးခြင်း၊ မီးဘေးစိုးရိမ်သည်ကို တင်ပြလာသည့်အတွက် တရားမဝင်လောင်စာဆီ သိုလှောင်ခြင်းများကို ဖမ်းဆီးအရေးယူခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သော မှတ်ပုံတင်မဲ့ဆေးဝါးများ၊ ဆေးဝါးအတုများကို ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာရှာဖွေဖမ်းဆီးအရေးယူခြင်း၊ အများပြည်သူအပန်းဖြေသောနေရာများတွင် ဝိုင်းဖွဲ့အရက်သေစာသောက်စားခြင်းများကို တားဆီးပညာပေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း ပြောသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာသော ရပ်မိရပ်ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ သတင်းမီဒီယာများမှတင်ပြအကြံပြုဆွေးနွေးကြပြီး ရဲမှူးကြီးစိန်လွင်က လိုအပ်သည်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်(အထက)၊ ဆဋ္ဌမတန်းမှ မမီမီအောင်၏ မိခင်အမည်မှန်မှာ ဒေါ်စပါယ်သင်း ၃/ဘအန(နိုင်) ၁၂၉၀၈၉ ဖြစ်ပါကြောင်း။

**ဒေါ်စပါယ်သင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ တလုပ်မြို့ အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းသန္တာ ၏ ဖခင် ဦးမောင်အောင် နှင့် ဦးဝင်းအောင် ၉/မခန(နိုင်)၂၃၈၀၄၀ သည် တစ်ဦးတည်း ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လုံး ၁၀/ကမရ(နိုင်) ၀၇၅၁၅၆၏ Passport ( No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းရွှေဝင်း ၃/ကကရ(နိုင်)၁၄၁၅၅၂ ၏ Passport ( No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ထွန်းနိုင် ၁၀/ကမရ(နိုင်)၁၂၃၂၈၈၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဝင်းလှိုင် ၁၀/ပမန(နိုင်) ၁၈၆၁၄၉၏ Passport (No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၈၂၃၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ပြန်ကြားရေးဝန်ကြီးဌာန

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲ နှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ

(နိုင်ငံရေးစာပေစာတမ်း ၁၈ စောင်ဖတ်ကြားမည်ဖြစ်ပြီး စာအုပ်ဆိုင်ခန်းပေါင်း ၁၆၀ တို့က အထူးနှုန်းဖြင့် ရောင်းချပေးပါမည်။)

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၉ - ၃၀ - ၃၁ ရက် (နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ)    ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD) ဗဟိုပုံနှိပ်စက်ရုံဝင်း၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် အဘူဟူစိန် KMW-126786၏ Passport (No.မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၁၂)၊ ရပ်ကွက်(၁၂)၊အိမ်အမှတ်(၁၂/၁၆၂)၊ ကောင်းဆာလမ်းနေ ဦးအောင်ဝင်း၏သား စိုင်းကိုကို(ခ) စိုင်းကောင်းမင်းစံ ၁၃/လရန(နိုင်) ၁၈၉၆၆၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/1891 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

### ပြန်ကြားရေးဝန်ကြီးဌာန

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲ နှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ

ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD) ဗဟိုပုံနှိပ်စက်ရုံဝင်း၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဇူလိုင်လ ၂၉ ရက်နေ့မှ ၃၁ ရက် (သောကြာ၊ စနေ၊ တနင်္ဂနွေ) နေ့ အထိ (၃) ရက်တိုင်တိုင် ကျင်းပပြုလုပ်သော နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် နိုင်ငံရေးစာပေ ရေးသားသော စာရေးဆရာများက စာတမ်း (၁၈) စောင်အား (၃) ရက်တိုင်တိုင် ဖတ်ကြားဟောပြောကြမည် ဖြစ်ပါသည်။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့်အတူ အောက်ပါစာအုပ်ဆိုင်များက စာအုပ်စာပေများအားအထူးနှုန်းဖြင့်ရောင်းချကြမည်ဖြစ်ပါသည်။ပါဝင်ရောင်းချမည့် စာအုပ်ဆိုင်များမှာ မဇ္ဈိမ၊ ဦးအေးညို (ဘညို)၊ ပြည့်စုံ၊ ကျော်မွှေးစာပေ၊ Unity၊ သူရိယ၊ ပါရမီ၊ စိတ်ကူးသစ်၊ လဝန်းရိပ်၊ သီဟရတနာ၊ KKH၊ ဓာတ်ပုံထိန်ဝင်း၊ စိန်မိုးယံ၊ အဖြူရောင်၊ iMyanmar၊ အရွယ်၊ စာပေဗိမာန်၊ PMP၊ ဖေသော်ရီ (သာကေတ စာရေးဆရာအသင်း)၊ ရန်အောင်စာပေ၊ ပဥ္စဂံ၊ လင်းသစ်ရောင်စဉ်၊ Wisdom House၊ အားမာန်သစ်၊ ပန်းမြိုင်လယ်စာပေ၊ ဆန်းစသော်တာ၊ သာလွန်၊ မုံရွေး၊ မျက်ပွင့်၊ ဘုမ္မာဝတီ၊ ခေတ်ပြတိုက်၊ နှင်းဆီဖြူ၊ The Key၊ နှစ်ကာလများစာပေ၊ အရုဏ်သစ်၊ ရုပ်ပြောင်၊ ပန်းရွှေပြည်၊ ကောင်းဆုသာ၊ စာအုပ်ဈေး၊ သရဖီထွန်းဝင်း၊ လင်းလွန်းခင်၊ စောဦး၊ ရတနာပုံ၊ အောင်မြတ်ကျော်၊ ပြုံးစာပေ၊ နေစေး၊ ရာပြည့်၊ ရှုတိုင်းယဉ်၊ နန်းဒေဝီ၊ သားနဲ့သမီး၊ မှဝံ၊ မြန်မာ့ရတနာ၊ စာပေလောက၊ ကုံကော်ဝတ်ရည်၊ Today၊ Quality Publishing House၊ ဆုပြည့်စုံထွန်းစာပေ၊ နေရီရီ၊ လောကသရဖူစာပေ၊ နဂါးပျံ၊ Home၊ ဒေါင်းစာပေ၊ ရတနာသိုက်စာပေ၊ ဟိန်းစာပေ၊ တိုးမြစ်၊ လင်္ကာဒီပ၊ ပညာရွှေတောင်၊ မြနန္ဒာ၊ မိုးကျော်စာပေ၊ ဇေယျာမြေ၊ ခရေဖူး၊ သစ္စာမဏ္ဍိုင်၊ MyanmarBookCentre၊ သက်ခိုင်၊ Fame၊ ထွန်းဖောင်ဒေးရှင်း၊ ဒိုင်နက်စတီ၊ စာပေနန်းတော်၊ တောရိုင်းနှင်းဆီ၊ ဝါးလည် Society၊ MKS (Myanmar Knowledge Society)၊ မြန်မာ့ခေတ်စာပေ၊ နွယ်နီ၊ စိတ်ကူးချိုချို၊ Momentum Book Publishing၊ လွင်ဦးစာပေ၊ မေတ္တာရှင်စာပေ၊ ရွှေပဒေသာ၊ ယဉ်မျိုး၊ ဟာကြီး (အဟောင်းဆိုင်)၊ အမြင်သစ်၊ ပွကြီးစာပေ၊ မိုးကျော်စာပေ၊ အောင်သူစာပေ၊ ဇော်စာပေ၊ ဇော်မိုးစာပေ၊ မြင့်အောင်၊ မျိုး၊ အုန်းဇော အပါအဝင် စာအုပ်ဆိုင်ခန်းပေါင်း (၁၆၀) ခန့်က ၁၀% မှ ၅၀% နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချပေးပါမည်။ ၎င်းအပြင် လေးအုပ် ၁၀၀၀၊ ငါးအုပ် ၁၀၀၀ ပုံရောင်းမည့်ဆိုင်များ၊ ရှေးဟောင်းရှားပါးစာအုပ်ရောင်းချမည့်အဟောင်းဆိုင်များ ပါဝင်ကြမည် ဖြစ်ပါသည်။ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲအား နားထောင်ရင်း စာအုပ်ဈေးပွဲတော်သို့ မည်သူမဆို ဝင်ကြေးမရှိ တက်ရောက်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

### ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၀)သိန်းလှူဒါန်းခြင်း



**ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၂၃၈)နေ ကွယ်လွန်သူ ဦးခင်မောင်ကြီးအား ရည်စူး၍ ကျန်ရစ်သူဇနီး-ဒေါ်မြဦးနှင့်သမီးများမှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်(၁၀)သိန်းတိတိ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး-ဦးပြုံးနှင့် လက်ထောက်-အုပ်ချုပ်ရေးမှူး-ဦးအုံးမြင့်တို့မှ လက်ခံရယူစဉ်။**

### အများသိရှိရန်ကြေညာချက်

တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ အနောက်မြို့ပတ်လမ်းတွင်ရှိသော အမှတ် ၂၃၇၊ နယ်မြေ(၂)မြေကွက်အား ကျွန်တော် ဦးမြသောင်းမှ ဦးချစ်စိန် ပါ(၅)ဦးထံမှ ဝယ်ယူခဲ့ပါသည်။ ကျွန်တော်ဝယ်ယူခဲ့သော မြေကွက်ကို ကျွန်တော် ဦးမြသောင်းအမည်ဖြင့် ဂရန်သစ်မြေစာရင်း မြေပုံ(၁၀၅)ရေးဆွဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရုံးများနှင့် ကျွန်တော်ဦးမြသောင်းထံသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြသောင်း ၁၃/တကန(နိုင်)၀၈၃၄၈၀**
**အမှတ် ၂၃၇၊ အနောက်မြို့ပတ်လမ်း၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

### ငှားမည်

**အထည်ဆိုင်(သို့) အပ်ချုပ်ဆိုင်ဖွင့်ရန် သဃ်န်းကျွန်းဈေး တစ်လငါးသောင်း(ညှိနှိုင်း)**

**ဖုန်း-၀၉-၇၉၅၃၂၇၁၈၄**

### မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ ပဥ္စမတန်း(က)မှ မောင်ခန့်မင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဆွေ၁၃/တကန(နိုင်)၁၇၃၅၂၉ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ဆွေ**

### ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ ပဥ္စမတန်း(ခ)မှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်လင်း ၉/တသန(နိုင်) ၁၁၄၀၆၇ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်လင်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၅)၊ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် မြေကွက်အမှတ် ၈၃၀၊ ဧရိယာ ၀ဒသမ ၁၁၂ဧကအစား မြေကွက်အမှတ် ၈၃၃ ဧရိယာ ၀ဒသမ၂၂၆ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
You are in Free Mode.
Search
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံခန့်ခွဲရေးဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း၊ ပဲခူးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သင်တန်းကျောင်းရှေ့မျက်နှာစာအုတ်တံတိုင်း(၂၀၀')ပေါ်တွင် ဘရိတ်ခါး သွပ်ဆူးကြိုးလိပ် ကာရံခြင်းနှင့် ဆိုင်းဘုတ်ပြောင်းလဲ ရေးထိုးခြင်းလုပ်ငန်း
၂။ ကျောင်းအုပ်နှင့် ဆရာများနေအိမ်အဝင်တံခါးများတွင် သံပန်းတပ်ဆင်ခြင်း လုပ်ငန်း
၃။ ဂိတ်တဲနှစ်ခုဆောက်လုပ်ခြင်းလုပ်ငန်း (၈'×၆'×၁၂')
၄။ သင်တန်းကျောင်းတောင်ဘက်အုတ်တံတိုင်းခြံစည်းရိုး (၁၇၂') ကာရံခြင်းနှင့် ဘလိတ်ခါးသွပ်ဆူးကြိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၇-၂၀၁၆ရက်
**တင်ဒါပုံစံပိတ်ရက်/အချိန်** - ၂၅-၈-၂၀၁၆ရက်

တင်ဒါစည်းကမ်းများနှင့် လုပ်ငန်းချက်အလက်များကိုသိလိုပါက သားဖွားသင်တန်းကျောင်း၊ ပဲခူးမြို့ ဖုန်း-၀၅၂-၂၂၂၂၅၄၉၊ ၀၉-၄၂၈၁၄၉၆၀၅သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်တာဝန်ယူဆောင်ရွက်မည့်လမ်း/တံတား လုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူလိုသည့် လုပ်ငန်းခွင်သုံးပစ္စည်းများ၏ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာများကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မြောက်ဦးခရိုင်တွင် ၂၅-၇-၂၀၁၆ ရက်မှ ၂၉-၇-၂၀၁၆ရက် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၈-၂၀၁၆ရက် ၁၀း၀၀နာရီ
၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၈-၂၀၁၆ရက် ၁၂း၀၀နာရီ
၃။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ ဖုန်း-၀၄၃-၅၀၂၈၃
၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)**
**Lab Equipments, Office Equipments and Furniture များအား**

## Open Tender ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အောက်ဖော်ပြပါ Lab Equipments, Office Equipments and Furniture ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Open Tender တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

**Lab Equipments**
(1) Engineering Chemistry Lab Equipments
(2) Mobile Hydraulic TP802
(3) Controller Package for electro-pneumatic using FluidSIM and Easyport
(4) Muffle Furnace (1700°C)
(5) Thermal Conductivity Apparatus DR-FD 120A
(6) Air Permeability Testing Machine
(7) Induction Furnace(0.25 ton)
(8) Hydraulic Press
(9) Welding Machine MMA-200
(10) Density Tester (XQK-02)
(11) Thermal Shock Tester
(12) Refractoriness Tester (BE-CH-50B)
(13) Microwave Oven(PT-1700D)
(14) Compressive Tester (HZ 1009E30T)

**Office Equipment**
(1) Desktop Computers
(2) UPS
(3) Printer (Canon LBP 2900B)
(4) Copier (Canon IR 3245)
(5) Projector and Screen
(6) Generator (200KVA)

**Furniture**
(1) ဆက်တီ(ကျွန်း)
(2) ကွန်ပျူတာစားပွဲ
(3) ဗီရို (Show Case)
(4) ဗီရို (မှန်-သစ်သား) ၆ပေ-၃ပေ-၁ပေ
(5) ဗီရို (Leeco CB03)၃ပေ-၁ပေ-၆လက်မ
(6) 4 drawer cabinet
(7) Leeco locker
(8) Meeting table (၄ပေ-၂ပေ၆လက်မ-၂ပေ၆လက်မ)2 side
(9) လက်တွေ့သုံးစားပွဲ(၈ပေ-၄ပေ-၂ပေ၅လက်မ)
(10) လက်တွေ့ခန်းသုံးသစ်သားခြေနင်းခုံ(၃ပေ-၂ပေ၆လက်မ-၄ပေ)
(11) Lifted floor
(12) ရိုးရိုးစားပွဲ
(13) ဖိုင်တင်စင်(၆ပေ-၂ပေ၆လက်မ-၈ပေ)
(14) ဖိုင်တင်စင်(၃ပေ-၁ပေ-၃ပေ)
(15) စာအုပ်စင်(၆ပေ-၆ပေ-၂ပေ၆လက်မ)
(16) Notice Board (၆ပေ-၄ပေ)
(17) White Board (၈ပေ-၄ပေ)
(18) ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)
(19) ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ)
(20) ဆုံလည်ကုလားထိုင်
(21) ကုလားထိုင်(လက်တန်းပါ)
(22) ခုတင် (Bed Teck/Single Bed)
(23) Standard Drawing Board (T/ထိုင်ခုံပါ)
(24) Lab guage Lab (ထိုင်ခုံပါ)

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၉-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)

၃။ Open Tender အချက်အလက်များ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၂-၅၁၇၈၁၀၀၊ ၀၂-၅၁၇၈၁၇၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁၀)လုံးနှင့် ရိပ်သာ(၁)လုံး စုစုပေါင်းသိုလှောင်ရုံ(၁၁)လုံးနှင့် ရိပ်သာ(၁)လုံးတို့အားဈေးပြိုင်တင်ဒါစနစ်ဖြင့် (မြေမပါ) ထုခွဲရောင်းချမည်ဖြစ်ပါသည်-

**(က) ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁)လုံး**
Lot(1) (၁) (၁၀၀'×၅၀'×၁၅')(သွပ်၊ သွပ်၊ ကွန်)(၄၇၊ ၄၈၊ ၄၉)(၃)လုံးတွဲ သိုလှောင်ရုံ(၁)လုံး၊ နာဂသိုလှောင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်

**(ခ) ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၁၀)လုံးနှင့် ရိပ်သာ(၁)လုံး**
Lot(2) (၁) (၄၈'×၄၀'×၁၁')(သွပ်၊ ဝါး၊ ပျဉ်)(မြဲစေ့-၀၄)သိုလှောင်ရုံ(၁)လုံး၊ (၃၈)လမ်း၊ ပေါင်းတည်မြို့
(၂) (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ပျဉ်)(ကပ-၂)သိုလှောင်ရုံ(၁)လုံး၊ အမှတ်(၁)ရပ်ကွက်၊ ပေါက်ခေါင်းမြို့
(၃) (၇၀'×၄၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(ကပ-၄)သိုလှောင်ရုံ(၁)လုံး၊ အမှတ်(၅)ရပ်ကွက်၊ ပေါက်ခေါင်းမြို့
Lot(3) (၄) (၈၀'×၄၀'×၁၂') (သွပ်၊ပျဉ်၊ပျဉ်) (သိုရုံ-၂၀)သိုလှောင်ရုံ(၁)လုံး၊ ကျားအိုရွာ၊ ပန်းတောင်းမြို့
(၅) (၈၀'×၄၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(သိုရုံ-၂၁)သိုလှောင်ရုံ(၁)လုံး၊ ကျားအိုရွာ၊ ပန်းတောင်းမြို့
(၆) (၈၀'×၄၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(သိုရုံ-၂၂)သိုလှောင်ရုံ(၁)လုံး၊ ကျားအိုရွာ၊ ပန်းတောင်းမြို့
(၇) (၈၀'×၄၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်)(သိုရုံ-၂၃)သိုလှောင်ရုံ(၁)လုံး၊ ကျားအိုရွာ၊ ပန်းတောင်းမြို့
Lot(4) (၈) (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ပျဉ်)(သိုရုံ-၀၈)သိုလှောင်ရုံ(၁)လုံး၊ စိန်စိန်ဝင်း ဆန်စက်၊ လက်ပံတန်းမြို့
(၉) (၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ပျဉ်)(သိုရုံ-၀၉)သိုလှောင်ရုံ(၁)လုံး၊ စိန်စိန်ဝင်း ဆန်စက်၊ လက်ပံတန်းမြို့
(၁၀)(၈၀'×၄၀'×၁၂')(သွပ်၊ ထရံ၊ ပျဉ်)(သိုရုံ-၂၀)သိုလှောင်ရုံ(၁)လုံး၊ စိန်စိန်ဝင်း ဆန်စက်၊ လက်ပံတန်းမြို့
(၁၁)(၂၈'×၁၆'×၁၉')(သွပ်၊ ပျဉ်၊ ပျဉ်)ရိပ်သာ(၁)လုံး၊ မင်းလှမြို့

(ဂ) **တင်ဒါရောင်းချမည့်ရက်** -၂၅-၇-၂၀၁၆ရက် မှ ၂-၈-၂၀၁၆ရက်ထိ
**အချိန်** -၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ဃ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** -၄-၈-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ
(င) **တင်ဒါပိတ်မည့်ရက်/အချိန်** -၄-၈-၂၀၁၆ရက်၊ ၁၃း၀၀နာရီ
(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** -စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀) ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ ပဲခူးမြို့
(ဆ) **Deposit ပေးသွင်းရမည့်နေရာ** -ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။
(ဇ) **စာရင်းပေးသွင်းရမည့်နေရာ/ တင်ဒါတင်သွင်းရမည့်နေရာ** -စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ (၁၁)လုံးနှင့် ရိပ်သာ(၁)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၀၅၂-၂၂၂၁၂၄၉တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## CLAIMS DAY NOTICE

**M.V LORD VISHNU VOY:NO(083)**

Consignees of cargo carried by M.V LORD VISHNU VOY:NO(083) are here by notified that the vessel will arrive on about 25-7-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အာရှတော်ဝင်ဆေးရုံ

**(လူ့စွမ်းအားအရင်းအမြစ်ဌာန)**
**အမှတ်(၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၃၈၀၅၅၊ ၀၁-၂၃၀၄၉၉၉ (လိုင်းခွဲ ၁၉၂၁၊ ၁၉၁၈)**
**(ဝန်ထမ်းအမြန်အလိုရှိသည်)**

**I. Nurse** (သူနာပြု)
- B.N. Sc (or) Diploma in Nursing
- Nursing Care, Nursing Procedure များ ကျွမ်းကျင်သူ

**II. Medical Technologist**
- B.Med. Tech (Imaging (or) Laboratory)

**III. Junior Pharmacist**
- B. Pharm

**IV. Sale Staff (Pharmacy)**
- ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့) ဆေးဝါးအတွေ့အကြုံရှိသူ

**V. Cashier**
- ဘွဲ့တစ်ခုခုရရှိပြီးသူ၊ ကွန်ပျူတာ MS (Excel) ကျွမ်းကျင်သူ၊ ငွေကြေးနှင့်ပတ်သက်သည့်လုပ်ငန်း လုပ်ဆောင်နိုင်သူ

**ရာထူးအားလုံး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။**

**လျှောက်ထားလိုသူများသည်**
လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပါ ပူးတွဲတင်ပြရမည်။
(၁) သက်ဆိုင်ရာဘွဲ့၊ လိုင်စင် (Update)မိတ္တူ။
(၂) မကြာသေးမီက ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံနှစ်ပုံ၊
(သူနာပြုအတွက် သူနာပြုဝတ်စုံဖြင့် ရိုက်ထားသော ရောင်စုံ ဓာတ်ပုံနှစ်ပုံ)
(၃) မှတ်ပုံတင်မိတ္တူ၊ လေဘာမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံစာ မိတ္တူ၊

အာရှတော်ဝင်ဆေးရုံ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ၁-၈-၂၀၁၆ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။




### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No.09/DHPI/Cement/2016-2017**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရွှေလီ-၃၊ အထက်ရဲရွာ၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေ(၂၇၂၅)တန်အား သက်ဆိုင်ရာစီမံကိန်းအရောက်ဈေးနှုန်း (D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၄-၈-၂၀၁၆ ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ(၁၀)အိတ်ပေးသွင်းထားရမည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း နမူနာပေးသွင်းပြီးဘိလပ်မြေအမျိုးအစားအတွက်ဘိလပ်မြေနမူနာ ထပ်မံပေးသွင်းရန်မလိုပါ။

၃။ အရည်အသွေးနှင့်နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင်ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးရရှိသောကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊**
**နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ၀၆၇-၈၁၀၄၁၉၁**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အင်းစိန်ခရိုင်၊ သန်လျင်ခရိုင်နှင့် တွံတေးခရိုင်တို့ရှိ ရုံးသုံးပရိဘောဂပစ္စည်း (၈)မျိုး၊ ရုံးသုံးစက်ကိရိယာပစ္စည်း (၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၉)မျိုး၊ အခြားပုံသေပိုင်ပစ္စည်း (၂)မျိုး စုစုပေါင်း ပုံသေပိုင်ပစ္စည်း (၂၂)မျိုးအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တည်နေရာ** | - ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အင်းစိန်ခရိုင်၊ သန်လျင်ခရိုင်နှင့်တွံတေးခရိုင် |
| (ခ) | **တင်ဒါပုံစံရောင်းချရမည့်ရက်အချိန်** | - ၂၅-၇-၂၀၁၆ရက်မှ ၂-၈-၂၀၁၆ရက်ထိ ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| (ဂ) | **တင်ဒါစည်းကမ်းရှင်းလင်းမည့် ရက်/အချိန်** | - ၄-၈-၂၀၁၆ရက်၊ မွန်းတည့် ၁၂နာရီ |
| (ဃ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၄-၈-၂၀၁၆ရက် ၁၃း၀၀နာရီ |
| (င) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့ |
| (စ) | **Deposit ပေးသွင်းရမည့်နေရာ** | - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ |
| (ဆ) | **စာရင်းပေးသွင်းရမည့်နေရာ/ တင်ဒါတင်သွင်းရမည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရုံးအမှတ် (၅၂)၊ နေပြည်တော် |

၂။ အဆိုပါပုံသေပိုင်ပစ္စည်း (၂၂)မျိုး၏ မျက်မြင်အခြေအနေအား ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာခရိုင် (၃)ခရိုင်တို့သို့ သွားရောက်ကြည့်ရှုနိုင်ပြီး၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့် နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၁၈၂၄၊ ၀၁-၂၅၀၄၃၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(တောင်ကြီးမြို့)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်း (၄)ခုအား Lot (2) ခုခွဲ၍ ဆောင်ရွက်လိုသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) တောင်ကြီးမြို့၊ ပြည်နယ်မိုးလေဝသရုံးအုတ်တံတိုင်းခြံစည်းရိုး ကာရံခြင်း(၆၄၀' ၆''×၅'၆'')၊ ရုံးဆိုင်းဘုတ်၊ လျှောတံခါး (၁၇'×၆') (၂)ခု ပြုလုပ်ခြင်း။

(၂) ညောင်ရွှေမြို့၊ မိုးလေဝသနှင့်ဇလဗေဒရုံး(၄၀'×၂၅'×၁၂')၊ ဝန်ထမ်းအိမ်ရာ (၁၈'×၁၄'×၁၀') (ရေမီး၊ရေအိမ်အပါအဝင်) အုတ်ညှပ်တစ်ထပ်ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းခြံစည်းရိုး (၆၈၀'×၅'၆'')၊ လျှောတံခါး(၁၇'×၆') (၂)ခု ပြုလုပ်ခြင်း၊ ကိရိယာဝင်းခြံဆောက်လုပ်ခြင်း(၃၆'×၂၄'×၄')။

(၃) ကွမ်းလုံမြို့ဇလဗေဒရုံး(၂၄'×၁၈'×၁၀'၆'') အုတ်ညှပ်တစ်ထပ်ဆောက်လုပ်ခြင်း။

(၄) ကျောက်မဲမြို့ မိုးလေဝသရုံး (၃၅၀'×၅') အုတ်ခြံစည်းရိုးကာရံခြင်း။

| | | |
|---|---|---|
| (က) | **တင်ဒါရောင်းချမည့်ရက် အချိန်နှင့်နေရာ** | - ၂၅-၇-၂၀၁၆ရက် ရုံးချိန်အတွင်း၊ ပြည်နယ်မိုးလေဝသရုံး၊ တောင်ကြီးမြို့။ |
| (ခ) | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** | - ၈-၈-၂၀၁၆ရက် ၁၆း၀၀နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်နေ့ရက် အချိန်နှင့်နေရာ** | - ၁၂-၈-၂၀၁၆ရက် ၁၀း၀၀နာရီ၊ ပြည်နယ်မိုးလေဝသရုံး၊ တောင်ကြီးမြို့။ |

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ် မိုးလေဝသရုံး၊ ဖုန်း-၀၈၁-၂၁၂၁၆၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ပြောင်းလဲခေါ်ဆိုပါရန်

တန့်ယန်းမြို့၊ အထက(၁)၊ စတုတ္ထတန်းမှ စိုင်းခေးနွမ်လှိုင်းအား စိုင်းခေးနွံလျှန်းဟုပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်ဖြစ်သူ ဦးစံမြင့်အား စိုင်းမြင့်မောင် ၁၃/သပန(နိုင်)၀၆၂၅၁၃ ဟုပြောင်းလဲခေါ်ဆိုပါရန်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၅)(ထ-ခွဲ) တက္ကသိုလ်ဝင်တန်းမှ မခင်ဇာခြည်ကျော်၊ အဋ္ဌမတန်းမှ မနှင်းပွင့်ဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦး ၉/သစန(နိုင်)၁၇၆၂၅၄ ဖြစ်ပါကြောင်း။

## မြောက်ဦးဆရာတော်၏(၅၆)ကြိမ်မြောက်(ရန်ကုန်)
## အထူးအလုပ်ပေးတရားစခန်း

| | |
|---|---|
| **နေရာ** | - ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| **တရားစခန်းရက်** | - ၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၅ ရက်မှ ဝါခေါင်လပြည့်နေ့ထိ (၁၀)ရက် (၈-၈-၂၀၁၆ရက်မှ ၁၈-၈-၂၀၁၆ထိ) |
| **စာရင်းလက်ခံမည့်ရက်** | - ၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် ၃၀-၇-၂၀၁၆ရက် (စနေနေ့)နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀နာရီထိ (ဦးရေကန့်သတ်ထားပါသည်။ ဦးရာလူစနစ်ဖြင့်လက်ခံပါမည်) |
| **မှတ်ချက်။** | ။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ(၅၀၀၀ိ/)ကျပ်ကိုတစ်ပါတည်း ပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ကျန်းမာရေးမကောင်းသူများကိုလက်မခံပါ) |

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**
**ဖုန်း-၀၉-၄၂၁၁၄၃၂၀၊ ၀၉-၄၄၈၀၃၂၂၇၈**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း(က)မှ မငြိမ်းအိအိဖြိုး၊ ဆဋ္ဌမတန်း(က)မှ မစုမြတ်လှိုင်၊ ဒုတိယတန်းမှ မနှင်းရွှေရည်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ၁၄/သပန(နိုင်)၁၃၉၃၄၆ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ မြို့မရပ်ကွက်နေ ဦးဒလီးဆင်(ခ)ဦးဒီလစ်ပ်ဆင်း(ခ) ဦးဒလစ်ပ်ဆင်း(ခ)ဦးဒလီးဆင်(ခ) ဦးဒီလီဆင် (NYHE-081017) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးစိုးသိုက်၏ သမီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၃)အလက (ခွဲ) စတုတ္ထတန်းမှ မနှင်းရွှေရည်ဖူးအား မသွယ်သွယ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွယ်သွယ်အောင်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန
၀၁/၂၀၁၆-၂၀၁၇ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသား (တတိယတန်းနှင့်အထက်)အရွယ်အစားစုံ(၁၅၉.၈၃၃၉)တန်အား အိတ်ဖွင့်လေလံဖြင့် အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - (၁၀.၈.၂၀၁၆) နံနက်(၁၀:၀၀)နာရီ

(ခ) ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်းနံပါတ် - ၀၁-၃၇၂၄၄၉၊ ၀၁-၃၇၂၄၄၇၊ ၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ
သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းနေ
ဦးရွှေဘော်ဦး(ခ)ဦးဗစ်တာတင်ဦး-ဒေါ်ခင်စန်းဝင်းတို့၏သား
**ဒေါက်တာစည်သူဦး M.B.,B.S(RGN)**
**နှင့်**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၈)ရပ်ကွက်၊
ဗိုလ်ဖိုးစောလမ်းနေ ဦးသက်ဇော် ညွှန်ကြားရေးမှူး(ငြိမ်း)သစ်တောဦးစီးဌာန-
ဒေါ်မြင့်မြင့်အေးတို့၏သမီး
**ဒေါက်တာသက်ထားစံ M.B.,B.S (RGN)**

တို့သည် ၁၆-၇-၂၀၁၆ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာစည်သူဦး-ဒေါက်တာသက်ထားစံ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဝေဇယန္တာဥယျာဉ်ရိပ်သာနေ
ဦးမောင်မောင်နိုင်-ဒေါ်အေးအေးမူ(မေတ္တာမိုးပုံနှိပ်တိုက်) တို့၏သားကြီး
**မောင်ရဲမင်းမောင်**
**Master of Science in Information System, Senior Software Engineer,**
**Collateral Analytics; Hawaii, USA**
နှင့်
ရန်ကုန်မြို့၊ သံလွင်လမ်းနေ
(ဦးကြည်ဝင်း-နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်မာကြည် တို့၏သမီးကြီး
**မဆုမွန်ကြည်ဝင်း**
**Master of Business Administration (Accounting),**
**Staff Accountant, Harold D Sasaki CPA Ltd; Hawaii, USA**

တို့သည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီတွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲမင်းမောင်-မဆုမွန်ကြည်ဝင်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၈၀၈၁ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၇/သကန(နိုင်)၁၀၀၆၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

### ကွဲ့ကော်မြိုင်သာသနာ့ရိပ်သာတောရကျောင်း
### (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ကွဲ့ကော်မြိုင်သာသနာ့ရိပ်သာတောရကျောင်း ရန်ကုန်မန္တလေးလမ်းမကြီးမိုင်တိုင်အမှတ်(၁၄/၁)၊ ဇရပ်ကွင်းကျေးရွာ၊ အင်းတိုင်တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်) ၃၁-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လိုက်ပါမည့်သူများ ၄င်းနေ့ နံနက် ၇ နာရီတွင် မြို့ကွဲ့ကော်မြိုင်ကျောင်းသို့ အရောက်လာကြပါရန်။ **ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၀၁-၅၇၈၄၂၉**

## ဧယျ(၁၀၁)၊ တရားရေးအရာရှိအပတ်စဉ်(၇)
## ဝါတွင်းဆွမ်းလောင်းပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

ဧယျ(၁၀၁)၊ တရားရေးအရာရှိအပတ်စဉ်(၇)၏ ဝါတွင်းဆွမ်းလောင်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ သင်တန်းဆင်းအရာရှိများ တက်ရောက်လောင်းလှူကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃-၈-၂၀၁၆ ရက်

**နေရာ** - တရားရုံးချုပ်ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

၁၂-၈-၂၀၁၆ရက်တွင် သူငယ်ချင်းဆုံတွေ့ပြီး အငြိမ်းစားယူမည့်သူများကို ဂုဏ်ပြုပွဲပြုလုပ်ပါမည်။ အလှူငွေများကို မြသိန်း ဖုန်း၀၉-၂၅၀၁၈၇၁၉၆၊ ၀၉-၉၆၄၄၈၇၁၉၆၊ မြင့်စိုး ဖုန်း-၀၉-၂၁၇၃၁၄၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန
### ဝန်ထမ်းဟောင်းများအသင်း
### စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၄ ရက်) ၇-၈-၂၀၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၁၄ ရှိ တိပိဋကနိကာယကျောင်းတိုက်၊ ရွှေရတုသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းများနှင့် နဝကမ္မအလှူငွေများကို ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ ပြည်တွင်းအခွန်များဦးစီးဌာနဓမ္မာရုံတွင် ၃၀-၇-၂၀၁၆ ရက်(စနေနေ့)မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်းလည်းကောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည့်နေရာတွင် ၇-၈-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမတိုင်မီလည်းကောင်း ကြွရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဗိုလ်သင်တန်းအမှတ်စဉ်(၇၇)မှ ဗိုလ်ကြီးအောင်မျိုး(ငြိမ်း)(ညွှန်ကြားရေးမှူး-နတလ)၏သမီး **မစွမ်းရည်ဆက်နှင်း** (မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း)သည် **ဘာသာစုံဂုဏ်ထူး**၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး(ကွယ်လွန်)၏သား **မောင်အောင်ကျော်ကျော်စိုး**(အထက-၁၊ ဒဂုံ) သည် **၅ဘာသာဂုဏ်ထူး**၊ ဗိုလ်မှူးခင်အေး(ငြိမ်း)(မန်နေဂျာ၊ ကမ္ဘာ့ရတနာဘဏ်) ၏သား **မောင်သော်လင်းအောင်** (အထက-၁၊ ကျောက်မဲ)သည် **၅ ဘာသာဂုဏ်ထူး**၊ ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)(MEC)၏သမီး **မခင်မြတ်နိုး**(အထက-၂၊ ဗဟန်း)သည် **၃ ဘာသာဂုဏ်ထူး**၊ ဒုတိယဗိုလ်မှူးကြီး စိုးတင့်(ငြိမ်း)(MEC)၏သမီး **မပိုမိုမြတ်**(အထက၁၊ ကမာရွတ်)သည် **၂ ဘာသာဂုဏ်ထူး**၊ ဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)၏သမီး **မအိမ့်မျက်ခြယ်** (ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း) သည် **(၁)ဘာသာဂုဏ်ထူး**တို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)

မြောက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို ၇-၈-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ မပျက်မကွက် ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ပညာရည်ချွန်ဆုချီးမြှင့်ခံရသူများသည် အမှတ်စာရင်းမိတ္တူများကို ၂-၈-၂၀၁၆ရက်ကို နောက်ဆုံးထား၍ ပေးပို့ကြပါရန်။

ဆက်သွယ်လှူဒါန်းရန်-

ဦးလှစိန်ဦး ဖုန်း-၀၉-၄၂၀၀၄၉၀၉၁၊ ဦးစောသိန်း ဖုန်း-၀၉-၄၂၀၀၁၀၃၄၀၊ ဦးရွှေမောင်သာ ဖုန်း-၀၉-၅၁၆၁၁၇၇၊ ဦးမောင်သိန်းခင် ဖုန်း-၀၉-၅၀၆၇၉၈၀၊ ဒေါ်ခင်နှင်းကြည် ဖုန်း-၀၉-၂၀၄၆၁၈၂၊ ဒေါ်လှနု ဖုန်း-၀၉-၇၃၂၁၆၂၃၃ **အမှုဆောင်အဖွဲ့**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို ဩဂုတ်လစတုတ္ထပတ် နောက်ဆုံးထား၍ ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိ

## ငြိမ်းချမ်းရေးကော်မရှင်က ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ငြိမ်းချမ်းရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသိန်းဇော်၊ အတွင်းရေးမှူးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ဦးခင်ဇော်ဦး၊ အဖွဲ့ဝင်များအဖြစ် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးတို့ ပါဝင်ပြီး ဦးအောင်ကြည်ခေါင်းဆောင်သည့် အကြံပေးအဖွဲ့ဝင် (၃)ဦးနှင့် ဦးအေးလွင်ခေါင်းဆောင်သည့် အထောက်အကူပြုအဖွဲ့ဝင် (၇)ဦးတို့လည်း ပါဝင်ဖွဲ့စည်းထားပါသည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် (Nationwide Ceasefire Agreement-NCA) ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လစတုတ္ထပတ် နောက်ဆုံးထား၍ ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးကော်မရှင်က ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် (၁/၂၀၁၆) ကို ထုတ်ပြန်ခဲ့ရာ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

"၁။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကချင်ပြည်နယ်၊ မိုင်ဂျာယန်တွင်

*စာမျက်နှာ ၇ ကော်လံ ၁* ❐

## တနင်္ဂနွေဖတ်စရာ


အခွင့်အလမ်းဖွေရှာဘဝအတွက်တာ

**လူငယ်တို့အတွက် လက်တစ်ကမ်းအကွာက အခမဲ့သင်တန်းများ** *စာ - ၁၅*

ခရီးသွားဆောင်းပါး

**စိမ်းလန်းစည်ဝေ နောင်ချိုမြေသို့** *စာ - ၁၆၊ ၁၇*

မြန်မာ့ရိုးရာအားကစား

**မြန်မာပြည် ချန်ပီယံဖြစ်ရေး ဦးတည်နေသည့် အောက်မြန်မာပြည် ရိုးရာလက်ဝှေ့လောကရဲ့ နဂါးမာန်ကလပ်** *စာ - ၁၉*

**ရက်ပေါင်း ၁၀၀ မှသည် လှပသောအနာဂတ်ဆီသို့** *စာ - ၂၀*

ကျန်းမာရေး

**နေ့စဉ်ငွေပေးဝယ်နေကြသော ကင်ဆာ** *စာ - ၂၁*


# ဓာတုဗေဒပစ္စည်းများသုံးစွဲရာတွင် စနစ်တကျသုံးစွဲရန် လိုအပ်



အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ဖိနပ်ထုတ်လုပ်သည့် လုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်

**သတင်း - မြင့်မောင်စိုး**
**ဓာတ်ပုံ - အေကေလင်း**

**ရန်ကုန် ဇူလိုင် ၂၃**

မြန်မာနိုင်ငံတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်လာချိန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူများအနေဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများကို လူမှုဝန်းကျင် ဂေဟစနစ်ကို ထိခိုက်မှုမရှိအောင် ဓာတုဗေဒပစ္စည်းများအား စနစ်တကျထိန်းသိမ်း၍ အကျိုးရှိစွာအသုံးချရန် လိုအပ်လာပြီဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

"ကျွန်မတို့ မြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လင်းလာပါပြီ။ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ သက်ဆိုင်ရာလုပ်ငန်းသဘာဝအလိုက် ဓာတုဗေဒပစ္စည်းတွေကို ပိုမိုအသုံးပြုဆောင်ရွက်လာပြီဖြစ်တဲ့အတွက် ဓာတုဗေဒပစ္စည်းအသုံးပြုမှုနဲ့ Chemical Industry တွေ စနစ်တကျထိန်းသိမ်းဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ်က ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ SMEs ဖွံ့ဖြိုး

*စာမျက်နှာ ၇ ကော်လံ ၁* ❄

# မြန်မာနိုင်ငံ၌ အနောက်ဥရောပအင်ဂျင်နီယာပညာရပ်များ ပေါ်ထွန်းလာရေး မြန်မာ - ပြင်သစ် MoU လက်မှတ်ရေးထိုး

*စာမျက်နှာ - ၇*

# ဧရာဝတီမြစ်ရေ ညောင်တုန်းမြို့တွင် စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိ

**နေလင်း(ညောင်တုန်း)**

**ညောင်တုန်း ဇူလိုင် ၂၃**

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက်ကျော်လွန်ကာ ဇူလိုင် ၂၃ ရက် နေ့လယ်ပိုင်းက ၂၄ ပေသို့ ရောက်ရှိနေပြီဖြစ်သည်။ **(ယာပုံ)**

ညောင်တုန်းမြို့၏ ရေကာတာကို ၃၀ ဒသမ ၅ ပေအထိ အကြီးစားမြှင့်တင်ခြင်းကို ဆောင်ရွက်ထားသော်လည်း မြို့လူထု အနည်းငယ်စိုးရိမ်ပူပန်နေသော နေရာများဖြစ်သည့် ၁၉ လမ်း၊ ၂၂ လမ်း၊ ၂၆ လမ်း၊ ၃၆ လမ်းနှင့် ၃၈ လမ်းတို့တွင် ကမ်းမပြိုစေရေးအတွက် လှိုင်းကာများ၊ ရေကာများ၊ ရေတောင်ဝှေးများ ပြုလုပ်ထားသည်။ ဧရာဝတီမြစ်ရေမြင့်တက်နေမှုကြောင့် ညောင်တုန်းမြို့ ၁၁ လမ်း နှင့် ၁၂ လမ်းကြား၌ ရေအနည်းငယ် စိမ့်ဝင်နေသဖြင့် ဆည်မြောင်းဦးစီးဌာနက ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများကလည်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။ အန္တရာယ်ရှိနိုင်သော စံကင်းကျွန်းဘက်ခြမ်း တာဝကျေးရွာနှင့် အခြားလိုအပ်သော နေရာများတွင်လည်း ကာကွယ်ထိန်းသိမ်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

